အခန်း ( ၄၂၁ ) မိုးကြိုးသားရဲ၏အကြွင်းအကျန်၊
ကျွင်းမိသားစုမှ စီကွမ်သုံးယောက်၏ စိတ်လှုပ်ရှားမှု။

ကျွင်းရှောင်ယောက်တွင် လှည့်ကွက်များစွာရှိပြီး
ဖုံးကွယ်ထားခြင်းဖြစ်မှန်း လူတိုင်း သိကြသည်။

သို့ရာတွင် အပြင်လူများမသိသော ဂှက်ဖဲတစ်ခု ရှိ၏။

ယင်းက ကောင်းကင်ကျမ်းကိုးအုပ်မှ တစ်အုပ်
ဖြစ်ပေသည်။

ကြီးမြတ်သော ကောင်းကင်ကျမ်းကိုးအုပ်မှာ
အမြင့်ဆုံးသော အမွေအနှစ်ဟု ဆိုနိုင်သည်။
ကောင်းကင်ကျမ်းတိုင်းက လမ်းကြောင်းတစ်ခု၏
အထွတ်အထိပ်ကို ကိုယ်စားပြုပေသည်။

ဥပမာအားဖြင့်၊ ခန္ဓာကျမ်းသည် ရုပ်ခန္ဓာ၏ အထွတ်အထိပ် ဖြစ်သည်။

ယင်းက အလွန်အစွမ်းထက်ပေသည်။

အကယ်၍ တစ်စုံတစ်ယောက်က ကောင်းကင်ကျမ်းကိုးအုပ်လုံးကို စုဆောင်းနိုင်လျှင် အင်မော်တယ်လမ်းကြောင်းကိုပင် တစေ့တစောင်း ကြည့်နိုင်မည်ဟု ကောလဟာလများ ထွက်ပေါ်နေခဲ့သည်။

ထိုအတွက် ကောင်းကင်ကျမ်းကိုးအုပ်၏ တနိုဖိုးကိုတော့ ပြောနေရန်ပင် မလိုပေ။

သို့ရာတွင် ၎င်းတို့ကို ကျင့်ကြံရန်မှာလည်း

အလွန်ခက်ခဲသည်။

ကျွင်းရှောင်ယောက်၏ အခြေခံအုတ်မြစ်ဖြင့်ပင် ခန္ဓာကျမ်း၏ ပထမတွဲကို လေ့ကျင့်နိုင်ရန် အချိန်အတော်ကြာခဲ့၏။

ယခုအခါမှာတော့ တာအိုအရင်းအမြစ် အမြောက်အများကို မြင်နေရပြီဖြစ်ကာ ကျွင်းရှောင်ယောက်လည်း ထာဝရအင်မော်တယ်ခန္ဓာအား ဆက်လက် လေ့ကျင့်နိုင်တော့မည်။

ယင်းက သူ့ခွန်အားကို ကြီးကြီးမားမား မြှင့်တင်ပေးနိုင်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် တွဲလိုက်မည်ဆိုလျှင်

ယင်းက အမှန်ပင် အံ့သြဖွယ်ရာ ဖြစ်လာပေလိမ့်မည်။

ထို့ပြင် ထာဝရအင်မော်တယ်ခန္ဓာကို
လေ့ကျင့်ပြီးနောက် ခန္ဓာကျမ်း၏ ဒုတိယတွဲကို
လေ့ကျင့်နိုင်တော့မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း ယင်းကို
စောင့်မျှော်နေခဲ့မိပေသည်။

သူ့လက်ကို ဆန့်ထုတ်ပြီးနောက်
နတ်ဘုရားစွမ်းအင်အား အသုံးပြုကာ
တာအိုအရင်းအမြစ်များကို ဖမ်းယူလိုက်သည်။

သူသည် ကျွင်းမူလန်၊ ကျွင်းရွယ်ဟွမ်နှင့်
ကျွင်းရှီယုတို့အား ရတနာများစုဆောင်းရန် အခြား
မီတာတစ်သောင်းရှိသော တာအိုရေကန် သုံးခုဆီသို့

စေလွှတ်လိုက်၏။

တာအိုရေကန်ကြီးလေးခုက တစ်ခုနှင့်တစ်ခု
မဝေးသောကြောင့် တစ်ယောက်ကိုတစ်ယောက်
စောင့်ရှောက်နိုင်ကြသည်။

အခြားရေကန်တစ်ခုတွင် ပြဿနာရှိလာပါက
ကျွင်းရှောင်ယောက်မှ ချက်ချင်းလှုပ်ရှားနိုင်လိမ့်မည်။

ကျွင်းရှောင်ယောက်က တာအိုအရင်းအမြစ်
အမြောက်အမြားကို သိမ်းယူနေသည်အား
မြင်ရသောအခါ အနီးနားရှိ သတ္တဝါများလည်း
ရင်ထဲတွင် နာကျင်သွားရသည်။

ပြင်ပကမ္ဘာမှ ပါရမီရှင်များကတော့ ကောင်းသည်။
နောက်ဆုံးတွင် ဤရေကန်များက သူတို့နှင့်

ဘာမျှမဆိုင်သည့်အပြင် ကျွင်းရှောင်ယောက်၏
ခွန်အားကိုလည်း နားလည်မှုရှိသည်။ ထို့ကြောင့်
မနာလိုသည့်တိုင် စောင့်ကြည့်နေခဲ့ကြပေသည်။

ရှန်းကုသတ္တဝါများကတော့ လွန်စွာ တရားမျှတမှု
မရှိသကဲ့သို့ ခံစားခဲ့ရသည်။

ဤသည်က သူတို့ ရှန်းကုကမ္ဘာအတွက်
အခွင့်အလမ်းဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

ယုတ္တိဗေဒအရပြောရလျှင် ၎င်းတို့က အသားစားရပြီး
အပြင်လူများကတော့ အရည်မျှသာ
သောက်မျိုရသင့်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က စားပွဲကို
လက်ဖြင့် ပြောင်းပြန်လှန်ပစ်ခဲ့ပေသည်။

၎င်းရှန်းကုသတ္တဝါများလည်း အကူအညီမဲ့ရင်းဖြင့်သာ စောင့်ကြည့်နိုင်ခဲ့သည်။

၎င်းခံစားချက်မှာ ရွှေတောင်ကြီးတစ်ခုကို မြင်နေရသော်လည်း မထိတွေ့နိုင်သည့် အနေအထားမျိုးဖြစ်၍ လွန်စွာ အဆင်မပြေဖြစ်ခဲ့သည်။

'စက်ဆုပ်စရာပဲ...'

ရှန်းကုသတ္တဝါများလည်း စိတ်ထဲမှ ကျိန်ဆဲလိုက်ကြသည်။

သို့သော်လည်း သူတို့က မတုံးပေ၊ ကျွင်းရှောင်ယောက်က သူ၏ ကိုယ်ပိုင်ခွန်အားကို သက်သေပြခဲ့ပြီး ဖြစ်သည်။

လူ့အရေအတွက်က သာနေလျှင်ကော ဘာဖြစ်သနည်း။

ကျွင်းရှောင်ယောက်၏ ငရဲတံခါးက အရေအတွက်ကို ဖာထေးမိနိုင်သည်။

ကျွင်းရှောင်ယောက်က အလွန် လွှမ်းမိုးနိုင်စွမ်းရှိကာ သူ့ကိုအနိုင်ယူရန် အရေအတွက်ဖြင့် အားကိုးမရပေ။

ထို့ပြင် ရှေးဟောင်းမြင့်မြတ်ခန္ဓာဖြင့် ကျွင်းရှောင်ယောက်၏ နတ်ဘုရားစွမ်းအင်ဟာ အဆုံးအစမဲ့ဖြစ်ခဲ့သည်။

ရတနာများကို ရှာဖွေနေစဉ်တွင် ကျွင်းရှောင်ယောက်က အစစ်အမှန်နတ်ဘုရားနယ်ပယ်

ကြီးမားသော အောင်မြင်ခြင်း အရှိန်အဝါများကို ထုတ်လွှတ်ခဲ့ပေသည်။

သူ့တကိုယ်လုံးမှာ နတ်အလင်းများဖြင့် ဖုံးလွှမ်းနေပြီး အစွမ်းထက် အရှိန်အဝါများလည်း ထွက်ပေါ်နေ၍ ရှန်းကုတာအိုရေကန်အနီးကို မည်သူမျှ မချဉ်းကပ်ရဲတော့ပေ။

ပထမတော့ တာအိုအရင်းအမြစ်များသာ ပေါက်ထွက်လာခဲ့ကြသည်။

သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ ထူးဆန်းသော ရတနာမျိုးစုံတို့လည်း ထွက်လာကြ၏။

ကျောက်စိမ်းတုံးများ၊ ရှေးဟောင်းဆေးဝါးများ၊ လက်နက်ကျိုးများ... အမျိုးအမည် စုံစုံလင်လင်

ရှိခဲ့သည်။

ကျွင်းရှောင်ယောက်က ၎င်းတို့ကို
သေချာမကြည့်နေဘဲ သိမ်းယူခဲ့ပေသည်။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်နှင့်
ကျန်းမိသားစု၏ သခင်လေး အဆင့်အတန်းအရ
သူ၏၏စံနှုန်းများမှာ အလွန်မြင့်မားသည်။ သာမန်
ပါရမီရှင်များအတွက် သေရေးရှင်ရေးတမျှ
အရေးကြီးနိုင်သည့် ရတနာများကို သူကတော့
မျက်စိထဲပင် မထည့်ပေ။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်
ဇီဇာမကြောင်တော့ပါ။

ရတနာအများစုကို သူမကြိုက်လျှင်ပင်

အနည်းဆုံးတော့ သူ့ပတ်ဝန်းကျင်မှ လူများကို
ပေး၍ရနိုင်သည်။

တစ်ဖက်တွင် လုံအိုထျန်း၏ မျက်လုံးများက
အရောင်လက်နေသည်။

ယခုအချိန်ထိ သူမလှုပ်ရှားခြင်းမှာ သူ့ကို
ဆွဲဆောင်နိုင်သည့် ရတနာများ မရှိသေးသောကြောင့်
ဖြစ်သည်။ ထို့ကြောင့် သူဟာ ရူးသွပ်စွာ
မလှုပ်ရှားသေးပေ။

ကျန်သတ္တဝါများကတော့ မနာလိုနေသည့်တိုင်
ကျွင်းရှောင်ယောက်၏ခွန်အားကြောင့်
မလှုပ်ရှားဝံ့ခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် လှျပ်စီးများက ရေစီးကြောင်းထဲတွင်

ရုတ်တရက် လင်းလက်လာသည်။

၎င်းက ရွှေးသားရဲ၏ အလောင်းဖြစ်ချေသည်။
ယင်းမှာ တကိုယ်လုံး ငွေဖြူရောင်ဖြစ်ပြီး
အလောင်း၏ ခန္ဓာအက်ကြောင်းများမှတစ်ဆင့်
အတွင်း၌ ငွေရောင်နှလုံးသားတစ်ခု
ဖျပ်ဖျပ်ဖျပ်ခတ်နေပုံကိုလည်း
ယောင်ဝါးဝါးမြင်တွေ့ကြရသည်။

"ဟိုး၊ ဒါက မိုးကြိုးသားရဲလား"
ပါရမီရှင်အချို့က အံ့အားသင့်စွာ ပြောလိုက်၏။

မိုးကြိုးသားရဲက မိုးကြိုးကို ထိန်းချုပ်နိုင်သော
ရွှေးသားရဲ ဖြစ်သည်။ ၎င်းက ကောင်းကင်ကိုယ်စား
အပြစ်ပေးသည့် သားရဲတစ်ကောင်ဟုပင်
ကောလဟာလများ ထွက်ပေါ်နေခဲ့သည်။

"ဒီရုပ်အလောင်းက အဖိုးမဖြတ်နိုင်တဲ့ အရာပဲ။
အဲဒါကို မပြောရင်တော် မိုးကြိုးသားရဲရဲ့
နှလုံးသားထဲမှာ ရှိနေပုံရတယ်"
လူတချို့က သက်ပြင်းလိုက်သည်။

မိုးကြိုးသားရဲ၏ အလောင်းနှင့် ၎င်း၏ နှလုံးသားမှာ
မိုးကြိုးတာအို ကျင့်ကြံသူများအတွက် တကယ့်ကို
အခွင့်အလမ်းကောင်းတစ်ခု ဖြစ်သည်။

သို့သော်လည်း အခြားတာအိုကို
ကျင့်ကြံသူများအတွက်တော့
သက်ပြင်းချရုံသာဖြစ်ပြီး ၎င်းမှာ
အလွန်ဆွဲဆောင်မှုမရှိပေ။

မိုးကြိုးသားရဲ၏ အကြွင်းအကျန်များကို လဲ့မင်ယွမ်၏

မျက်လုံးများက တောက်ပသွားခဲ့သည်။

သူသည် ဤမိုးကြိုးသားရဲကို အလွန် လိုချင်မိသွား၏။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
ခွင့်ပြုချက်မရှိဘဲ ၎င်းကိုစုဆောင်းရန် အစပျိုးရန်မှာ
မဖြစ်နိုင်ပါချေ။

သို့ရာတွင် အင်မတန်ပါးနပ်သော
ကျွင်းရှောင်ယောက်၏ မျက်လုံးထောင့်မှ
လဲ့မင်ယွမ်ဟာ မိုးကြိုးသားရဲကို လိုချင်နေကြောင်း
တွေ့မြင်သွားခဲ့သည်။ ထို့ကြောင့်
မိုးကြိုးသားရဲအလောင်းကို ဖမ်းဆီးယူကာ
လဲ့မင်ယွမ်အား တိုက်ရိုက် ပေးလိုက်တယ်။

"သခင်လေး နတ်ဘုရားသားတော်"

လှဲမင်ယွမ် စိတ်လှုပ်ရှားလွန်း၍
မျက်နှာနီမြန်းသွားခဲ့သည်။

"ယူပါ"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

မိုးကြိုးသားရဲ အလောင်းနှင့် နှလုံးသားသည်
ကောင်းမွန်သော်လည်း ကျွင်းရှောင်ယောက်အတွက်
ဆွဲဆောင်မှု များစွာမရှိပေ။

သူကိုယ်တိုင်က မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်ကို ပြီးပြည့်စုံအောင်
လေ့ကျင့်ထားပြီးဖြစ်၍ အကြွင်းအကျန်များအား
လုံးဝမလိုအပ်ပါချေ။

ထိုအတွက် လှဲမင်ယွမ်ကို ပေးလိုက်သည်က

ပိုကောင်းသည်။ ဤသို့ဖြင့် သူ၏
ကြိုးစားချင်စိတ်ကိုလည်း ပိုဖြစ်စေလိမ့်မည်။

"ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်"
လဲ့မင်ယွမ်လည်း အလွန်စိတ်လှုပ်ရှားသွားသည်။

သူ့ကိုယ်သူ အားကိုးနေပါက ဤခွင့်အရေးကြီးကို
ရရှိရန်မှာ မဖြစ်နိုင်ပါချေ။

သူဟာ လူရွေးမှန်သွားခဲ့ကြောင်း ထင်ရှားသည်။

"ငါ အချိန်ရရင် မိုးကြိုးဧကရာဇ်ရဲ့
မဟာနတ်ဘုရားစွမ်းရည်ကိုလည်း မင်းကို
လက်ဆင့်ကမ်းပေးမှာပါ"
ကျွင်းရှောင်ယောက်က ထပ်ပြောလိုက်၏။

လဲ့မင်ယွမ်လည်း ထိုစကားကိုကြားသောအခါ ပို၍ ခံစားသွားရပြီး စိတ်လှုပ်ရှားမှုကြောင့် မူးလဲလုနီးပါး ဖြစ်သွားလေတော့သည်။

"လဲ့မင်ယွမ်က သခင်လေး နတ်ဘုရားသားတော်အနောက်ကို လိုက်ပါဖို့အတွက် ကျိန်ဆိုပါတယ်"

လဲ့မင်ယွမ်က ချက်ချင်း ကျိန်ဆိုလိုက်သည်။

ကျွင်းရှောင်ယောက်က သူ့အပေါ် ကြင်နာလွန်းပေသည်။

ကျွင်းရှောင်ယောက်လည်း ညင်သာစွာ ခေါင်းညိတ်လိုက်သည်။

လှဲ့မင်ယွမ်က သူ့အပေါ် သစ္စာရှိနေသောကြောင့်
သဘာဝအတိုင်း တွန့်တိုနေမည်မဟုတ်ပေ။

လှဲ့မင်ယွမ်က သူ့နောက်လိုက်ဖြစ်ရန်
အရည်အချင်းမပြည့်မီသော်လည်း အစေခံကောင်း
ဖြစ်နိုင်သည်။

လှဲ့မင်ယွမ်က မိုးကြိုးတောင်မှ
ဆင်းသက်လာသူလည်းဖြစ်ရာ အနာဂတ်တွင်
ကြီးပြင်းလာခဲ့ပါက မိုးကြိုးကေရာဇ်တောင်၏
နံပါတ်တစ်ဖြစ်ရန် လုံလောက်သည်။

ယင်းမှာ မိုးကြိုးကေရာဇ်တောင်တစ်ခုလုံးက
ကျွင်းရှောင်ယောက်ထံ ဦးညွှတ်သကဲ့သို့ပင်
မဟုတ်ပါလား။

ကျွင်းရှောင်ယောက်က ၎င်းကို အခွင့်ကောင်းယူရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နေခြင်းဖြစ်သော်လည်း... လူများကြားတွင် အပြန်အလှန်အကျိုးသက်ရောက်မှုရှိသည်။

သူ့အနေဖြင့် လဲ့မင်ယွမ်ကို အကြောင်းပြချက်မရှိဘဲ ကူညီဖို့ရာ မဖြစ်နိုင်ပါချေ။

ထို့နောက်တွင် တာအိုရေကန်က ဆက်လက်ပေါက်ကွဲခဲ့ပြီး အခြားတာအိုရေကန်ကြီး သုံးခုလကည်း ပေါက်ကွဲနေခဲ့သည်။

စီကွမ်သုံးယောက်ဖြစ်သည့် ကျွင်းမူလန်၊ ကျွင်းရွှယ်ဟွမ်နှင့် ကျွင်းရှီယုတို့လည်း ရတနာများစွာကို လက်ခံရရှိခဲ့ပေသည်။

"အဲဒီလက်နက်၊ အဲဒါက ဒဏ္ဍာရီလာ ကောင်းကင်ဖီးနစ်ငှက်မွေးချပ်ဝတ်ပဲလား"

ကျွင်းမူလန်ဟာ အလွန်လက်ရာမြောက်ပြီး လှပသော ဖီးနစ်အမွေးများဖြင့် ပြုလုပ်ထားသည့် ဒဏ္ဍာရီလာ ဖီးနစ်ငှက်မွေး ချပ်ဝတ်ကို ရရှိလာခဲ့သည်။ ၎င်းက အမျိုးသမီးဝတ် ချပ်တတ်တစ်ခုလည်း ဖြစ်ချေသည်။

"ကောင်းလိုက်တာ"

ကျွင်းမူလန်လည်း ဝမ်းသာသွားကာ ကောင်းကင်ဖီးနစ်ငှက်မွေးချပ်ဝတ်ကို သိမ်းယူလိုက်သည်။

"ကျွင်းရှောင်ယောက်အတွက်သာမဟုတ်ရင် ဒီရတနာကို ငါရခဲ့မှာ မဟုတ်ဘူး"

ကျွင်းမူလန်လည်း ဝမ်းသာအရဖြင့်

ရေရွတ်လိုက်လေသည်။

ကျွင်းရှယ်ဟွမ်နှင့် ကျွင်းရှီယုလည်း ကိုယ်ပိုင်
ရတနာများ ရခဲ့သည်။

သူတို့အား ရှင်မြှုးနေရင်းမှပင်
ကျွင်းရှောင်ယောက်ကိုလည်း
ကျေးဇူးတင်ခဲ့ကြပေသည်။

ကျွင်းရှောင်ယောက်သာ မရှိခဲ့လျှင် ပြိုင်ဆိုင်မှုမှမရှိဘဲ
ရတနာများကို အေးအေးဆေးဆေး
စုဆောင်းနိုင်မှာလား။

ဤအခိုက်တွင် ကျွင်းရှယ်ဟွမ်နှင့် ကျွင်းရှီယုကို
မဆိုထားနှင့်...

ယောက်ျားအဆန်ဆုံးနှင့် ဒေါသအကြီးဆုံးဖြစ်သော ကျွင်းမူလန်ပင်လျှင် ကျွင်းရှောင်ယောက်ကို အလွန်သဘောကျ လေးစားသွားမိသည်။

--------

အပိုင်း ( ၄၂၂ ) တာအိုအရင်းအမြစ်
ရှေးဟောင်းသစ်ပင်၊ နဂါးသွေးနှင့်
တောင်ပံနဂါးအလောင်း၊ လုံအိုထျန်း လှုပ်ရှားလာပြီ။

ယခုဆိုလျှင် ကျယ်ပြောလှသော တာအိုရေကန်ကြီးလေးခုလုံးကို ကျွင်းမိသားစုမှ သိမ်းပိုက်ထားခဲ့သည်။

ကျွင်းရှောင်ယောက်နှင့် အခြားသူများက

ရတနာများဟာ ရတနာများကို ဖမ်းယူရလွန်း၍
လက်ပင် ညောင်းညာသလို ခံစားကြရသည်။

ကျွင်းရှောင်ယောက်အတွက်တော့ ယခုအချိန်ထိ သူ့ကို
အထူးစိတ်လှုပ်ရှားစေမည့် ရတနာတစ်ခုမျှ
မတွေ့ရသေးပေ။

ရုတ်တရက် ကျွင်းရှောင်ယောက်ဟာ ထူးခြားသော
အရှိန်အဝါတစ်ခုကို ခံစားလိုက်ရသည်။

အဖြူရောင် အရိုးအပိုင်းအစတစ်ခုကို
သူမြင်လိုက်ရ၏။

ကျွင်းရှောင်ယောက်က ဖမ်းယူလိုက်သောအခါ
ကျောက်စိမ်းတုံးတစ်တုံးဖြစ်နေသည်အား
မြင်တွေ့လိုက်ရသည်။

ယင်းက မဟာလမ်းစဉ်၏ အရှိန်အဝါဖြစ်ကြောင်း သူခံစားရသည်။

"ဒါက တာအိုသခင်ရဲ့ ဉာဏ်အလင်းပဲလား"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

ယင်းက သာမန်အဓိပတိ၏ အရှိန်အဝါပင်မဟုတ်ပေ။

၎င်ကသာမန်အဓိပတိထက် ပိုမိုအားကောင်းသော ဖရိုဖရဲတာအိုသခင်၏ ဉာဏ်အလင်း ဖြစ်နိုင်သည်။

သို့သော်လည်း ထိုအကြောင်းများကို တွေးမိသောအခါ ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းလိုက်၏။

သူ့တွင် ကိုယ်ပိုင်တာအိုလမ်းစဉ်
ရှိထားပြီးသားဖြစ်သောကြောင့် အခြားသူ၏လမ်းကို
မှီခိုနေရန် မလိုပေ။

ဖရိုဖရဲတာအိုသခင်၏ ဉာဏ်အလင်းကို မဆိုထားနှင့်၊
ယင်းက ဧကရာဇ်၏ ဉာဏ်အလင်းဖြစ်လျှင်ပင်
ကျွင်းရှောင်ယောက်က ဆွဲယူအသုံးပြုမည်
မဟုတ်ပေ။

'ဒါပေမယ့်… အမစန်းယီကို ပေးလို့ရတယ်။ သူ့မှာ
သန္တောစွမ်းအင် တာအိုခန္ဓာရှိတော့ ဒီတာအိုသခင်ရဲ့
ထိုးထွင်းသိမြင်မှုကို ပေါင်းထည့်လိုက်ရင် အများကြီး
အမြတ်ရလိမ့်မယ်'

ကျွင်းရှောင်ယောက်လည်း စဉ်းစားတွေးတောကာ
အရိုးကျောက်စိမ်းကို သိမ်းလိုက်သည်။

ထို့အပြင် ကျွင်းရှောင်ယောက်က အခြား
ရှားပါးရတနာတစ်ခုကိုလည်း တွေ့ရှိခဲ့သေးသည်။

၎င်းက ဝိညာဉ်ချီများ ထွက်ပေါ်နေသော
ရှေးဟောင်းသစ်သားအပိုင်းအစတစ်ခု ဖြစ်သည်။

"ဒါက နတ်ဝိညာဉ်သစ်သားပဲလား"
ကျွင်းရှောင်ယောက်က ကြည့်လိုက်လိုက်သည်။

အမျိုးမျိုးသော ကမ္ပည်းအက္ခရာများလည်း
၎င်းနတ်သစ်သားအပိုင်းအစတွင်
တံဆိပ်ခတ်ထားကြောင်း မြင်တွေ့ရပေသည်။
တစ်ချိန်တည်းမှာပင် မိုးနှင့်မြေ၏ စွမ်းအင်များကို
စုပ်ယူ စုဆောင်းထားခဲ့သည်။

"ဒါကတော့ ကောင်မလေး ကျန်းလော့လီအတွက်

သင့်တော်တယ်"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ကျန်းလော့လီတွင် မူလဝိညာဉ်တာအိုခန္ဓာရှိ၍ ဤနတ်ဝိညာဉ်သစ်သားက  သူမ၏ ကျင့်ကြံခြင်းအတွက် အသင့်တော်ဆုံး ဖြစ်သည်။

"ဒီမှာ ငါစိတ်ဝင်စားနိုင်တဲ့အရာ တစ်ခုမှမရှိဘူးလား"

ကျွင်းရှောင်ယောက် အနည်းငယ်စိတ်ပျက်သွားမိသည်။

ဤအခိုက်အတန့်တွင်တွင် ရေပြင်ပေါ်၌ ကြောက်မက်ဖွယ်ကောင်းသော အငွေ့အသက်တစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် တာအိုရစ်သမ်များက လေထဲကို စိမ့်ဝင်လာခဲ့၏။

"ဒါ၊ ဒါက… တာအိုရဲ့ အရှိန်အဝါပဲ၊ဒါပေမယ့် သိပ်မတူဘူး…"

ကျွင်းရှောင်ယောက်လည်း ယင်းကို သေချာကြည့်လိုက်သည်။

ရေစီးကြောင်းနှင့် ပါလာသည်မှာ အမှန်တကယ် ကျောက်စိမ်းနှင့် ထွင်းထုထားသကဲ့သို့ သစ်ပင်ငယ်တစ်ပင် ဖြစ်သည်။

ထိုသစ်ပင်လေးက သန့်စင်သော ကျောက်စိမ်းကဲ့သို့ နူးညံ့ကာ တောက်ပြောင်လှပေသည်။

၎င်းတွင် ဖမ်းစားနိုင်စွမ်း အရှိဆုံးအရာက

တာအိုအရင်းအမြစ်အများစုဟာ ဤသစ်ပင်လေးပေါ် ကပ်နေကြခြင်းပင် ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် ရာနှင့်ချီကာ ရှိကြ၏။

ဤတာအိုအရင်းအမြစ်များက ဦးစွာ လွင့်ထွက်လာသော တာအိုအရင်းအမြစ်များနှင့် မခြားပေ။

သိထားရမည်မှာ ယင်းက ရှေးဟောင်းသစ်ပင်ပေါ်တွင် ပေါက်နေကြသော တာအိုအရင်းအမြစ်များ ဖြစ်သည်။

တစ်နည်းဆိုရသော် ဤရှေးဟောင်းသစ်ပင်က တာအိုအရင်းအမြစ်များကို သီးပွင့်ပေးနိုင်သည်။

ယင်းက အလွန် ကြောက်စရာကောင်းပေသည်။

"ဘုရား ဘုရား၊ ဒါက...
ထိပ်တန်းအင်မော်တယ်ဆေးပဲ။
ဒီရှေးဟောင်းတာအိုအရင်းအမြစ်ကို ငါစာအုပ်ထဲမှာ
ဖတ်ဖူးတယ်"

ဤရှေးဟောင်းသစ်ပင်ကိုမြင်သောအခါ
ပတ်ဝန်းကျင်ရှိလူတိုင်း အသက်ရှူရပ်သွားပုံ ရသည်။

တာအိုအရင်းအမြစ် ရှေးဟောင်းသစ်ပင်က
သဘာဝစွမ်းအင်များကိုစုပ်ယူကာ
တာအိုအရင်းအမြစ်များကို သီးပွင့်ပေးနိုင်သော
ရှားပါး အင်မော်တယ်ဆေးတစ်မျိုး ဖြစ်သည်။

တစ်နည်းဆိုရသော် ဤရှေးဟောင်း

တာအိုအရင်းအမြစ် သစ်ပင်က
တာအိုအရင်းအမြစ်များကို အဆက်မပြတ်
ထုတ်ပေးနိုင်ပေသည်။

ယင်းမှာ တစ်ဦးတစ်ယောက်တည်းအတွက်
ဆွဲဆောင်မှုသက်သက် မဟုတ်တန်တော့ပေ။

၎င်းက အင်အားစုအားလုံးအတွက်ပင်
အလွန်ဆွဲဆောင်မှုရှိသည်။

ဤရှေးဟောင်း တာအိုအရင်းအမြစ် သစ်ပင်ကို
ပိုင်ဆိုင်ထားခဲ့ပါက ၎င်းတို့နောက်ကွယ်မှ
အင်အားစုများသည်လည်း သဘာဝအတိုင်း
အကျိုးအမြတ် ခံစားနိုင်လိမ့်မည်။

"ဒါဟာ တကယ့်ကို

ရှေးဟောင်းတာအိုအရင်းအမြစ်သစ်ပင်ပဲ"

ကျွင်းရှောင်ယောက်၏ မျက်လုံးများလည်း
အလင်းရောင်များ တောက်ပလာခဲ့သည်။

နောက်ဆုံးမှာတော့ သူ့ကို စိတ်ဝင်စားစေနိုင်သည့်
ရတနာတစ်ခု ထွက်ပေါ်လာခဲ့ပြီ။

ရတနာများကို အဆက်မပြတ်ထုတ်လုပ်နိုင်သော
တာအိုအရင်းအမြစ် ရှေးဟောင်းသစ်ပင်ကဲ့သို့
အင်မော်တယ်ဆေးများမှာ အလွန်ရှားပါးသည်။

ကျွင်းမိသားစုမှာတောင် စိတ်ဝိညာဉ်အသီးများ
သီးပွင့်နိုင်သော သစ်ပင်တစ်ပင်မျှသာ ရှိပေသည်။

ကျွင်းရှောင်ယောက်တွင် အလွန်သန်သော စိတ်ဝိညာဉ်
ရှိနေခြင်းက ရှေးဦးစိတ်ဝိညာဉ်ပုံရိပ်ဖော်ကျင့်စဉ်ဖြင့်

လေ့ကျင့်ခြင်းအပြင် စိတ်ဝိညာဉ်သစ်သီးများကိုလည်း မကြာခဏ စားသုံးရသောကြောင့် ဖြစ်သည်။

ဤရှေးဟောင်း တာအိုအရင်းအမြစ်သစ်ပင်၏ ရှားပါးမှုကတော့ ရှေးဦးစိတ်ဝိညာဉ်သစ်ပင်ထက်ပင် သိသိသာသာ မြင့်မားလှပေသည်။

တာအိုအရင်းမြစ်က သူတော်စင်နယ်ပယ်ရှိ ကျင့်ကြံသူများအတွက် အလွန်အထောက်အကူ ဖြစ်သည်။

"ကောင်းလိုက်တာ၊ ဒီတာအိုအရင်းအမြစ် ရှေးဟောင်းသစ်ပင်နဲ့ဆိုရင် လောလောဆယ် ငါ့ရဲ့ ကျင့်ကြံခြင်း အရင်းအမြစ်တွေအတွက် စိတ်ပူနေစရာ မလိုတော့ဘူး"

ကျွင်းရှောင်ယောက်က ကျေနပ်အားရစွာ

ပြီးလိုက်သည်။

ကျန်လူများကတော့ မျက်လုံးများနီရဲကာ
အသက်ရှူပင် ကြပ်လာခဲ့ကြပြီ။

လုံအိုထျန်း၏ မျက်လုံးများလည်း အေးစက်စွာ
တုန်လှုပ်သွားမိသည်။

သို့သော်လည်း ထိုအချိန်တွင် ထပ်မံထွက်ပေါ်လာသော
အရှိန်အဝါက လုံအိုထျန်းကို တာအိုအရင်းအမြစ်
ရှေးဟောင်းသစ်ပင်ထက် ပို၍ပင်
ဆွဲဆောင်နိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အိုလွမ်နှင့် မင်းသမီးလုံကျိကိုပါ
ဆွဲဆောင်ခဲ့၏။

အဝေးမှကြည့်နေရပြီး မချဉ်းကပ်ဝံ့သော
အိုကျန်းသည်ပင်
မျက်လုံးအရောင်လက်လာတော့သည်။

တာအိုရစ်သမ်နှင့် ဖိအားများ
ပျောက်ကွယ်သွားပြီးနောက်...

နဂါးပုံသဏ္ဍာန် အလောင်းတစ်လောင်းသည်
ရေကန်တွင်းမှ လွင့်ထွက်လာသည်။

အနက်ရောင် နဂါးအလောင်းမှ
ကြောက်မက်ဖွယ်ကောင်းသော နဂါးဖိအားများ
ဖြစ်ပေါ်လျက်ရှိ၏။

၎င်းက အထူးကြီးမားနေခြင်းမဟုတ်ဘဲ နဂါးသွေးနှင့်

ဖိအားမျိုး ဖြစ်သည်။

အံ့သြစရာ ကောင်းသည်ကတော့ ဤနဂါးပုံသဏ္ဍာန်အလောင်း၏ နောက်ကျောဘက်တွင် နဂါးအတောင်ပံနှစ်စုံ ရှိနေခဲ့ခြင်းပင်။

"အဲဒါ... တောင်ပံနဂါးပဲ"

မင်းသမီးလုံကျိုလည်း အသက်ရှူရပ်မတတ်ဖြစ်ကာ လှပသော မျက်လုံးများတွင်ကား အလွန်တောင့်တသော ဆန္ဒများဖြင့် ပြည့်နှက်သွားခဲ့သည်။

တောင်ပံနဂါးက အလွန်အစွမ်းထက်သော ရှေးဟောင်းသားရဲကြီးတစ်ကောင် ဖြစ်သည်။ ၎င်း၏ စွမ်းအားကလည်း အစစ်အမှန်နဂါး၊ နတ်ဖီးနစ်တို့နှင့်

နှိုင်းယှဉ်နိုင်ပေသည်။

ဤတောင်ပံနဂါး၏ ခန္ဓာပုံပန်းသဏ္ဌာန်အရ သွေးသန့်စင်သော တောင်ပံနဂါးတော့ မဟုတ်ပေ။

မည်သို့ဆိုစေ အနည်းဆုံးတော့ ၎င်းတွင် တောင်ပံနဂါး သွေးမျိုးဆက်တို့ ရှိနေဆဲဖြစ်သည်။

"အိုး၊ တောင်ပံနဂါးသွေးမျိုးဆက်နဲ့ နဂါးရုပ်အလောင်းပဲ"

ကျွင်းရှောင်ယောက်လည်း ရေရွတ်လိုက်၏။

နဂါးများဘက်မှကြည့်လျှင် ဤနဂါးရုပ်အလောင်းက အမှန်တကယ် အဖိုးတန်လှသည်။

ကံမကောင်းစွာဖြင့် ကျွင်းရှောင်ယောက်အတွက်တော့ ဆွဲဆောင်မှုက သိပ်မကြီးမားပေ။

မည်သို့ဆိုစေ၊ ဤအရာမျိုးက အလွန်ရှားပါးပြီး အဆုံးမဲ့အသုံးဝင်မှုများရှိ၍ လိုအပ်နေသူများ ရှိစမြဲဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ကာ တာအိုအရင်းအမြစ် ရှေးဟောင်းသစ်ပင်နှင့် နဂါးရုပ်အလောင်းကို တပြိုင်နက်တည်း ကောက်ယူရန်အတွက် ဟန်ပြင်လိုက်၏။

သို့ရာတွင် ထိုအချိန်၌ လုံအိုထျန်းက သည်းမခံနိုင်တော့ဘဲ သံရှည်ဆွဲ၍ဟိန်းဟောက်ကာ တာအိုရေကန်ထဲသို့ တိုက်ရိုက်ဝင်ရောက်သွားတော့သည်။

"ကျွင်းရှောင်ယောက်၊ မင်းက ဒီလိုရတနာမျိုးနဲ့ မထိုက်တန်ဘူး"

ကျန်ရှန်းကုသတ္တဝါများမှာ မူလကတည်းက ဆန္ဒပြင်းပြနေသူများ ဖြစ်သည်။ ယခုတော့ လုံအိုထျန်းက ဦးဆောင်လာသောအခါ လောဘကို မထိန်းနိုင်တော့ပေ။

ဤနေရာတွင် ရတနာများစွာရှိ၍ ဖရိုဖရဲအခြေအနေကို အခွင့်ကောင်းယူကာ တစ်ခု၊ နှစ်ခုလောက် ရခဲ့လျှင်ပင် အမြတ်ထွက်နေဦးမည် ဖြစ်သည်။

မင်းသမီးလုံကျိုလည်း မျက်လုံးအရောင်လက်ကာ ဤနဂါးရုပ်အလောင်းကို အမှန်တကယ် လိုချင်သွားမိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
နားမလည်နိုင်သော အရာများကို
တွေးလိုက်မိသောအခါ အလျင်စလို
မလှုပ်ရှားတော့ပေ။ ထိုအစား အခြေအနေနှင့်
လိုက်လျောညီထွေဖြစ်ရန် ရွေးချယ်သွားခဲ့သည်။

အဝေးမှာလည်း အိုကျန်းဟာ
အလွန်စိတ်အားထက်သန်နေသည့်တိုင်
ကျွင်းရှောင်ယောက်အနီးသို့ မချဉ်းကပ်ဝံ့ပေ။

"သေစမ်း၊ ဒီကောင့်ကို မင်းသားတစ်ယောက်ပဲ
ဖိနှိပ်နိုင်လိမ့်မယ်"
အိုကျန်းက မုန်းတီးစွာဖြင့် အံကို ကြိတ်လိုက်သည်။

လုံအိုထျန်းနှင့် အခြားသူများ ဝင်လာသည်ကို

မြင်လိုက်ရသောအခါ ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက အေးစက်သွားသည်။

"မင်းတို့ သေချင်နေတာပဲ"

ကျွင်းရှောင်ယောက်က ငရဲတံခါးကို ဦးစွာ ဆင့်ခေါ်ခဲ့၏။ ငရဲမှ အဆုံးမဲ့ နတ်ဆိုးများ ပြေးထွက်လာကာ ရှန်းကုသတ္တဝါများကို တိုက်ခိုက်လေတော့သည်။

ပြင်ပကမ္ဘာ၏ ပါရမီရှင်များမှာတော့ အနည်းငယ်မျှသာ လှုပ်ရှားခဲ့ကြပြီး အများစုက အပြင်ဘက်မှသာ စောင့်ကြည့်နေကြဆဲဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ ဒီနေ့ ငါ့ညီလေးအတွက် ငါ မင်းကိုသတ်မယ်"

လုံအိုထျန်းက အစစ်အမှန်နဂါးစွမ်းအားကို

တိုက်ရိုက်ထုတ်ဖော်လိုက်သည်။

ခုနစ်ရောင်ရှိသော အစစ်အမှန်နဂါး ပုံစံများသည် လေထဲတွင် ထွက်ပေါ်လာခဲ့၏။ လုံအိုထျန်းက နဂါးအနှစ်သာရခုနစ်ခုဖြင့် ပေါင်းစပ်ထားခြင်းဖြစ်၍ လေထဲတွင် ခုနစ်ရောင်ရှိသော နဂါးပုံစံ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူ လှုပ်ရှားလိုက်သည်နှင့် တပြိုင်နက် ထူးကဲသောစွမ်းအင်များက ကောင်းကင်မှ တိမ်များကို လွင့်ပါးသွားစေခဲ့သည်။ ပြင်းထန်သော နဂါးစွမ်းအင်များက လေထဲတွင် ပြည့်နှက်သွားသည်။

ယင်းကိုမြင်သောအခါ ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်၏။

လုံအိုထျန်းတွင် အဆင့်ကျော်တိုက်ခိုက်နိုင်စွမ်း ရှိထားလျှင်ပင် သူ့အတွက်တော့ အနည်းငယ်သော ခြိမ်းခြောက်မှုမျှ မဖြစ်စေနိုင်ပေ။

"မောက်မာလိုက်တဲ့ ရေချိုငါးကလေး၊ လက်တွေ့ဘဝက ဘယ်လိုဆိုတာ မင်းသိအောင်လို့ ငါသင်ပေးမယ်"

ကျွင်းရှောင်ယောက်က သူ့လက်ကို ဆန့်ထုတ်လိုက်ရာ သူ၏လက်ငါးချောင်းကြားမှ မိုးကြိုးလျှပ်စီးများ ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်က လုံအိုထျန်း၏ အစစ်အမှန်နဂါး နတ်ဘုရားစွမ်းရည်ကို ရင်ဆိုင်ရန် မိုးကြိုးဧကရာဇ်၏ နတ်ဘုရားစွမ်းရည်အား အသုံးပြုခဲ့သည်။

နတ်ဘုရားသိုင်းနှစ်ခု ထိပ်တိုက်တွေ့ကြသောအခါ

မိုးနှင့်မြေက တုန်ခါသွား၏။ မိုးကြိုးနှင့် နဂါးစွမ်းအင်များက ရောယှက်သွားကာ ကြယ်စကြာဝဠာ ပေါက်ကွဲထွက်သကဲ့သို့ စွမ်းအင်လှိုင်းများ ပေါက်ကွဲထွက်လာတော့သည်။

--------

အခန်း ( ၄၂၃ ) နဂါးအနှစ်သာရခုနစ်ခုစွမ်းအား၊ ဒီခွန်အား နည်းနည်းလေးနဲ့ အခြားသူတွေကို အရှက်ရစေအောင် ဘယ်လိုထွက်လာဝံ့တာလဲ။

လုံအိုထျန်းက နဂါးအနှစ်သာရခုနစ်ခုကို အသက်သွင်းကာ အစစ်အမှန်နဂါးကျင့်စဉ်နှင့် ပေါင်းစပ်ခဲ့သည်။

သူ၏ အစစ်အမှန်နတ်ဘုရားနယ်ပယ်

နှောင်းပိုင်းအဆင့် ကျင့်ကြံခြင်းအခြေခံကြောင့်လည်း
မိမိထက် အဆင့်မြင့်သူများကို စိန်ခေါ်စွမ်း ရှိခဲ့၏။

ကံမကောင်းစွာဖြင့် သူ့ပြိုင်ဘက်မှာ
ကျွင်းရှောင်ယောက် ဖြစ်သည်။

ကျွင်းရှောင်ယောက်သည် အစွမ်းထက်ရုံသာမက
အဆင့်များစွာ မြင့်မားသောသူများကိုပင်
စိန်ခေါ်နိုင်စွမ်းလည်းရှိ၏။

ထို့ကြောင့် လုံအိုထျန်းအတွက် သူ့ထက်
သန်မာသူတစ်ယောက်ကို အနိုင်ယူရန်
မဖြစ်နိုင်သလောက်ပင်။

"ဝုန်း"

နဂါးချီနှင့် မိုးကြိုးလျှပ်စီးများ ပြည့်နှက်လာသည်။

သူတို့နှစ်ယောက်လုံးဟာ ထူးကဲသော
နည်းလမ်းကိုယ်စီ အသုံးပြုခဲ့ကြ၏။ တုန်ခါမှုများက
ဧရိယာတစ်ခုလုံးကို ချက်ချင်း
နစ်မြုပ်သွားစေခဲ့တော့သည်။

ပြင်းထန်သော ထိပ်တိုက်တွေ့ဆုံမှုတွင် လုံအိုထျန်း၏
ခန္ဓာကိုယ်က အမြောက်ကျည်ဆန်ကဲ့သို့
လွင့်ထွက်သွားခဲ့သည်။ သူ့ပါးစပ်ထဲမှ
ခုနစ်ရောင်သွေးများ အန်ထွက်လာခဲ့၏။

ကျွင်းရှောင်ယောက်ကို စိုက်ကြည့်လိုက်သော
မျက်လုံးများမှာလည်း ကမ္ဘာပေါ်တွင်
မယုံနိုင်စရာအကောင်းဆုံးအရာတစ်ခုကို
မြင်လိုက်ရသကဲ့သို့ ပြူးကျယ်နေတော့သည်။

ဘိုးဘွားနဂါးသိုက်၏

တားမြစ်ပထမမျိုးဆက်အနေဖြင့် လုံအိုထျန်းဟာ
မည်သည့်အချိန်တွင်မဆို ဝံ့ကြွားနိုင်ခဲ့သည်။
သို့သော်လည်း ကျွင်းရှောင်ယောက်နှင့်
ရင်ဆိုင်ရာမှာတော့ ပထမအကြိမ်မှာပင် ဒဏ်ရာရပြီး
ချောင်းဆိုးသွေးပါသွားခဲ့ပြီ။

သူ့အတွက်တော့ ဤသည်မှာ လုံး၀ မယုံနိုင်စရာ
အရာတစ်ခုပင် ဖြစ်သည်။

သူတင်မကဘဲ သူ့ပတ်ဝန်းကျင်မှ အပြင်လူများလည်း
အသက်ပြင်းပြင်းရှူရင်း မျက်လုံးများတွင်
ထိတ်လန့်မှုတို့ ပြည့်နှက်သွားခဲ့သည်။

ရှန်းကုသတ္တဝါများက လုံအိုထျန်း
မည်မျှကျော်ကြားသည်ကို မသိကြပေ။

သို့ရာတွင် အပြင်လူများကတော့
ကောင်းစွာသိကြသည်။

သူဟာ မျိုးဆက်သစ်လူငယ်များ၏
ဂုဏ်အသရေအရှိဆုံး ပါရမီရှင်တစ်ဦး
ဖြစ်သည်ဟုဆိုလျှင် ချဲ့ကားရာကျမည် မဟုတ်ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
တိုက်ခိုက်မှုကြောင့် ပထမအကွက်မှာပင်
ချောင်းဆိုးသွေးပါ ဖြစ်သွားခဲ့ရပြီ ဖြစ်သည်။

ဤအခြေအနေကို ကိုယ့်မျက်စိနှင့် မမြင်ရပါ
ယုံကြည်နိုင်ကြမည် မဟုတ်ပေ။

မင်းသမီးလုံကျို၏ လှပသော မျက်လုံးများတွင်လည်း
ထူးဆန်းသော အရောင်တစ်ခု တောက်ပလာသည်။

အကယ်၍ ကျွင်းရှောင်ယောက်က လုံအိုထျန်းကို တိုက်ရိုက်သတ်နိုင်ခဲ့လျှင် သူမအတွက် အလုပ်ရှုပ်သက်သာပေလိမ့်မည်။

အိုလွမ်ကတော့ သူ့အမူအရာမှာ ကြောက်ရွံ့မှုများ လှစ်ဟလာခဲ့သည်။

"မဟုတ်... မဟုတ်ဘူး၊ သခင်လေးလုံက အရမ်းအစွမ်းထက်တယ်၊ သူက လွယ်လွယ်နဲ့ ရှုံးမှာမဟုတ်ဘူး"

အိုလွမ်က သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။

လုံအိုထျန်းလည်း နှုတ်ခမ်းထောင့်မှ သွေးများကိုသုတ်ကာ အေးစက်စက် ရွှေရောင်မျက်လုံးများနှင့် ကျွင်းရှောင်ယောက်ကို

စိုက်ကြည့်လိုက်သည်။

သူ့ခန္ဓာကိုယ်က ရောင်စုံနဂါးစွမ်းအင်များဖြင့်
ပြည့်နှက်နေကာ ဒဏ်ရာများကလည်း
အလွန်လျင်မြန်သောအရှိန်ဖြင့် ပျောက်ကင်းသွား၏။

သို့သော်လည်း အတော်လေး
မျက်နှာပျက်သွားခဲ့ရသည်။

"ကျွင်းရှောင်ယောက်၊ မင်းသေချင်နေတာပဲ"
လုံအိုထျန်းက ဒေါသတကြီးဖြင့် အော်ဟစ်လိုက်၏။

မာနကြီးသော လုံအိုထျန်းအတွက် တစ်ချက်တည်းဖြင့်
ချောင်းဆိုးသွေးအန် ဖြစ်ရခြင်းကို
လုံးဝလက်မခံနိုင်ပေ။

လုံအိုထျန်းက တစ်ဖန် လှုပ်ရှားလိုက်ကာ
နဂါးအနှစ်သာရ ခုနစ်ခုကလည်း သူ့ခန္ဓာကိုယ်မှ
ပေါ်လာခဲ့သည်။

နဂါးအနှစ်သာရတစ်ခုစီက
ခိုင်မာသောဘိုးဘေးနဂါးသိုက်၏အမွေကို
ကိုယ်စားပြု၏။

ယခုအချိန်တွင် နဂါးအနှစ်သာရ ခုနစ်၏ စွမ်းအားက
လုံအိုထျန်းကို လွှမ်းမိုးလာတော့သည်။

သူ၏ အရှိန်အဝါကလည်း ခုနစ်ဆ တိုးလာခဲ့သည်။

ထိုကဲ့သို့သော စွမ်းအင်အတက်အကျများသည်
အစစ်အမှန် နတ်ဘုရားသခင်နယ်ပယ် သေးငယ်သော

ပြီးပြည့်စုံခြင်း အခြေအနေအရ
အထင်ကြီးလောက်စရာ ဖြစ်သည်။

"အတော်အစွမ်းထက်တာပဲ၊ လုံအိုထျန်းက တကယ်ပဲ
တိုက်ခိုက်နိုင်စွမ်း မြင့်မားတယ်"

လုံအိုထျန်း၏ တဟုန်းဟုန်းတောက်နေသော
အရှိန်အဝါများကို ခံစားရသောအခါ သူ့ပတ်ဝန်းကျင်ရှိ
အပြင်လူများနှင့် ရှန်းကုသတ္တဝါအားလုံး
အသက်ရှူရပ်မတတ် ဖြစ်သွားခဲ့ကြသည်။

"ဖြစ်နိုင်တယ်၊ လုံအိုထျန်းက ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်နဲ့ တိုက်ကွက်ရာချီ
တိုက်ခိုက်နိုင်လောက်တယ်"

တစ်စုံတစ်ယောက်ကလည်း
ခန့်မှန်းပြောဆိုလိုက်သည်။

ကျွင်းရှောင်ယောက်ကတော့ လုံအိုထျန်း၏
ခန္ဓာကိုယ်ထဲမှ  နဂါးအနှစ်သာရ ခုနစ်လုကိုကြည့်ကာ
မျက်လုံးထဲတွင် ထူးဆန်းသော အကြည့်များ
ပေါ်လာသည်။

"ဒါက အခွင့်အရေးကောင်းပဲ"

ကျွင်းရှောင်ယောက်က ပေါ့ပါးသောအပြုံးဖြင့်
ခပ်တိုးတိုး ရေရွတ်လိုက်၏။

ကျွင်းရှောင်ယောက်၏ သားကောင်ကို
အကဲခတ်နေသော ကျားတစ်ကောင်၏အကြည့်ကို
မြင်လိုက်ရသောအခါ လုံအိုထျန်းမှာ ပို၍ပင်
ဒေါသထွက်လာခဲ့တော့သည်။

နောက်ဆုံးတွင် သူ့ကို သားကောင်အဖြစ် ဘယ်သူကမှ
မဆက်ဆံဘူးပေ။

"ကျွင်းရှောင်ယောက်၊ သေစမ်း"

လုံအိုထျန်းက လေထဲသို့ လက်ကိုဆန့်ထုပ်ပြီး ဖမ်းဆုပ်လိုက်သည်။ ဤအခါ နဂါးအနှစ်သာရခုနစ်ခုမှ စွမ်းအားများက ရောင်စုံနဂါးလုံအသွင် သိပ်သည်းသွား၏။ ယင်းက ကျွင်းရှောင်ယောက်ထံသို့ အရှိန်ပြင်းပြင်းဖြင့် ထိုးဖောက်ဝင်ရောက်သွားတော့သည်။

ရောင်စုံနဂါးလုံက ဟင်းလင်းပြင်ကိုပင် ထိုးဖောက်သွားခဲ့ပုံရသည်။

ဤလှုပ်ရှားမှုသည် အလွန်အံ့သြစရာကောင်းပြီး အစစ်အမှန် နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်ရှိ ရှန်းကုသတ္တဝါအချို့ကိုပင် တုန်ယင်သွားစေခဲ့သည်။

ဤတိုက်ခိုက်မှုမျိုးကို ရင်ဆိုင်ရချိန်တွင် အနည်းငယ်
သတိမထားမိပါက ဒဏ်ရာအပြင်းအထန်
ရသွားခဲ့နိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
အေးဆေးတည်ငြိမ်နေဆဲပင်။ သူက
လက်ညိုးတစ်ချက်ညွှန်လိုက်သည်နှင့်
ကောင်းကင်နတ်ဘုရားလှံ ထွက်ပေါ်လာကာ
ရောင်စုံနဂါးလှံနှင့် တိုက်မိသွားခဲ့သည်။

ထို့နောက်မှာတော့ ပေါက်ကွဲသံနှင့်
လုံအိုထျန်း၏ပုံရိပ်က ထပ်မံ
တုန်ခါသွားပြန်တော့သည်။

လုံအိုထျန်း၏မျက်နှာလည်း အေးစက်သွားကာ
နဂါးအနှစ်သာရ ခုနစ်ခု စွမ်းအားကို

စတင်ထိန်းချုပ်လိုက်သည်။

သူ့ခန္ဓာကိုယ်အတွင်းတွင် ရွှေရောင်နဂါးအနှစ်သာရက
နတ်အလင်းကို စတင်ထုတ်လွှတ်သည်။

နဂါး ဟိန်းဟောက်သံကိုကြားရပြီးနောက်
ကောင်းကင်နှင့်မြေပြင်ကြားတွင်
ရွှေရောင်အလင်းတန်းများ ထွန်းတောက်လာခဲ့၏။
ရွှေနဂါးပုံရိပ်ကြီးကလည်း လေထဲတွင်
ထွက်ပေါ်လာကာ သက်ရှိနဂါးနှင့်ပင်
တူနေသေးတော့သည်။

"ရွှေနဂါး နဂါးအနှစ်သာရ"
မနီးမဝေးနေရာတွင် မင်းသမီးလုံကျိ၏
မျက်လုံးများက တောက်ပလာခဲ့သည်။

လုံအိုထျုန်း သန့်စင်ထားသော နဂါးအနှစ်သာရ ခုနစ်ခုက တစ်ခုနှင့်တစ်ခု မတူညီဘဲ မတူညီသော ဒြပ်စွမ်းအားများကို ထိန်းချုပ်ထားသည်။

ယင်းကပင် လုံအိုထျုန်း၏ အင်အား ဖြစ်ပေသည်။

ရွှေနဂါးအနှစ်သာရကို အသက်သွင်းလိုက်သည်နှင့် လေထဲတွင် အဆုံးမဲ့ ရွှေစွမ်းအင်များဖြင့် ပြည့်နှက်သွားသည်။

ရွှေနဂါးက ရွှေစွမ်းအားကို ထိန်းချုပ်သည်။ လုံအိုထျုန်းက ရွှေနဂါးအနှစ်သာရကို ထုတ်ဖော်လိုက်သောအခါ ရွှေစွမ်းအားကို သဘာဝအတိုင်း ထိန်းချုပ်နိုင်စွမ်း ရှိလာခဲ့ပေသည်။

ရွှေနဂါး ဓားရှည်တစ်ချောင်းက နဂါးအရိပ်နှင့်အတူ

ပေါင်းစည်းကာ နောက်ဆုံးတွင်
ထောင်ချီကာသိပ်သည်းသွားပြီး
ကျွင်းရှောင်ယောက်ကို ခုတ်ထစ်လိုက်ကြသည်။

ရွှေနဂါးစွမ်းအား ထွက်ပေါ်လာခဲ့ပြီးနောက်
ကမ္ဘာကြီးသည်လည်း ထက်မြက်သော
ဓားစွမ်းအင်များဖြင့် ပြည့်နှက်နေတော့သည်။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်က
သူ့လက်နှစ်ချောင်းကို ဓားအဖြစ် အသုံးပြုပြီး
အင်မော်တယ်သတ်ဓားသိုင်းဖြင့် လှုပ်ရှားလိုက်သည်။
ဓားအလင်း ထွက်ပေါ်လာသည်နှင့် အင်မော်တယ်များ
ကျဆုံးခြင်းမြင်ကွင်းသည် ထင်ရှားလာခဲ့၏။

ကောင်းကင်ထက်တွင်ကား ဓားစွမ်းအင်များဖြင့်
တုန်ခါနေတော့သည်။

ကျွင်းရှောင်ယောက်၏ စားအလင်းက
ထောင်ပေါင်းများစွာသော စားချီများကို
တိုက်ရိုက်သုတ်သင်ဖယ်ရှားခဲ့သည်။

လုံအိုထျန်းလည်း နဂါးအနှစ်သာရကို
ထပ်မံထုတ်ဖော်လိုက်၏။

သူ့ခန္ဓာကိုယ်အတွင်း၌ အနီရောင် နဂါးဒြပ်စင်တစ်ခု
လင်းထိန်သွားသည်။

နဂါးဟိန်းဟောက်သံနှင့်အတူ မီးတောက်များ
ထွက်ပေါ်လာခဲ့၏။

ဤသည်မှာ မီးဒြပ်စင်နဂါး ဖြစ်သည်။

တခဏချင်းမှာပင် မီးပင်လယ်ကြီးက ကောင်းကင်ကို ဖြတ်သွားသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ စွမ်းအင်များက ယပ်တောင်ကြီးကဲ့သို့ မီးပင်လယ်ကို ခွဲပစ်လိုက်၏။

"မီးနဂါးမီးပြင်းဖို"

လုံအိုထျန်းက မီးနဂါးဒြပ်စင်ကို ဆက်လက်ထိန်းချုပ်လိုက်သည်နှင့် မီးနဂါးပုံရိပ်ကြီးဟာ ကမ္ဘာကြီးကို အရည်ပျော်သွားစေနိုင်ပုံရသည့် မီးဖိုတစ်ခုအဖြစ် ပြောင်းလဲသွားပြီး ကျွင်းရှောင်ယောက်ကို ဖိနှိပ်လိုက်တော့သည်။

အကယ်၍ လူတစ်ဦးသာ ဤအထဲတွင်

ပိတ်မိသွားခဲ့ပါက အစစ်အမှန်နတ်ဘုရားနယ်ပယ်
နှောင်းပိုင်းအဆင့်မှ ပါရမီရှင်သည်ပင် ပြာအဖြစ်သို့
တိုက်ရိုက်လောင်ကျွမ်းသွားရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က လက်တစ်ဖက်ကို
ဆန့်ထုတ်လိုက်ရာ အနက်ရောင် ရေဝဲကြီးများ
ပေါ်လာသည်။

ရေဝဲက ပတ်ဝန်းကျင်မှ မီးပြင်းဖိုနှင့် မီးနဂါးကို
ဝါးမျိုနေသော တွင်းနက်ကြီးကဲ့သို့ပင်။

လုံအိုထျန်းလည်း ဟိန်းဟောက်ကာ
နဂါးအနှစ်သာရများကို တစ်ခုပြီးတစ်ခု
အသက်သွင်းခဲ့သည်။

မတူညီသော ဂုဏ်သတ္တိများဖြင့် နဂါးဒြပ်စင်များကို

အသက်သွင်းခဲ့၏။

တာအိုရေကန် တစ်ခုလုံးလည်း လေ၊ မိုး၊ မိုးကြိုး၊ မီးတောက်၊ နှင်း မျိုးစုံတို့ဖြင့် ပြည့်နှက်နေတော့သည်။

ကြောက်မက်ဖွယ်ကောင်းသော ဤစွမ်းအားက အရာအားလုံးကို တုန်လှုပ်စေခဲ့သည်။

"ဘိုးဘွားနဂါးသိုက်ရဲ့ ပထမ တားမြစ်မျိုးဆက်က မျှော်လင့်ထားသလိုပါပဲ၊ သူ့ခန္ဓာကိုယ်ထဲမှာ နဂါးဒြပ်စင် ခုနစ်ခုကို ပေါင်းစည်းထားမှတော့ ဘယ်သူက ယှဉ်နိုင်တော့မှာလဲ"

ပါရမီရှင်တစ်ယောက်က ပြောလိုက်သည်။

လုံအိုထျန်းအနေဖြင့် သူ၏ ဝှက်ဖဲဖြစ်သော ကောရာဇ်နဂါးသွေးကိုပင် အသုံးပြုရန်မလိုဘဲ

နဂါးအနှစ်သာရ ခုနစ်ခုတည်းနှင့်
အင်မော်တယ်နယ်မြေကြီးမှ ခေတ်ပြိုင်
ပါရမီရှင်အားလုံးကို ဖယ်ရှားနိုင်နေပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ ပုံရိပ်က ဒီရေထဲတွင်
လုံးဝနစ်မြုပ်သွားလေသည်။

"ဟားဟား...၊ ကျွင်းရှောင်ယောက်...
မင်းရဲ့ဒဏ္ဍာရီတွေ အဆုံးသတ်ချိန်ရောက်ပြီ"
လုံအိုထျန်းက ရယ်မောလိုက်သည်။

သူသည် သူ၏ကိုယ်ပိုင်ခွန်အားကို
အလွန်ယုံကြည်မှုရှိ၏။ ယခုဆိုလျှင် နဂါးအနှစ်သာရ
ခုနစ်ခုစွမ်းအားကိုပင် ထုတ်ဖော်ထားခဲ့ပြီ ဖြစ်သည်။

ဤတိုက်ခိုက်မှုအောက်တွင် ကျွင်းရှောင်ယောက်

အသက်ရှင်ခဲ့လျှင်ပင် ဒဏ်ရာအပြင်းအထန်ရသွားပေလိမ့်မည်။

လုံအိုထျန်းက ဤအရာကို စိတ်ကူးယဉ်နေချိန်...

တိုက်ခိုက်မှုရေစီးကြောင်းအတွင်းမှ ရယ်သံခပ်တိုးတိုးထွက်လာသည်။

"လုံအိုထျန်း၊ မင်းက ဒီခွန်အား နည်းနည်းလေးနဲ့ အခြားသူတွေကို အရှက်ရစေအောင် ဘယ်လိုထွက်လာဝံ့တာလဲ"

ထိုအသံကိုကြားတော့ လုံအိုထျန်း၏မျက်လုံးများ ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့သည်။

ကြည့်လိုက်ပြီးသောအခါ သူ
အလွန်အံ့အားသင့်သွား၏။

ကျွင်းရှောင်ယောက်က ကိုယ်ပိုင်ခြံဝင်းထဲတွင်
လမ်းလျှောက်နေသကဲ့သို့
တိုက်ခိုက်မှုရေစီးကြောင်းထဲမှ တစ်လှမ်းချင်း
လျှောက်လှမ်းလာနေသည်။

သူဟာ မည်သည့် အကာအကွယ်ကိုမျှ မသုံးခဲ့ဘဲ
လက်နှစ်ဖက်ကို နောက်ပစ်၍ ခြေတစ်လှမ်းချင်း
လျှောက်လာနေခြင်း ဖြစ်ချေသည်။

လေ၊ မီး၊ မိုးကြိုး၊ အစရှိသော တိုက်ခိုက်မှုအားလုံးက
ကျွင်းရှောင်ယောက်နှင့် ဆယ်ပေအကွာတွင်
နေရောင်ခသော နှင်းများကဲ့သို့ အလိုလို
ပျောက်ကွယ်သွားရသည်။

စွမ်းအင် ခုခံကာကွယ်ခြင်း။

ဤအတွက် သူ့ကို ဘာမျှ မလုပ်နိုင်ခဲ့ပေ။

ကျွင်းရှောင်ယောက်ဟာ အေးအေးဆေးဆေး
အမူအရာဖြင့် လျှောက်လှမ်းလာခဲ့ခြင်း ဖြစ်သည်။

သူ့ပတ်ဝန်းကျင်ရှိ နဂါးဒြပ်စင်အားလုံးက အချည်းနှီး
ဖြစ်သွားခဲ့ကြရလေသည်။

--------

အခန်း ( ၄၂၄ ) ကြေးရုပ်ကို အနိုင်ကျင့်သော ဘုရင်၊
လုံအိုထျန်းကို ပြင်းပြင်းထန်ထန် ဖိနှိပ်ပြီး

နဂါးအနှစ်သာခုနစ်ခုကို ထုတ်ယူရန် ကြိုးစားနေသည်။

လုံအိုထျန်း အံသြသွားခဲ့သည်။

သူတင်မကဘဲ သူ့ပတ်ဝန်းကျင်မှ အပြင်လူများနှင့်
ရှန်းကုသတ္တဝါများလည်း လွန်စွာအံ့အားသင့်သွား၏။

ဤကြောက်မက်ဖွယ်ကောင်းသော
အဖျက်စွမ်းအားမျိုးက
အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံမှုမှ မည်သည့် ပါရမီရှင်ကိုမဆို ဖရိုဖရဲ
ဖြစ်သွားစေနိုင်သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ်ရှိ ကြီးမားသော
ပြီးပြည့်စုံမှုမှ ပါရမီရှင်သည်ပင် သတိမပြုမိပါက
ဒဏ်ရာရသွားပေဦးမည်။

ယခုမူကား အဘယ်အရာကို သူတို့ မြင်နေရသနည်း။

ကျွင်းရှောင်ယောက်က အကာအကွယ်မရှိပဲ
အမှန်တကယ် ထွက်လာခဲ့သည်။

လုံအိုထျန်းက အကြွင်းမဲ့ တိုက်ခိုက်မှုက
ကျွင်းရှောင်ယောက်၏ အေးအေးဆေးဆေး
ဥပေက္ခာပြုထားသော အမူအရာနှင့်
လုံးဝဆန့်ကျင်ဘက်ပင်။

"မင်း ဘယ်လိုလှည့်ကွက်တွေ သုံးထားတာလဲ"
လုံအိုထျန်း၏ မျက်လုံးများက တုန်ယင်သွားခဲ့သည်။

ဤစွမ်းအင်ခုခံကာကွယ်ခြင်းက အလွန်ရှားပါးပြီး

အစွမ်းထက်ရာ လူအများစုအတွက် အမှန်တကယ် မမြင်နိုင်ပေ။

ကျွင်းရှောင်ယောက်က ဘာမျှမပြောဘဲ အပြောင်းအလဲမရှိသောမျက်နှာဖြင့် လက်ညိုးတစ်ချက်ညွှန်လိုက်သည်။

မိုးကြိုးများ ထွက်ပေါ်လာကာ လျှပ်စီးများ လင်းလက်သွား၏။

မိုးကြိုးကေရာဇ်လက်ချောင်း...

၎င်းကို ညွှန်ပြလိုက်သည်နှင့် တပြိုင်နက် မိုးကြိုး လျှပ်စီးများက တဂျိန်းဂျိန်း မည်ဟီးလာ မိုးကြိုးလက်ချောင်းကြီး တစ်ခုကဲ့သို့ လုံးအိုထျန်းထံ တိုးဝင်သွားတော့သည်။

"ငါ မယုံဘူးကွ"

လုံအိုထျန်း၏ ဆံပင်ရှည်များက လေထဲတွင် အရှိုင်းဆန်စွာ ကခုန်လာသည်။ နဂါးခုနစ်ကောင် စွမ်းအားများလည်း စုစည်းလာခဲ့၏။

"နဂါးခုနစ်ကောင်က ကမ္ဘာကြီးကို ဖျက်ဆီးစေ"

လုံအိုထျန်းက သူ့လက်ကို မြှောက်လိုက်သည်နှင့် အရောင်အမျိုးမျိုးရှိသည့် နဂါးဒြပ်ခုနစ်ခုဟာ သက်ဆိုင်ရာ နတ်အလင်းများကို ထုတ်လွှတ်လာတော့သည်။

နဂါးခုနစ်ကောင်၏ ဟိန်းဟောက်သံနှင့်အတူ အရောင်အမျိုးမျိုးရှိသော ဧရာမနဂါးကြီး ခုနစ်ကောင်က ကောင်းကင်ယံသို့ တက်လာခဲ့သည်။

နဂါးခုနစ်ကောင်က သိပ်သည်းလာကာ
မိုးကြိုးဧကရာဇ်လက်ချောင်းနှင့်
ထိပ်တိုက်ရင်ဆိုင်ကြသော ရောင်စုံနဂါးများအဖြစ်သို့
ပြောင်းလဲသွားကြသည်။

ရက်စက်ကြမ်းကြုတ်သော စွမ်းအားများကလည်း
ကမ္ဘာအရပ်ရပ်ကို တုန်လှုပ်စေခဲ့၏။

မိုးကြိုးဧကရာဇ်၏လက်ချောင်းကဲ့သို့
အစွမ်းထက်သည့် တိုက်ခိုက်မှုပင်
ဤလှုပ်ရှားမှုကြောင့် ပျက်စီးသွားခဲ့ရသည်။
နဂါးကြီးခုနစ်ကောင်ကလည်း
၎င်း၏အရှိန်အဟုန်မပျက်ဘဲ
ကျွင်းရှောင်ယောက်ထံသို့ ဆက်လက်
တိုးဝင်လာတော့သည်။

"အရမ်းအစွမ်းထက်တယ်"

ဤလှုပ်ရှားမှုကိုမြင်တော့ လူတော်တော်များများ တကိုယ်လုံး ထုံကျဉ်သွားသကဲ့သို့ ခံစားလိုက်ရသည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုမှ ကျွမ်းကျင်သူပင်လျှင် ဤတိုက်ခိုက်မှုစွမ်းအားကို အလွယ်တကူ ခုခံနိုင်မည် မဟုတ်ပေ။

မင်းသမီးလုံကျိ၏ လှပသော မျက်လုံးများလည်း လေးနက်သွားခဲ့သည်။

လုံအိုထျန်း၏ ခွန်အားက သူမ မျှော်လင့်ထားသည်ထက် ပို၍ ကျော်လွန်သွားခဲ့ပြီ။

သူ့ထံသို့ ပျံသန်းလာနေသော နဂါးကြီးခုနစ်ကောင်ကို

မြင်နေရသော်လည်း ကျွင်းရှောင်ယောက်၏
အမူအရာက ဘာမျှ မထူးခြားပေ။

သူဟာ ပုံမှန်ပုံစံအတိုင်း လက်သီးချက်
ထုတ်ဖော်ခဲ့သည်။ သို့ရာတွင်
ထိတ်လန့်တုန်လှုပ်စရာကောင်းသော
ထိုစွမ်းအားကြောင့် ကောင်းကင်မှာ ပေါက်ကွဲသွား၏။

၎င်းသည် လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ
လက်သီးသိုင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ လက်သီးချက်နှင့်အတူ
ကမ္ဘာငယ် ခြောက်ခုကဲ့သို့ ပြန်လည်ဝင်စားခြင်း
ရေဝဲကြီးခြောက်ခု ထွက်ပေါ်လာခဲ့သည်။

ပြန်လည်ဝင်စားခြင်း၏ ပြင်းထန်သော

စွမ်းအားကလည်း လူတို့ကို အဆုံးမဲ့
ပြန်လည်ဝင်စားခြင်းသံသရာသို့ ဆွဲငင်လိုသကဲ့သို့
ပျံ့နှံ့သွားပေသည်။

ရောင်စုံနဂါးများလည်း ပြန်လည်ဝင်စားခြင်း
ရေဝဲကြီးခြောက်ခုကြောင့် တိုက်ရိုက်
ကွဲထွက်သွားသည်။

လုံအိုထျန်း၏ အမှုအရာလည်း သိသိသာသာ
ပြောင်းလဲသွားကာ ရောင်စုံနဂါးဒိုင်းတစ်ခုဖြစ်သည့်
သူ့ကိုယ်ပိုင် ခံစစ်မျှော်ရတနာကို အလျင်အမြန်
ထုတ်ဖော်လိုက်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ လက်သီးက
အရာအားလုံးကို ဖြိုခွဲနိုင်သည်။

လက်သီးချက်က ရောင်စုံနဂါးဒိုင်းကို ထိမှန်သောအခါ
အသံတစ်ချက်ဖြင့် ကွဲအက်သွားတော့သည်။

လှိုင်းလုံးကြီးက လုံအိုထျန်း၏ ခန္ဓာကိုယ်ကို
ရိုက်ခတ်သွားရာ သွေးများ ထပ်မံ
အန်ထွက်လာခဲ့သည်။

သူ့ခန္ဓာကိုယ်က ဧကရာဇ်နဂါး၏သွေးကြောင့်
အလွန်ခိုင်မာကာ
အလွန်ကြောက်စရာကောင်းသည့်အဆင့်သို့
ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်ထံမှ
တိုက်ခိုက်မှုတစ်ခုကိုပင် တားဆီးနိုင်ခြင်း မရှိသေးပေ။

"သေစမ်း၊ နဂါးဝိညာဉ်ဓား... ပိုင်းဖြတ်လော့"

လုံအိုထျန်း၏ နှုတ်ခမ်းများက သွေးစများ စွန်းထင်းနေသည်။ သူက လက်ကို မြှောက်လိုက်သည်နှင့် နဂါးစွမ်းအင်များ လျှံထွက်လာခဲ့၏။

ထို့နောက်မှာတော့ ပြိုးပြိုးပြက်ပြက်တောက်နေသော ရွှေရောင်နဂါးဓားတစ်လက် ထွက်ပေါ်လာတော့သည်။

ယင်းက စုတ်ပြတ်သော တဲတစ်ခုမှ ပေါပေါပဲပဲ ရရှိခဲ့သော အဓိပဓိရတနာ နဂါးဝိညာဉ်ဓား ဖြစ်သည်။

လုံအိုထျန်းက နဂါးဝိညာဉ်ဓားကို ဆုပ်ကိုင်ကာ ခုတ်ပိုင်းချလိုက်၏။ ဓားစွမ်းအင်များ တဟုန်ထိုးတက်လာကာ ရွှေရောင်ဓားအလင်းတစ်ခုကဲ့သို့ လက်သီးအလင်းကို ခွဲထွက်သွားတော့သည်။

"မင်း တကယ်ကံကောင်းတာပဲ"

လုံအိုထျန်းကိုကြည့်ရင်း ကျွင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

တဲစုတ်တစ်လုံးမှ အဓိပဓိရတနာကို ရရှိခြင်းမှာ တကယ့် ဇာတ်ဆောင်တစ်ယောက်၏ ကံကောင်းခြင်း ဖြစ်သည်။

သို့သော်လည်း ကံမကောင်းစွာဖြင့် ကျွင်းရှောင်ယောက်ရှေ့တွင် ကံကောင်းခြင်းအားလုံး အသုံးမဝင်ခဲ့ပေ။

သူက သားနှိုစ်သူတော်စင်ဘုရင်လက်အိတ်ကို ထုတ်ယူပြီး ညာဘက်လက်တွင် ဝတ်လိုက်သည်။

သူက လက်တစ်ဖက်ကို တွန်းထုတ်လိုက်ရာ သူ့လက်ဝါးက နဂါးဝိညာဉ်ဓားနှင့် တိုက်မိသွားပြီး တောက်ပသည့် မီးပွားများ ဖြာထွက်လာခဲ့သည်။

တချိန်တည်းမှာပင် တစ်ဆယ်ဘီလီယံ ဂျင်ခွန်အားက ပေါက်ကွဲထွက်လာရာ လုံအိုထျန်း၏ခန္ဓာက တုန်ခါသွားပြီး သွေးများ အန်ထွက်လာတော့သည်။

"နဂါးစကေးဓား"

လုံအိုထျန်းက ဟိန်းဟောက်ကာ ဓားချက် ထပ်မံထုတ်ဖော်လိုက်၏။ ဓားစွမ်းအားက မရေတွက်နိုင်သော နဂါးအကြေးခွံများအဖြစ် ပြောင်းလဲသွားကာ ကျွင်းရှောင်ယောက်ထံသို့ မိုးရေစက်များနှယ် ထပ်မံကျဆင်းလာတော့သည်။

ကျွင်းရှောင်ယောက်က
ခြေတစ်ချက်လှမ်းလိုက်သည်နှင့် တပြိုင်နက်
နတ်ဘုရားစွမ်းအင်များဟာ သူ့ရင်ဘတ်မှ
အနှိုင်းမဲ့အရိုးတွင် စုစည်းလာခဲ့သည်။

ပြန်လည်ဝင်စားခြင်း၏ ကြွယ်ဝသော
စွမ်းအားကလည်း စုရုံးလာကာ လေထဲတွင်
အဖြူအနက်ဘီးတစ်ခုအဖြစ်သို့
ပြောင်းလဲသွားတော့သည်။

၎င်းက အနှိုင်းမဲ့အရိုး၏ ဒုတိယစွမ်းရည်၊
ဆမ်ဆာရာချပ်ပြား ဖြစ်သည်။

ဆမ်ဆာရာချပ်ပြား ပေါ်လာသည်နှင့်
ပတ်ဝန်းကျင်ဟင်းလင်းပြင်မှာ ကမောက်ကမ
ဖြစ်လာပုံရသည်။

ဆမ်ဆာရာချပ်ပြား လည်ပတ်လာသည်နှင့်
ပြန်လည်ဝင်စားခြင်းသံသရာကို ဆွဲငင်လာခဲ့ပုံ ရ၏။

ဆမ်ဆာရာချပ်ပြား ထွက်ပေါ်လာသည်နှင့်
နဂါးအကြေးခွံဓားသိုင်း၏ ဓားစွမ်းအင်များ
ပျက်သုဉ်းသွားခဲ့သည်။ ထို့နောက်
အရှိန်အဟုန်မပျက်ဘဲ လုံအိုထျန်းကို
ဆက်လက်ဖိနှိပ်လိုက်သည်။

ဆမ်ဆာရာချပ်ပြားမှ ကြောက်မက်ဖွယ် စွမ်းအားကို
ခံစားရသောအခါ လုံအိုထျန်း၏ အမူအရာက
သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

သူက နဂါးအနှစ်သာရ ခုနစ်ခု စွမ်းအားကို
အကန့်အသတ်ထိထုတ်ဖော်ကာ ဆမ်ဆာရာချပ်ပြားကို

တွန်းလှန်ရန် ခုနစ်ရောင် နဂါးကြီးတစ်ကောင်အား
ထပ်မံသိပ်သည်းလိုက်သည်။

သို့ရာတွင် ရောင်စုံနဂါးကြီးက
ပြန်လည်ဝင်စားခြင်းချုပ်ပြားကြောင့်
တိုက်ရိုက်ဖျက်ဆီးခံခဲ့ရ၏။

လုံအိုထျန်း၏ ခန္ဓာကိုယ်က ပြင်းပြင်းထန်ထန်
တုန်ခါသွားကာ အလွန်ကြံ့ခိုင်သော
သူ့ခန္ဓာကိုယ်မှာလည်း အက်ကွဲကြောင်း လက္ခဏာများ
ပြသလာတော့သည်။

"အဟွတ် အဟွတ်......"

ရောင်စုံအလင်းများ တောက်ပနေသော သွေးများက
လုံအိုထျန်း၏ ပါးစပ်တွင်းမှ ထပ်မံ
ထွက်ကျလာသည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က လေထုကို အရိပ်တစ်ခုကဲ့သို့ ဖြတ်ကျော်ပြီး လုံအိုထျန်းးရှေ့တွင် ပေါ်လာသည်။

သူက လုံအိုထျန်းကို လက်တစ်ဖက်ဖြင့် ညွှန်ပြလိုက်သည်။

"မင်း"

လုံပိုထျန်း ဒေါသတကြီး အော်ဟစ်လိုက်သည်။

ကြောက်မက်ဖွယ်ကောင်းသော စုပ်ယူမှုစွမ်းအားက သူ့ခန္ဓာအတွင်းမှ နဂါးအနှစ်သာရခုနစ်ခုကို ဆွဲထုတ်နေသလို... သူ့ခန္ဓာကိုယ်မှ ထွက်သွားပုံရသည်။

ယင်းက လုံအိုထျန်းကို အလွန်ထိတ်လန့်သွားစေခဲ့၏။

ကျွင်းရှောင်ယောက်က သူ့နဂါးအနှစ်သာရခုနစ်ခုကို အမှန်တကယ် လုယူချင်နေသည်။

"ကျွင်းရှောင်ယောက်၊ မင်းရူးနေပြီလား"
လုံအိုထျန်း ဒေါသတကြီးဖြင့်
ဟိန်းဟောက်လိုက်သည်။

မည်သည့် လျှို့ဝှက်ကျင့်စဉ်ကို အသုံးပြုလိုက်မှန်း မသိရသော်လည်း သူ့နယ်ပယ်သည် အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော ပြီးပြည့်စုံမှုသို့ တိုက်ရိုက်ချိုးဖျက်သွား၏။

နဂါးအနှစ်သာရခုနစ်ခုဟာ လုံအိုထျန်း၏
ကြီးမားသော မှီခိုအားထားကဖြစ်သည်။ ၎င်းက သူ၏
ဝှက်ဖဲများထဲမှ တစ်ခုလည်းဖြစ်၏။ ထိုအတွက်
ကျွင်းရှောင်ယောက်မှ သိမ်းသွားခြင်းကို
ထိုင်ကြည့်နေရန် မဖြစ်နိုင်ပေ။

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက
အနည်းငယ်တွန့်ကွေးကာ ပြုံးသွားသည်။

ကျွင်းရှောင်ယောက်၏ ရင်းနှီးသူများဖြစ်လျှင်တော့
ဤအပြုံးဟာ သူ နောက်တစ်ကြိမ်
လှည့်စားတော့မည်မှန်း သိကြပေလိမ့်မည်။

"ငါလိုချင်လာရင် ဘယ်သူ ခံနိုင်ရည်ရှိမှာလဲ"
ကျွင်းရှောင်ယောက်က သူ့လက်ကို မြှောက်လိုက်ကာ
အနှိုင်းမဲ့နတ်ဆင်ခွန်အား၏ မိုးမြေမီးပြင်းဖိုကို

တိုက်ရိုက် ထုတ်ဖော်လိုက်သည်။

လေးလံသော အရှိန်အဝါဖြင့် မိုးမြေမီးပြင်းဖိုသည် လေထဲတွင် ထွက်ပေါ်လာခဲ့၏။

၎င်းက လုံအိုထျန်းကို ချုပ်နှောင်ထားပြီး လုံးဝ မဖယ်ရှားနိုင်ပေ။ အဆုံးတွင် သူက မိုးမြေမီးပြင်းဖိုထဲသို့ တိုက်ရိုက်ဖိနှိပ်ခံလိုက်ရသည်။

"သန့်စင်မယ်"

ကျွင်းရှောင်ယောက်က နတ်ဘုရားစွမ်းအင်များဖြင့် မိုးမြေမီးပြင်းဖိုကို အသက်သွင်းလိုက်၏။

သူက လုံအိုထျန်း၏ ခန္ဓာကိုယ်အတွင်းမှ နဂါးအနှစ်သာရ ခုနစ်ခုကို အတင်းအကျပ်

ထုတ်ယူလိုခဲ့သည်။

ဟုတ်ပေသည်၊ ကေရာဇ်နဂါးသွေးကိုပါ
ထုတ်ယူနိုင်ပါက ပိုကောင်းသည်။

လုံအိုထျန်းကို ပြင်းပြင်းထန်ထန် ဖိနှိပ်ပြီး
အတင်းအကျပ် သန့်စင်နေသည့်
ကျွင်းရှောင်ယောက်ကိုကြည့်ကာ
ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်သွားခဲ့သည်။

အပြင်ကမ္ဘာမှ ပါရမီရှင်များ သို့မဟုတ်
ရှန်းကုသတ္တဝါများ ပင်ဖြစ်စေ၊ သူတို့ နှလုံးသားများ
တုန်လှုပ်သွားကာ ဝိညာဉ်များလည်း ခန္ဓာကိုယ်ထဲမှ
ထွက်သွားပုံရသည်။

ကျွင်းရှောင်ယောက်က သန်မာလွန်းကာ

ပြိုင်ဘက်ကင်းလုနီး ဖြစ်၏။

အထူးသဖြင့် ပြင်ပကမ္ဘာမှ ပါရမီရှင်များဆိုလျှင် အနက်ရှိုင်းဆုံး ခံစားခဲ့ရသည်။

လုံအိုထျန်း၏ ဂုဏ်သတင်းမှာ ကျွင်းရှောင်ယောက်နှင့် ယှဉ်နိုင်သည်။

လူအချို့ဆိုလျှင် လုံအိုထျန်းက ကျွင်းရှောင်ယောက်၏ ရန်သူဟောင်းဟုပင် ပြောဆိုကြ၏။

သို့ဆိုလျှင် ယခုရလဒ်က အဘယ်နည်း။

ကျွင်းရှောင်ယောက်၏ရှေ့တွင် လုံအိုထျန်းက

ခုခံနိုင်စွမ်း လုံးဝမရှိပေ။

ယင်းက အဆင့်တူတိုက်ပွဲ မဟုတ်တော့ဘဲ
ဘုရင်တစ်ပါးက ကြေးရုပ်ကို
အနိုင်ကျင့်နေသကဲ့သို့ပင် ဖြစ်သည်။

"ဝုန်း ဝုန်း ဝုန်း"
မိုးမြေမီးပြင်းဖို၌ တုန်ခါသံတစ်ခု ထွက်ပေါ်လာသည်။

ယင်းက ရုန်းကနေသော လုံအိုထျန်းပင် ဖြစ်ချေသည်။

မိုးမြေမီးပြင်းဖို၏ သန့်စင်မှုစွမ်းအားကလည်း
ပြင်းထန်သည်။ လုံအိုထျန်းက ရုန်းကန်နေလျှင်ပင်
ကြာရှည် ခံနိုင်မည်ဟု မထင်ပေ။

လက်ရှိ လုံအိုထျန်းမှာ မော်ဆေးမီးပြင်းဖိုကြီးထဲတွင် ပိတ်မိနေသော စွန်းဝူခုန်းနှင့် တူလှသည်။ ကံမကောင်းစွာဖြင့် သူ့တွင် စွန်းဝူခုန်းကဲ့သို့ အရည်အချင်းမရှိဘဲ မာနများသာ ရှိထားခဲ့ပေသည်။

"အရင်ဆုံး နဂါးအနှစ်သာရ ခုနစ်လုံးကို ထုတ်ယူမယ်။ ပြီးရင်တော့ ဧကရာဇ်နဂါးသွေးကို ထုတ်ယူရတာပေါ့၊ ဒီအခါ မင်းဘယ်လို ခုခံမလဲဆိုတာ ကြည့်စမ်းမယ်"

ကျွင်းရှောင်ယောက်က ပြောဆိုပြီးနောက် ခပ်တိုးတိုး ရယ်မောလိုက်သည်။

သူ့စကားများက လူတိုင်း၏ ဆံပင်များကို အဆုံးစွန်ထိ ထိုးထိုးထောင်ထောင် ဖြစ်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်သာလျှင် ဘိုးဘွားနဂါးသိုက်၏

ပထမတားမြစ်မျိုးဆက်ကို
ပေါ့ပေါ့တန်တန်သန့်စင်ဝံ့မည်မှာ ကြောက်ရသည်။

'ပြီးသွားပြီ၊ ဘိုးဘွားနဂါးသိုက်ရဲ့ ပထမ
တားမြစ်မျိုးဆက်... တကယ်ပဲ
ကျဆုံးသွားတော့မှာလား'

လူများစွာလည်း နှလုံးသားထဲတွင်
တုန်တုန်ယင်ယင်ဖြင့် တွေးတောလိုက်မိသည်။

--------

အခန်း ( ၄၂၅ ) ရှန်းကုဘုရင်ငယ် လေးပါးအနက်မှ
မင်းသားအိုကွမ်၊ ကြက်သွန်မြိတ်များ
ထပ်မံရိတ်သိမ်းရန် အချိန်တန်ပြီ။

လုံအိုထျန်းဟာ ကျွင်းရှောင်ယောက်၏ လက်တွင်းသို့ အမှန်တကယ် ကျရောက်သွားခဲ့သည်။

ထိုသက်ရောက်မှုက ကြီးမားလွန်းပေသည်။

ဤသည်မှာ မျိုးဆက်တူ ပါရမီရှင်များအကြားမှ တိုက်ပွဲတစ်ခုမျှသာ မဟုတ်တော့ပေ။

ဤသည်ကား ရှေးဟောင်းမင်းမျိုးနွယ်မိသားစုနှင့် ရှေးဟောင်းတော်ဝင်မိသားစုကြားမှ တိုက်ပွဲတစ်ခု ဖြစ်သည်။

လုံအိုထျန်းသာ ရှုံးနိမ့်ခဲ့လျှင်… ယင်းက ရှေးဟောင်း တော်ဝင်မိသားစုဟာ ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုလောက် မတော်ဘူးဟု ဆိုလိုနေသည်

မဟုတ်ပါလား။

ဟုတ်သည်၊ လုံအိုထျန်းက ဘိုးဘွားနဂါးသိုက် တစ်ခုတည်းကိုသာ ကိုယ်စားပြုနိုင်သည်။

သို့သော်လည်း ဘိုးဘွားနဂါးသိုက်သည် ရှေးဟောင်းတော်ဝင်မိသားစုများကို အတိုင်းအတာတစ်ခုအထိ ကိုယ်စားပြုနိုင်စွမ်းရှိ၏။

"လုံအိုထျန်း တကယ်သေသွားခဲ့ရင် ဘိုးဘွားနဂါးသိုက်၊ ဒေါသထွက်လွန်းလို့ ရူးသွားနိုင်တယ် မဟုတ်လား"

"ရှန်းကုကမ္ဘာကြီး ပြီးဆုံးတာနဲ့ ဘိုးဘွားနဂါးသိုက်က အင်မော်တယ်စစ်ပွဲကို စတင်နိုင်လောက်တယ်"

အပြင်လူများလည်း မှန်းဆနေခဲ့ကြသည်။

ခပ်လှမ်းလှမ်းတွင် အိုကျန်းအနီး၌ ရပ်နေသော လုံပိကျစ်၏မျက်နှာမှာ စာရွက်ဖြူကဲ့သို့ ဖြူဖျော့နေသည်။

သူမ၏ နှလုံးသားထဲတွင် ပြိုင်ဘက်ကင်းသော အကိုကြီးအိုထျန်းက ယခုအခါ ကျွင်းရှောင်ယောက်၏ လက်ထဲတွင် အနည်းငယ်မျှသော လှိုင်းလုံးများကိုပင် မလှုပ်နိုင်တော့ဘဲ အိုးထဲမှ လိပ်တစ်ကောင်ကဲ့သို့ ယက်ကန်ယက်ကန် ဖြစ်နေပြီ ဖြစ်သည်။

လုံပိကျစ်၏ မူလအတွေးဖြစ်သည့်... လုံအိုထျန်းက ကျွင်းရှောင်ယောက်ကို သတ်နိုင်သည်၊ သို့မဟုတ် သတ်ပင် သတ်ပစ်နိုင်မည်ဟူသော အတွေးများလည်း

ပျောက်ကွယ်သွားရပေတော့မည်။

ယခု ဤမြင်ကွင်းကို မြင်ရပြီးနောက် လုံပိကျစ်၏ နှလုံးသားထဲမှ အရိပ်မည်းကြီးက ပို၍ နက်ရှိုင်းလာခဲ့သည်။

ထိုအချိန်တွင် စူးရှသော အော်သံတစ်ခု ထွက်ပေါ်လာသည်။

"သခင်လေးလုံ"

အိုလွမ်က အော်ဟစ်ကာ လှုပ်ရှားလိုက်၏။

လုံအိုထျန်း သေရမည်ကို ထိုင်ကြည့်နေရန် မဖြစ်နိုင်ပေ။

"မင်းက ကိုယ့်ကိုယ်ကိုယ် ပိုတွက်နေတာပဲ"
အိုလွမ် ပြေးလာသည်အား မြင်ရသည့်တိုင်
ကျွင်းရှောင်ယောက်၏ အမူအရာက
ဘာမှမထူးခြားပေ။

သူနှင့် နဂါးမျိုးနွယ်က ရန်သူများဖြစ်နေကြပြီမို့
သဘာဝအားဖြင့် နောက်ထပ်လူတစ်ယောက်ကို
သတ်ပစ်လိုက်ရန် စိတ်ထဲမထားပေ။

ကျွင်းရှောင်ယောက်က
လက်ညိုးတစ်ချက်ညွှန်လိုက်သည်နှင့်
မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်၊
ကပ်ဘေးကိုးခု မိစ္ဆာသုတ်သင်မိုးကြိုးက အိုလွမ်ထံသို့
ပြေးဝင်သွားခဲ့သည်။

ဤထိုးနှက်ချက်သည် အိုလွမ်ကိုသတ်ရန်

လုံလောက်ခဲ့၏။

အိုလွမ်လည်း ငွေရောင်သွားများ ပေါ်လာသည်အထိ အံကိုကြိတ်လိုက်သည်။ လှပသော သူ့မျက်လုံးများတွင် အေးစက်စက် အလင်းရောင်တစ်ခု လင်းလက်လာခဲ့၏။

လုံအိုထျန်းကို သူမ နှစ်သက်သော်လည်း မိမိအသက် သေဆုံးသည်အထိတော့ အဖြစ်မခံနိုင်ပေ။

သူ့လက်ကို တစ်ချက်လှုပ်ပြီး သိုလှောင်ခြင်း မှော်ရတနာအတွင်းမှ နဂါးတံဆိပ်တစ်ခုကို အမြန်ထုတ်ယူကာ ချေမွလိုက်သည်။

ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ကြောက်မက်ဖွယ်ရာ ဖိအားများသည် နေရာတိုင်းကို

ပျံ့နှံ့သွား၏။

တောက်ပသော ရွှေရောင်အလင်းများကလည်း လမ်းကြောင်းအားလုံးကို ဖြာထွက်လာတော့သည်။

မြင့်မြတ်ပြီး ထက်မြက်သော ဤအလင်းရောင်တွင်း၌ ရွှေရောင်ဝတ် လူငယ်တစ်ဦး ပေါ်လာသည်။

၎င်းက ချောမွေ့သော အသားအရည်နှင့် လူငယ်တစ်ဦး ဖြစ်ချေသည်။ ရှည်လျားသော ရွှေရောင်ဆံပင်ရှည်များကို အနောက်ဘက်တွင် ဖြန့်ချထားပြီး သူ့နဖူးတွင်လည်း ရွှေရောင်နဂါးချိုနှစ်ချောင်း ပေါက်နေသည်။

၎င်းက အရိပ်အယောင်တစ်ခုမျှသာဖြစ်သော်လည်း ဖိအားများက ကြောက်မက်ဖွယ်ကောင်းလှသည်။

၎င်းမှာ ဘုရင်တစ်ပါးက ဤလောကသို့ ဆင်းသက်လာသကဲ့သို့ပင်။

"အဲဒါ... နဂါးမျိုးရိုးရဲ့ အိမ်ရှေ့မင်းသား အိုကွမ်ပဲ"

အချို့ ရှန်းကုသတ္တဝါများက ဤလူငယ်ကို မြင်လိုက်ရသောအခါ မအော်ဟစ်ဘဲ မနေနိုင်တော့ပေ။

ရှန်းကုကမ္ဘာတွင် ရှန်းကုမျိုးနွယ်ကြီး လေးခုရှိသည်။

ရှန်းကုမျိုးနွယ်လေးမျိုးတွင် ကောင်းကင်နတ်ဘုရားနယ်ပယ် ပါရမီရှင်တစ်ဦးစီ ရှိ၏။

၎င်းတို့ကို ရှန်းကု ဘုရင်လေးပါးဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

ရွှေရောင်ဆံပင်နှင့် ချောမောသည့် ဤလူငယ်ကတော့ နဂါးလူမျိုးနွယ်၏ ဘုရင်ငယ် မင်းသားအိုကွမ် ဖြစ်သည်။

ယခုအချိန်တွင် မင်းသားအိုကွမ်က အရိပ်အယောင်မျှသာဖြစ်သော်လည်း ကောင်းကင်နတ်ဘုရားနယ်ပယ် ဖိအားများက သာမန်မဟုတ်ပေ။

"ပြင်ပကမ္ဘာက ပုရွက်ဆိတ်တွေ၊ ငါ့ရဲ့ နဂါးမျိုးနွယ်ကို ရန်စဝံ့တယ်လား၊ မင်းတို့ သေချင်နေတာလား"

အိုကွမ်၏ အမူအရာက လူတို့ကို ငုံ့ကြည့်နေသော ဘုရင်ငယ်တစ်ပါးကဲ့သို့ပင် လျစ်လျူရှုမှုများ

ပြည့်နှက်နေသည်။

"ကောင်းကင်နတ်ဘုရားလား"

ကျွင်းရှောင်ယောက်က အိုကွမ်ကို
အထင်မြင်သေးဟန်ဖြင့် ကြည့်လိုက်သည်။

"ရှန်းကုကမ္ဘာလို ကောင်းမွန်တဲ့ ပတ်ဝန်းကျင်မှာ
နေရတာတောင် ကောင်းကင်နတ်ဘုရားနယ်ပယ်ကိုပဲ
ရောက်လာနိုင်သေးတယ်။ မင်းအစား ငါရှက်တယ်"

ကျွင်းရှောင်ယောက်၏ စကားကြောင့် ပရိသတ်က
အံ့သြထိတ်လန့်သွားခဲ့သည်။

ကျွင်းရှောင်ယောက်၏ လေသံကိုအရ
ကောင်းကင်နတ်ဘုရားသို့ ရောက်ရှိနေသော အိုကွမ်မှာ

အမှိုက်တစ်စ ဖြစ်နေသကဲ့သို့ပင်။

"သူရှူးနေတာလား၊ နဂါးမျိုးနွယ်ရဲ့ ဘုရင်ငယ်ကို စော်ကားဝံ့တယ်လား"

ရှန်းကုသတ္တဝါအားလုံး မယုံနိုင် ဖြစ်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်က အစစ်အမှန် နတ်ဘုရားနယ်ပယ် ကြီးမားသော အောင်မြင်ခြင်းဖြစ်၍ အမှန်တကယ်ပင် အလွန်အားကောင်းပြီး ရှန်းကုကမ္ဘာ၌ ထိပ်တန်းဖြစ်တည်မှုဟု ယူဆနိုင်သည်။

သို့တိုင် ကောင်းကင်နတ်ဘုရားနှင့် ရင်ဆိုင်ရလျှင်တော့ ဦးညွတ်နေရပါဦးမည်။

သူတော်စင် အဆင့်ကိုးခုသို့ ရောက်လာပြီးနောက်

နယ်ပယ်ငယ်တိုင်းမှာပင် ကြီးမားသော
ကွာဟချက်များ ရှိသည်။

ကောင်းကင်နတ်ဘုရားနယ်ပယ်နှင့်
အစစ်အမှန်နတ်ဘုရားနယ်ပယ်ဆိုလျှင်
နယ်ပယ်ကြီးတစ်ခု ရှိ၏။

၎င်းတို့ကြားမှ ကွာဟချက်က မိုးနှင့်မြေကဲ့သို့ပင်။

"မင်းရဲ့ ကျင့်ကြံခြင်းအခြေခံက မမြင့်ပေမဲ့
လေသံကတော့ မပေါ့ဘူး"

အိုကွမ်၏ မျက်လုံးများက အေးစက်သွားခဲ့သည်။

ဤပုံရိပ်တွင် သူ၏ ရှေးဦးဝိညာဉ်စွမ်းအားများ
ပါဝင်နေသောကြောင့် ကျွင်းရှောင်ယောက်၏

ရှုံ့ချပြောဆိုခြင်းကို သဘာဝအရ နားလည်သည်။

အိုကွမ်က လက်သီးချက် ထုတ်ဖော်လိုက်သည်တွင် ကြောက်စရာအင်အားများ ထွက်ပေါ်လာခဲ့၏။

၎င်းက ရှေးဦးဝိညာဉ်၏ စွမ်းအားများပါရှိသော ပုံရိပ်တစ်ခုမျှသာဖြစ်လျှင်ပင် အစစ်အမှန်နတ်ဘုရားနယ်ပယ်မှ ပါရမီရှင်များကို အလွယ်တကူ သုတ်သင်ပစ်ရန် လုံလောက်သည်။

ဤအရာကား အစစ်အမှန်နတ်ဘုရားနယ်ပယ်နှင့် ကောင်းကင်နတ်ဘုရားနယ်ပယ်အကြားမှ ကွာဟချက် ဖြစ်သည်။

အိုကွမ်၏လက်သီးက တောက်ပပြီး မြင့်မြတ်သော အရှိန်အဝါများကို သယ်ဆောင်လာကာ လူများကို

တောက်ပသော နတ်ဘုရင်တစ်ပါးနှင့် ရင်ဆိုင်ရသကဲ့သို့ ခံစားရစေသည်။

"ဒါဟာ ကြီးမြတ်တဲ့ အလင်း နတ်လက်သီးပဲ"

မနီးမဝေးတွင် အိုကျန်းက အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့မျက်လုံးများ၌ အေးစက်စက် အရိပ်အယောင်တစ်ခု ထွက်ပေါ်လာခဲ့၏။

"ဒီကောင်က မင်းသားကို နှောင့်ယှက်ဝံ့တယ်၊ သူက သေချင်နေတာပဲ"

အိုကျန်းက တစ်ယောက်တည်း ပြောနေသလို အေးစက်စက်ဖြင့် ပြောလိုက်သည်။

မင်းသားအိုကွမ်တွင် မြင့်မြတ်သောအလင်းနဂါးသွေးမျိုးဆက်ရှိကာ

အလွန်အစွမ်းထက်သည်။

အိုကျန်းက အစစ်အမှန်နတ်ဘုရားနယ်ပယ်
ကြီးမားသော ပြီးပြည့်စုံမှု
ကျင့်ကြံခြင်းအခြေခံရှိသော်လည်း အိုကွမ်ထံမှ
လက်သီးတစ်ချက်ကိုပင် မခံနိုင်ပေ။

ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင်မူ
အေးစက်စက်နှင့် လျစ်လျူရှုမှုအလင်းများ
ထွက်ပေါ်လာသည်။

"ဒီနတ်ဘုရားသားတော်ရှေ့မှာ ဘယ်သူမှ
အရှိန်အဝါကြီးမနေနိုင်ဘူး"
ကျွင်းရှောင်ယောက်က လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းဖြင့်
လက်သီးချက်ထုတ်ဖော်ပြီး အိုကွမ်၏လက်သီးကို

ရင်ဆိုင်လိုက်သည်။

တစ်ချိန်တည်းမှာပင်၊ လုံပိကျစ်က
လုံအိုထျန်းကိုကယ်တင်ရန် မိုးမြေမီးပြင်းဖိုကို
စတင်တိုက်ခိုက်လိုက်၏။

"နင်တို့ လူယုတ်မာတွေ၊ ဒီအကြောင်းကို
တွေးတောင်မတွေးလိုက်နဲ့"

ယင်းကိုမြင်တော့ မင်းသမီးလုံကျိ၏ မျက်လုံးများက
အေးစက်သွားခဲ့သည်။

သူမက လုံအိုထျန်းကို အလွတ်မပေးလိုပေ။

ယင်းကိုမြင်တော့ အိုလွမ်က နောက်ထပ်
ကမွှည်းစာလိပ်တစ်ခုကို ထုတ်ယူပြီး

ချေမွလိုက်သည်။

ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင်များက
ပေါက်ကွဲထွက်လာကာ မိုးမြေမီးပြင်းဖိုကို
ဖြိုချပစ်လိုက်၏။

လုံအိုထျန်းလည်း ညည်းသံရှည်ကြီးနှင့်
ထွက်ပေါ်လာတော့သည်။

သို့သော်လည်း ယခုအချိန်တွင် သူ့ပုံစံက
သနားစဖွယ်ဖြစ်နေသည်။

သူ့ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများ စုတ်ပြဲသွားကာ
ကြွက်သားများနှင့် အရိုးများလည်း မည်းနက်နေခဲ့ပြီ။

အကယ်၍ လုံအိုထျန်းဟာ မိုးမြေမီးပြင်းဖိုအတွင်း၌ ဖိနှိပ်ခံလိုက်ရချိန် နဂါးအကြေးခွံများကို ထုတ်ဖော်ပြီး ခုခံမထားခဲ့ပါက သူ့အခြေအနေဟာ ပို၍ပင် သနားစရာကောင်းနေပေလိမ့်မည်။

သို့သော်လည်း စိတ်ဆင်းရဲစရာအကောင်းဆုံးမှာ သူ၏ရုပ်ပိုင်းဆိုင်ရာအခြေအနေမဟုတ်ပေ။

ယင်းမှာ သူသန့်စင်ထားသော နဂါးဒြပ်ခုနစ်ခုကို မိုးမြေမီးပြင်းဖိုက သန့်စင်သွားခဲ့ခြင်း ဖြစ်သည်။

မတူညီသော အရောင်များဖြင့် နဂါးဒြပ်ခုနစ်ခုက မိုးမြေမီးပြင်းဖိုထဲတွင် လှုပ်ရှားနေပေသည်။

"သခင်လေးလုံ၊ သွားကြစို့"

အိုလွမ်က စိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။

"မစဉ်းစားနဲ့"

မင်းသမီးလုံကျိုက ထပ်မံတိုက်ခိုက်လိုက်၏။

"မင်း ခွေးမ၊ မင်းက တကယ်ကြီး
ကျွင်းရှောင်ယောက်နဲ့ အတူတူပဲ"

မင်းသမီးလုံကျိုက သူ့ကို တိုက်ခိုက်နေသည်အား
မြင်ရသောအခါ လုံအိုထျန်း ဒေါသထွက်သွားသည်။

မင်းသမီးလုံကျိုက သူ့ကို သေစေချင်ခဲ့၏။

သူတို့နှစ်ယောက်ကြားတွင် ရင်ကြားစေ့ရန်
နေရာမရှိတော့ပေ။

"မင်း ငါ့ကို စောင့်နေ"

လုံအိုထျန်း ဒေါသတကြီးဖြင့် ပြောလိုက်သည်။ သူဟာ နဂါးအနှစ်သာရများကို ပြန်ယူချင်သော်လည်း မင်းသမီးလုံကျိုက တားဆီးထားခဲ့၏။

အကယ်၍ အချိန်ကြာသွားခဲ့လျှင် ကျွင်းရှောင်ယောက် ရောက်ရှိလာ၍ သူ အန္တရာယ် ရှိလာပေလိမ့်မည်။

ဤအအတွက် လုံအိုထျန်းမှာ နဂါးအနှစ်သာရခုနစ်ကို စွန့်လွှတ်ရန်မှတပါး ရွေးချယ်စရာမရှိတော့ပါချေ။

သူ့တွင် ဝှက်ဖဲတစ်ခုရှိသေးသော်လည်း ကျွင်းရှောင်ယောက်နှင့် ကျင့်ကြံခြင်းအခြေခံ မညီမျှမချင်း ထပ်မံ မတိုက်ခိုက်ရဲတော့ပေ။

အိုလွှမ်နှင့်အတူ သူက မင်းသမီးလုံကျိုကို

နောက်ဆုတ်စေပြီး အဝေးဆီသို့
ထွက်ပြေးသွားခဲ့သည်။

ယင်းကိုမြင်တော့ ပိုင်မေအာ၏ မျက်လုံးများလည်း
အရောင်တစ်ချက်လက်ကာ အနောက်မှ
လိုက်ပါသွားတော့သည်။

တစ်ဖက်တွင်...

ကျွင်းရှောင်ယောက်၏ ဆမ်ဆာရာလက်သီးက
လမ်းကြောင်းခြောက်ခုကို ထုတ်လွှတ်ခဲ့ပြီး အိုလွမ်၏
တောက်ပသောလက်သီးကို တိုက်ရိုက်
ဖျက်ဆီးသွားခဲ့သည်။

လက်သီးချက်ကြောင့် အိုကွမ်၏ ပုံရိပ်ကလည်း
တစ်လက်မချင်း ပြိုကျသွားလေသည်။

အိုကွမ်၏ မျက်လုံးများတွင် ထူးဆန်းသော အလင်းရောင်တစ်ခု လင်းလက်လာပြီး ပြောလိုက်သည်။

"စိတ်ဝင်စားစရာ အပြင်လူ ပုရွက်ဆိတ်ပဲ၊ ငါ လေ့ကျင်ရာကနေ ထွက်လာရင် မင်း သေချာပေါက် သေလိမ့်မယ်..."

ပြောပြီးသည်နှင့် အိုကွမ်၏ပုံရိပ်ဟာ အဆုံးမဲ့ အလင်းတန်းတွေအဖြစ်သို့ ကွဲအက်ပြိုကျသွားတော့သည်။

ထို့ပြင် လုံအိုထျန်း၊ အိုလွမ်နှင့် အခြားသူများက ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း အကြည့်လွှဲကာ ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

ဤတစ်ခေါက် အိုလွမ်ကို မသတ်နိုင်ခဲ့၍ အနည်းငယ် စိတ်ပျက်ရပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ဟာ မိုးနှင့်မြေ၏ ကောင်းချီးပေးခံရသည့် လုံအိုထျန်းကဲ့သို့ ဇာတ်ဆောင်မျိုးကို သတ်ရန်မလွယ်ကူမှန်း သိသည်။

ဥပမာအားဖြင့် ဤတစ်ခေါက်တွင် အိုလွမ်က အကူအညီပေးသွား၏။

နောက်တစ်ကြိမ်မှာလည်း တခြားတစ်ယောက်ယောက်က သူ့ကို ကူညီပေးကောင်း ပေးနိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က လုံးဝကို ထိတ်လန့်ခြင်းမရှိသလို စိတ်မကောင်းလည်း မခံစားရပေ။

တိုက်ပွဲမှာ အောင်နိုင်ပြီးသားမို့ ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ မိုးမြေမီးပြင်းဖိုအတွင်းမှ နဂါးအနှစ်သာရ ခုနစ်ခုက တောက်ပလာခဲ့သည်။

သာမန် နဂါးအနှစ်သာရဆိုလျှင်ပင် အလွန်အဖိုးတန်နေပြီ။

ဤနဂါးအနှစ်သာရများကတော့ ပို၍ တန်ဖိုးကြီးပြီး

လုံအိုထျန်း၏ ဂှက်ဖဲများထဲမှ တစ်ခုဖြစ်ခဲ့သည်။

သို့သော်လည်း ယခုတော့
ကျွင်းရှောင်ယောက်လက်ထဲကို ရောက်ရှိလာခဲ့ပြီ။

"လုံအိုထျန်း၊ မင်းငါ့ကို ဘယ်လို အံ့ဩစရာတွေ
ယူဆောင်လာပေးနိုင်ဦးမလဲ ငါကြည့်ချင်တယ်"

ကျွင်းရှောင်ယောက်လည်း နဂါးအနှစ်သာရခုနစ်ခုကို
သိမ်းဆည်းလိုက်ရင်း ပြုံးလိုက်သည်။

ကြက်သွန်မြိတ်များ ထပ်မံရိတ်သိမ်းရန်
အချိန်တန်ပြီ....

--------

အခန်း ( ၄၂၆ ) ရှန်းကုတာအိုရေကန် နှစ်ကြိမ် ပေါက်ကွဲခြင်း၊ အခြားဒေသများမှ ပါရမီရှင်များ ရောက်လာပြီ။

ကျွင်းရှောင်ယောက်ဟာ လုံအိုထျန်းကို မသတ်ခဲ့မိသည့်အတွက် စိတ်မကောင်းခြင်း မရှိပေ။

အကြောင်းမှာ လုံအိုထျန်းက သူ့ကို ဆက်လက်တိုက်ခိုက်နေသရွေ့ နောက်ဆုံးရလဒ်မှာ သေခြင်းပင် ဖြစ်သည်။

သူက မသေသေးလျှင်ပင် အနေးနှင့်အမြန်သာ ကွာလိမ့်မည်။

သို့သော်လည်း လုံအိုထျန်း မကျဆုံးမီ ကျွင်းရှောင်ယောက်အတွက် အံ့အားသင့်မှုများနှင့်

အကျိုးကျေးဇူးတချို့ ယူဆောင်လာနိုင်သည်။

ထို့ကြောင့် လုံအိုထျန်း လွတ်မြောက်သွားသောအခါ ကျွင်းရှောင်ယောက်က စိတ်အနှောက်အယှက်မဖြစ်ရုံသာမက စိတ်အေးလက်အေးပင် ရှိခဲ့သည်။

ငါးကြီးကြီးတစ်ကောင် ရလိုပါက စိတ်ရှည်ရပေမည်။

သူတို့ကို မသတ်မီ ဆူဖြိုးသည်အထိ စောင့်ရမည်။

ယခုအချိန်တွင် မီတာတစ်သောင်း ရေကန်က တိတ်ဆိတ်သွားခဲ့သည်။

ယခင်က လုံအိုထျန်းနှင့်အတူ ပြေးဝင်လာခဲ့သော

ရှန်းကုသတ္တဝါများ အားလုံးကတော့ ယခုအချိန်တွင်
ငရဲတံခါးမှ နတ်ဆိုးများကြောင့်
သတ်ဖြတ်ခံခဲ့ရချေပြီ။

"အံ့သြစရာကောင်းလိုက်တာ၊ ဒါက
ကြောက်စရာကောင်းလွန်းတယ်။ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်လက်ထဲမှာ ဘိုးဘွားနဂါးသိုက်ရဲ့
ပထမ တားမြစ်တည်ရှိမှုက ခုခံနိုင်စွမ်းတောင် မရှိဘူး"

အပြင်လူအားလုံးလည်း အိပ်မက်မက်နေသလို
ခံစားခဲ့ရသည်။

မူလက သူတို့ဟာ နဂါးနှင့် ကျားတို့ကြားမှ
အံ့သြဖွယ်ကောင်းသော တိုက်ပွဲကြီးကို
မြင်တွေ့ရမည်ဟု ထင်မြင်ခဲ့ကြသည်။

ရလဒ်အနေဖြင့် တစ်ဖက်သတ် ရိုက်နှက်ခြင်းသာ ဖြစ်နေခဲ့ပေပြီ။

လုံအိုထျန်း၏ နဂါးအနှစ်သာရခုနစ်ခုကိုပင် ကျွင်းရှောင်ယောက်က သိမ်းယူသွားခဲ့သည်။

မလှုပ်ရှားသေးဘဲ အခြေအနေကို စောင့်ကြည့်နေသည့် ရှန်းကုသတ္တဝါများလည်း အလွန် ထိတ်လန့်သွားလေသည်။

"ဒါက နဂါးမျိုးနွယ်ရဲ့ဘုရင်ငယ် မင်းသားအိုကွမ်နော်၊ သူက ပုံရိပ်တစ်ခုဆိုရင်တောင် အစစ်အမှန်နတ်ဘုရားနယ်ပယ် ပါရမီရှင်တွေကို အလွယ်တကူ သတ်ပစ်နိုင်စွမ်းရှိတယ်၊ ဒါပေမဲ့ ကျွင်းရှောင်ယောက်ရဲ့ တိုက်ခိုက်မှုကိုတော့ တားဆီးလို့မရသေးဘူး"

ရှန်းကုမျိုးနွယ်ဝင် အကြီးအကဲများက
မျိုးနွယ်စုနယ်မြေကို မစွန့်နိုင်ပါချေ။

ထို့ကြောင့် မျိုးနွယ်စုကြီးလေးခုမှ ဘုရင်ငယ်များဟာ
ခေါင်းဆောင်များကဲ့သို့ ဖြစ်လာခဲ့ရသည်။

ရှန်းကုကမ္ဘာတွင် အိပ်စက်နေသော
ရှေးဟောင်းလူထူးဆန်းများ
အပြည့်အဝမနိုးထမီအထိ...

ရှန်းကု ဘုရင်ငယ်လေးပါးဟာ အသန်မာဆုံး
တည်ရှိမှုများ ဖြစ်သည်။

ယခုမူ ကျွင်းရှောင်ယောက်က မင်းသားအိုကွမ်၏
ပုံရိပ်တစ်ခုကို လက်သီးတစ်ချက်ဖြင့်

ဖျက်ဆီးလိုက်ရာ အားလုံး တုန်လှုပ်သွားတော့သည်။

ကျွင်းရှောင်ယောက် ကိုယ်တိုင်ကတော့
သိပ်မတွေးခဲ့ပေ။

အိုကွမ်ကိုယ်တိုင် သူ့ရှေ့မှာ ပေါ်လာလျှင်ပင်
ကျွင်းရှောင်ယောက်ပြောတာ မှန်သည်။

ယခုဆိုလျှင် ကျွင်းရှောင်ယောက်၏ ဂုဏ်သိက္ခာကို
မည်သူမှ စိန်မခေါ်ရဲတော့ပါ။

ကျွင်းရှောင်ယောက်က တာအိုအရင်းအမြစ်
ရှေးဟောင်းသစ်ပင်နှင့် နဂါးအလောင်းကို
အေးအေးဆေးဆေး စုဆောင်းခဲ့သည်။

မင်းသမီးလုံကျို၏ မျက်လုံးများကတော့
နဂါးရုပ်အလောင်းကို တစ်ချိန်လုံး
စိုက်ကြည့်နေပေသည်။

ယခုအချိန်တွင် မင်းသမီးလုံကျိုက သူမ
နှစ်သက်သောအရာကို မြင်ရသော်လည်း မရနိုင်၍
စိတ်ကောက်ချင်နေသော ကလေးမလေးနှင့်
ခပ်ဆင်ဆင်တူသည်။

ကျွင်းရှောင်ယောက်ကတော့ ဤမြင်ကွင်းကို
မြင်ရသည့်တိုင် ဂရုမစိုက်ပေ။

မင်းသမီးလုံကျိုလည်း နဂါးအလောင်းကို
တွန့်ဆုတ်စွာဖြင့် ကြည့်နေပြီးနောက်
အကြည့်လွှဲလိုက်သည်။

သူတို့နှစ်ယောက်ကြားမှ ခွန်အား ကွာဟချက်ကိုလည်း မှန်းဆကြည့်နေမိပေသည်။

ကျွင်းရှောင်ယောက်၏လက်ထဲမှ နဂါးအလောင်းကို လုယူချင်ရင်တော့ မလွယ်ကူမှန်း သူမ ကောင်းစွာသိသည်။

"မှန်းစရာကောင်းလိုက်တာ.."

မင်းသမီးလုံကျိုလည်း တိတ်တဆိတ် စိတ်ဆိုးသွားခဲ့သည်။

သူသည် လုံအိုထျန်းကို မုန်းတီးသော်လည်း ကျွင်းရှောင်ယောက်ကို မကြိုက်ပါ။

အကောင်းဆုံး ရလဒ်ကတော့ သူတို့ နှစ်ယောက်စလုံး

အတူတူ ပျက်စီးကြရခြင်း ဖြစ်သည်။

သို့သော်လည်းပဲ ကံမကောင်းစွာဖြင့်၊ လုံအိုထျန်းဟာ ကျွင်းရှောင်ယောက်ကို ခြိမ်းခြောက်ရန်အတွက် အားနည်းလွန်းလှသည်။

"ပြီးပြီလား"

ကျွင်းရှောင်ယောက်က ငြိမ်သက်နေသော တာအိုရေကန်ကြီးကို ကြည့်ရင်း ရေရွတ်လိုက်လေသည်။

ဤရိုတ်သိမ်းမှုက သူ့အတွက် ဆိုးတော့ မဆိုးပေ။

တာအိုအရင်းအမြစ် ရှေးဟောင်းသစ်ပင် တစ်ပင်တည်းကတောင် တိုင်းတာ၍မရနိုင်အောင်

တန်ဖိုးရှိနေပြီ ဖြစ်သည်။

ထို့ပြင် သူနှင့်ရင်းနှီးသူများကို အထောက်အကူပေးနိုင်သော အခွင့်အလမ်းများလည်း ရလိုက်ပါသေးသည်။

"ရှောင်ယောက်"

"သခင်လေး"

"နတ်ဘုရားသားတော်"

မနီးမဝေးမှ စီကွမ်သုံးဦးဖြစ်သော ကျွင်းမူလန်၊ ကျွင်းရွယ်ဟွမ်နှင့် ကျွင်းရှီယုတို့ ပျံသန်းလာခဲ့ကြသည်။ သူတို့၏ မျက်နှာပေါ်မှာတော့

ရှင်လန်းတက်ကြွမှုများ ပြည့်နှက်နေလေသည်။

သူတို့လည်း သက်ဆိုင်ရာ တာအိုရေကန်များမှ ရှိသမျှ ရတနာများကို ရှာဖွေယူလာခဲ့ကြသည်။

သူတို့နှင့် သင့်လျော်မှုရှိသော ရတနာများလည်း ရလာခဲ့ကြ၏။ ယင်းက ကြီးမားသော အောင်မြင်မှုဟု ဆို၍ရနိုင်သည်။

"အချိန်တန်ပြီ၊ သွားကြရအောင်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

အခြား ပါရမီရှင်များနှင့် ရှန်းကုသတ္တဝါများလည်း တိတ်တဆိတ် ခေါင်းခါယမ်းခဲ့ကြလေသည်။

အသားစားပြီးနောက် အရည်သောက်ရရန်
နေနေသာသာ စားကြွင်းစားကျန်ကိုပင် မရပေ။

ထိုအတွက် လှူပ်ရှားလိုက်ချင်သော်လည်း...

ကျွင်းရှောင်ယောက်၏ ခွန်အားနှင့်
လွှမ်းမိုးချုပ်ကိုင်မှုက လူတိုင်း၏ရင်ထဲတွင်
အထင်အရှားရှိနေဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်နှင့် အခြားသူများ
ထွက်ခွာခါနီးတွင်...

တာအိုရေကန်ကြီးက ရုတ်တရက်
တုန်လှုပ်သွားခဲ့သည်။

"ဘာတွေ ဖြစ်နေတာလဲ"

"တာအိုရေကန်က နောက်ထပ်
ပေါက်ကွဲတော့မှာလားဟ"

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ၊ တစ်ကြိမ်ပဲ
ပေါက်ကွဲနိုင်တာ မဟုတ်ဘူးလား"

ဤလှုပ်ရှားမှုက လမ်းကြောင်းအားလုံးမှ
ထွက်ခွာသွားတော့မည့် သတ္တဝါများကို
ခေတ္တရပ်သွားစေခဲ့သည်။

ကျွင်းရှောင်ယောက်နှင့် တခြားလူများလည်း
ရပ်သွားကြ၏။

"ဒါ..."

ကျွင်းရှောင်ယောက်လည်း တွေးလိုက်မိသည်။

ယင်းက ကျွင်းရှောင်ယောက်ရှိနေသည့် တာအိုရေကန်တစ်ခုတည်းတင် မဟုတ်ပေ။

အခြား တာအိုရေကန်ကြီး သုံးခုကလည်း ပွဲတင်ထပ်နေသကဲ့သို့ တစ်ချိန်တည်းတွင် တုန်လှုပ်သွား၏။

တခြားနေရာများမှ မီတာတစ်ထောင်၊ မီတာတစ်ရာ ရေကန်များလည်း တုန်လှုပ်သွားတော့သည်။

“ဒါက ဒဏ္ဍာရီလာ ဒုတိယ ပွဲတင်ထပ်ပြီး ပေါက်ကွဲမှုပဲလား"

ရှန်းကုသတ္တဝါတစ်ကောင်က အံ့အားသင့်စွာ ရေရွတ်လိုက်သည်။

ပွဲတင်ထပ်ပေါက်ကွဲခြင်း ဆိုသည်မှာ ရှန်းကုတာအိုရေကန် ဧရိယာတစ်ခုလုံးရှိ တာအိုရေကန်များ အားလုံး ပွဲတင်ထပ်ကာ ပေါက်ကွဲခြင်း ဖြစ်သည်။ ယင်းက ပို၍ကြီးမားသော အခွင့်အလမ်းများ ထွက်လာတော့မည့် အဓိပ္ပာယ်ပင်။

ဤဒုတိယပွဲတင်ထပ်သံပေါက်ကွဲမှုမျိုးက အလွန်တရာရှားပြီး ရှေးကတည်းက အကြိမ်ရေအနည်းငယ်သာ ရှိဖူးသည်။

သို့သော်လည်း ယခုအခါ ထပ်မံ တုန်ခါလာခဲ့ပြီ။

"ဒုတိယ ပွဲတင်ထပ်သံ ပေါက်ကွဲမှုလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင် ထူးဆန်းသော အလင်းရောင်များ ပေါ်လာသည်။

သူ့ကံကလည်း သိပ်မဆိုးသေးပေ။

“ဒီလိုသာဆိုရင် ဒုတိယပွဲတင်ထပ်ပေါက်ကွဲမှုရဲ့ အခွင့်အလမ်းက ပထမအကြိမ်ထက် ပိုရှားပါးပြီး အဖိုးတန်ဆုံးဖြစ်နိုင်တယ်”

ကျွင်းမူလန်က ပြောလိုက်သည်။

ရှန်းကုတာအိုရေကန်ကို မရောက်ခင်ကတည်းက ဒုတိယ ပွဲတင်ထပ် ပေါက်ကွဲအကြောင်း တစ်ခုခုကို သူမ ကြားသိခဲ့ပေသည်။

"မှန်တာပေါ့၊ အခု ဘယ်လိုအရာတွေ

ထွက်လာမလဲဆိုတာ ကြည့်ရအောင်"

ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်နှင့် အခြားသူများက
ရှိနေသေးကြောင်း မြင်ရသောအခါ ပတ်ဝန်းကျင်မှ
လူအားလုံး မျက်နှာရှုံ့မဲ့သွားကြသည်။

အကျိုးအမြတ်အားလုံးကို ကျွင်းရှောင်ယောက်မှ
ဖယ်ထုတ်ခံရပြီး အခြားမည်သူမျှ အရည်တစ်မှုတ်ပင်
သောက်ကြရမည် မဟုတ်ပေ။

'ချီးတဲ့မှပဲ၊ ကံမကောင်းလိုက်တာကွာ'

လူတိုင်းက နှလုံးသားထဲတွင်
ကျိန်ဆဲနေကြသော်လည်း အပြင်ဘက်ကိုတော့
ထုတ်မပြောဝံ့ပေ။

ယခုတော့ သူတို့အားလုံး အမြင်ကျယ်စေရုံသာ ရှိကြသည်။

ရှန်းကုရေကန် တစ်ခုလုံးကတော့ ပွဲတင်ထပ်နေဆဲပင်။

ဤအတက်အကျက အလွန်ပြင်းထန်ပြီး ယခင်ပေါက်ကွဲမှုထက် ဆယ်ဆပို၍ပြင်းထန်သည်။

"ဒီတစ်ခါ ဘယ်လိုရတနာတွေ ထွက်လာမလဲ"

"ဒါဟာ ငါတို့ စိတ်ကူးမယဉ်နိုင်တဲ့ ရတနာမျိုးပဲ ဖြစ်ရမယ်"

လူတော်တော်များများ စောင့်မျှော်နေခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများမှာလည်း စူးစမ်းလိုစိတ်များ လှစ်ဟလာလေသည်။

သူ့အမြင်သည် အလွန်မြင့်မား၍ သာမန်ရတနာများမှာ သူ့ကို အမှန်တကယ် အထင်ကြီးစေနိုင်ခြင်းမရှိပေ။

တာအိုအရင်းအမြစ် ရှေးဟောင်းသစ်ပင်ပင်ကိုပင် ကျွင်းရှောင်ယောက်က ကောင်းသည်ဟုသာ ထင်ခဲ့ခြင်း ဖြစ်သည်။ ထို့ထက်ပို၍ အထူးအံ့သြခြင်း မရှိပေ။

"ရှန်းကုတာအိုရေကန်ရဲ့ အစစ်အမှန်ရတနာက ဘာလဲဆိုတာ ကြည့်ရအောင်"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ကာ တည်ငြိမ်စွာဖြင့် ပြုံးလိုက်သည်။

ဤဒုတိယပေါက်ကွဲမှုအတွက် ပြင်ဆင်ချိန်က
ပထမအကြိမ်ထက် များစွာပိုကြာသည်။

ကျွင်းရှောင်ယောက်လည်း စိတ်ရှည်သည်းခံပြီး
စောင့်ဆိုင်းခဲ့ပေသည်။

သို့သော်လည်း ရှန်းကုတာအိုရေကန်များ၏
အတက်အကျများက ယခင်ကထက်
ပိုမိုအားကောင်းလာရာ ဤရေယာဉ်
ကန့်သတ်ထားခြင်း မရှိတော့ပေ....

ထိုအချိန်မှာ တခြားဒေသတစ်ခုတွင်...

အခွင့်အလမ်းကို သန့်စင်နေသော
လူငယ်လေးတစ်ဦးက ရုတ်တရက်

မျက်လုံးဖွင့်လိုက်သည်။

ဤသည်မှာ အရှိန်အဝါကြီးသော လူငယ်တစ်ဦး ဖြစ်ပေသည်။ သူသည် ရွှေရောင်ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး အနက်ရောင်ဆံပင်များကိုလည်း အနောက်ဘက်တွင် ဖြည်ချထား၏။ သူ၏ ဦးခေါင်း အနောက်ဘက်မှာတော့ အဆုံးမဲ့သန့်စင်သောအလင်းရောင်များ ထုတ်လွှတ်နေသော နတ်အလင်းစက်ဝိုင်းတစ်ခု ရှိတေသည်။

သူဟာ အလွန်တည်ကြည်ပြီး အရှိန်အဝါကလည်း လျှို့ဝှက်ဆန်းကြယ်ပြီး နက်နဲလွန်း၍ လူများမှ သူ့ကို အလိုလို ဦးညွှတ်ကိုးကွယ်လိုစိတ် ဖြစ်စေသည်။

“အဲဒါက…”

လူငယ်က တစ်ယောက်တည်း ရေရွတ်လိုက်လေသည်။

သူ့မျက်လုံးများတွင် ထူးဆန်းသော
အလင်းရောင်တစ်ခု တောက်ပလာပြီး ရှေ့သို့
ခြေတစ်လှမ်းတိုးလိုက်သည်။

ထို့နောက်မှာတော့ ထိုအတက်အကျများ ဦးတည်ရာသို့
ပျံသန်းသွားတော့သည်။

၎င်းမှာ ရှန်းကုတာအိုရေကန်၏ ဦးတည်ရာပင်
ဖြစ်သည်။

တခြား ရတနာမြေတစ်ခုတွင်....

အဖိုးတန် ရွှေနီရောင်ဝတ်စုံဝတ်ထားသော

အမျိုးသားတစ်ဦးကလည်း ဤအရှိန်အဝါကို ခံစားမိသွားသည်။

သူ့နောက်ကျောတွင် အတောင်ပံတစ်စုံ ပေါ်လာခဲ့၏။ နတ်မီးတောက်များကလည်း ကောင်းကင်ကို လောင်ကျွမ်းစေနိုင်သကဲ့သို့ ဖြာထွက်နေတော့သည်။

"ဒါက အမြင့်ဆုံးအခွင့်အလမ်းတစ်ခုရဲ့ အရှိန်အဝါပဲ။ ငါ ဘယ်လိုလုပ်ပြီး လက်လွှတ်ခံနိုင်မှာလဲ"

လူငယ်က ရယ်မောပြီး အတောင်များကို ခတ်လိုက်သည်။ ထို့နောက်မှာတော့ သက်တန့်အလင်းကဲ့သို့ အဝေးကို ပျံသန်းသွားတော့သည်။

လျှို့ဝှက်သော ချိုင့်ဝှမ်းတစ်ခုတွင်။

လှပသောရုပ်ပုံလွှာတစ်ခုက
ပေါ့ပါးသောခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဤနေရာတွင်
ရှိနေခဲ့ပါက ဤမိန်းကလေးကို
အသိအမှတ်ပြုမိပေလိမ့်မည်။ သူမက
နတ်ဆိုးနတ်ဘုရားနန်းတော်၏ နတ်ဘုရားမ
ရန်ယုမန်ပင် ဖြစ်သည်။

--------

အခန်း ( ၄၂၇ ) ကြီးမားသော အခွင့်အလမ်း၊
အင်မော်တယ်အကြွင်းအကျန်သွေး၊ အင်မော်တယ်
အင်အားစုကြီးသုံးခု၏ မျိုးဆက်များ
ရောက်ရှိလာသည်။

ရန်ယုမန်တွင်း ပြီးပြည့်စုံစွာ လှပသော မျက်နှာနှင့် အပြစ်အနာအဆာကင်းသော ခန္ဓာကိုယ် ရှိသည်။

သူမ၏ အသားအရေကလည်း ကြည်လင်ချောမွေ့နေပေသည်။

သူမက ပန်းရောင်ဂါဝန်နှင့် အပြာရောင် ရေတံခွန်လှိုင်းကဲ့ ပိုသားဝတ်စုံကို ဝတ်ဆင်ထားကာ နှင်းဖြူကဲ့သို့ အသားရေနှင့် သွယ်လျသော ခြေအစုံကို ပိုင်ဆိုင်ထားသည်။

ရန်ယုမန်ဟာ အမှန်တကယ် ပြီးပြည့်စုံပြီး သူမ၏ အနေအထားက အနည်းငယ် အေးစက်မှုရှိသည်။

အကယ်၍ သူမ၏ အထောက်အထားကို မသိခဲ့ပါက နတ်ဆိုးမျိုးနွယ်မှ မိန်းကလေးတစ်ဦးဟု

ဘယ်သောအခါမှ တွေးထင်မိကြမည်မဟုတ်ပေ။

သူမက နတ်သမီးတစ်ပါးနီးပါးပင်
သန့်စင်လွန်းလှသည်။

'အဲဒီ အရှိန်အဝါက သေချာပေါက်
အခွင့်ကောင်းတစ်ခုပဲ'

ရန်ယုမန်က တစ်ယောက်တည်းတွေးလိုက်သည်။
သူမ၏ လှပသော မျက်လုံးများမှာလည်း
ထူးခြားသော နတ်ဆိုးအလင်းတို့
တောက်ပလာလေသည်။

ထိုထူးဆန်းသော အနေအထားက ရန်ယုမန်နှင့်
မတူပေ။

........

နေ့တစ်ဝက်ခန့် ကုန်သွားသည်။

ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံးက တဖြည်းဖြည်းနှင့် ပွက်ပွက်ဆူလာကာ ပဲ့တင်ထပ်စွမ်းအားကလည်း ပိုအားကောင်းလာခဲ့၏။

ကျွင်းရှောင်ယောက်လည်း လွန်စွာစိတ်ရှည်ပြီး စောင့်ဆိုင်းနေခဲ့သည်။

တစ်ဖက်တွင် ကျွင်းမူလန်က မျက်မှောင်ကြုတ်ကာ ပြောသည်။

"ရှောင်ယောက်၊ ရှန်းကုတာအိုရေကန်ရဲ့ အတက်အကျတွေက သန်မာလွန်းတယ်။ ဒီအတိုင်း ဆက်ဖြစ်နေရင် တခြားဒေသက ပါရမီရှင်တွေကို

ဆွဲဆောင်နိုင်ပြီး ပြဿနာဖြစ်လာလိမ့်မယ်"

ရှန်းကုကမ္ဘာကြီးတစ်ခုလုံးက အလွန်ကြီးမားသည်။

ရှန်းကုတာအိုရေကန် တည်ရှိရာနေရာက ၎င်းတို့ထဲမှ တစ်ခုမျှသာ ဖြစ်ပေသည်။

အခြားနေရာများတွင်လည်း ရှန်းကုတာအိုရေကန်ထက် မနိမ့်ကျသော အခွင့်အလမ်းများ ရှိကြသည်။

သို့သော်လည်း ယခုအကြိမ်တွင် ရှန်းကုတာအိုရေကန်၏ ဒုတိယအကြိမ် ပေါက်ကွဲမှုက အလွန်ကြီးမားသော သက်ရောက်မှုကို ဖြစ်စေသည်။

ယင်းက အခြားဒေသများမှ ပါရမီရှင်များကို ဆွဲဆောင်နိုင်မည်မှာ မလွဲမသွေပင်။

ထိုအချိန်တွင် အခြေအနေက အနည်းငယ် ရှုပ်ထွေးလာနိုင်သည်။

"ကိစ္စမရှိပါဘူး၊ ဘယ်သူပဲလာလာ... ဘာကို ဂရုစိုက်ရမှာလဲ။ သူတို့အတွက် ဘာကကောင်းမှန်း မသိဘူးဆိုရင် သတ်ပစ်လိုက်ရုံပဲ"

ကျွင်းရှောင်ယောက်၏ အမူအရာက တည်ငြိမ်နေပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကျွင်းမူလန်လည်း လျှာကိုက်လိုက်လေသည်။

အမှန်ပင် ခွန်အားရှိပါက ဘာမဆို လုပ်နိုင်သည်။

အခြားပါရမီရှင်များသာ အခွမ်းအလမ်းကောင်းကို
ရှာတွေ့ခဲ့ပါက စိုးရိမ်ကြောင့်ကြစွာဖြင့် အခြားသူများ
ရှာမတွေ့နိုင်ရန် ဖုံးကွယ်ထားကြပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်အတွက်ကတော့
ဖုံးကွယ်ထားရန် မလိုပေ။

ဤသို့ဖြင့် နောက်ထပ် နာရီဝက်ကျော်ကြာသွားသည်။

မီတာတစ်သောင်းရှိသော တာအိုရေကန်ကြီးလေးခုက
တပြိုင်နက်တည်းတွင် လှိုင်းလုံးကြီးများ
ရိုက်ခတ်လာခဲ့သည်။

ရေဆင်နှာမောင်းကဲ့သို့ ရေဝဲကြီးလေးခုသည်
ကောင်းကင်သို့ ထောင်တက်လာပြီး

ရေကန်လေးခုစလုံးဖြင့် ချိတ်ဆက်သွား၏။

တစ်ချိန်တည်းမှာပင်၊ တုန့်ငြိမ်းမရအောင်
လျှို့ဝှက်ဆန်းကြယ်သည့် အရှိန်အဝါများဖြင့်
အလင်းတန်းတစ်ခုက ရေပြင်အလယ်တွင်
ထွက်ပေါ်လာတော့သည်။

အလင်းရောင်ထဲတွင် သွေးတစ်စက်ကို
ဖျတ်ခနဲမြင်ရသည်။

ဟုတ်ပေသည်။

ရှန်းကုတာအိုရေကန်၏ ဒုတိယအကြိမ် ပွဲတင်ထပ်
ပေါက်ကွဲမှုက အခြား ရတနာများကို မထုတ်ပေးခဲ့ပေ။

သွေးတစ်စက်မျှသာ ပေါ်လာသည်။

သို့ရာတွင် ဤသွေးတစ်စက်က ကမ္ဘာကြီးတစ်ခုလုံး၏ အရှိန်အဝါကို ထူးထူးခြားခြားဖြစ်လာစေခဲ့သည်။

ထိုသွေးတစ်စက်က ကောင်းကင်မှ နေ၊ လနှင့် ကြယ်များကို ရောင်ပြန်ဟပ်နေပုံရပေသည်။

ဤသွေးတစ်စက်က တစ်ကမ္ဘာလုံးကို လွှမ်းခြုံထားခဲ့ပုံရသည်။

"ဒါ...အဲဒါက ဘာကြီးလဲ"

"အမိပမိသွေးများလား၊ မဟုတ်သေးဘူး၊ ပိုကြောက်စရာကောင်းတယ်လို့ ခံစားရတယ်"

"လေထဲမှာ အင်မော်တယ်ချီတွေကို ဘာဖြစ်လို့ ခံစားနေရတာလဲ၊ ငါ လူတစ်ကိုယ်လုံး ပျံတက်လာတော့မယ်ထင်တယ်"

အရပ်ရပ်မှ ရှန်းကုသတ္တဝါ၊ အပြင်ကမ္ဘာမှ ပါရမီရှင် အားလုံးတို့၏ တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်သံများ ထွက်ပေါ်လာသည်။

သွေးတစ်စက်မျှသာဖြစ်သော်လည်း ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲသွားသလို လွှမ်းမိုးမှုများ ရှိနေခဲ့ပေသည်။

သွေးတစ်စက်၊ ကမ္ဘာတစ်ခု။

"အဲဒါက......"

သာမာန် ပါရမီရှင်များ မဆိုထားဘိ၊ ကျွင်းမူလန်နှင့် အခြားသော စီကွမ်များပင် အလွန်အံ့သြသွားခဲ့သည်။

သူတို့၏ နောက်ခံအနေအထားအရ သာမန်ရတနာများဟာ အံ့သြစရာ မဟုတ်တော့ပေ။

သို့ရာတွင် ယခုအချိန်မှာတော့ ကျွင်းမူလန်နှင့် အခြားသူအားလုံး အလွန် အံ့သြသွားကြပြီ ဖြစ်သည်။

ထိုသွေးစက်၏ အရှိန်အဝါက ထူးကဲလွန်းလှသည်။

"ဒါဘယ်သူ့သွေးလဲ"

ကျွင်းရှယ်ဟွမ်လည်း မှင်တက်သွားလေသည်။

"ဒါဟာ အဓိပဓိထက် ပိုအားကောင်းပြီး အင်မော်တယ်အငွေ့အသက်တွေ ပါဝင်နေတယ်။ ဒါက အကြွင်းအကျန် အင်မော်တယ်သွေးများလား"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

"ဘာ၊ အကြွင်းအကျန် အင်မော်တယ်သွေးလား"

ကျွင်းမူလန်နှင့် တခြားသူများ အသက်ပြင်းပြင်းရှူလိုက်ကြ၏။

"စစ်မှန်တဲ့ အင်မော်တယ်သွေးဟာ ဒီထက်ပိုပြီး စွမ်းအားကောင်းသင့်တယ်၊ ဒါပေမဲ့ ဒီသွေးတစ်စက်ကတော့ အဓိပဓိထက် သာလွန်တယ်"

"ဒါပေမဲ့လည်း သူ့မှာ အင်မော်တယ် အငွေ့အသက်တွေမရှိလို့ မဟာဧကရာဇ်ရဲ့

သွေးမဟုတ်တာ ထင်ရှားတယ်။ ဒါကြောင့်
ခန့်မှန်းကြည့်ရမယ်ဆိုရင် ဒါက အကြွင်းအကျန်
အင်မော်တယ်သွေးပဲ"

ကျွင်းရှောင်ယောက်က လေးနက်သော
မျက်လုံးများဖြင့် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏ မြင်နိုင်စွမ်းက
အလွန်မြင့်မားကြောင်း ဝန်ခံရပေမည်။

သာမန်လူများအတွက် စီရင်ရန်
ခက်ခဲသောအရာများကို သူ ဖော်ထုတ်နိုင်သည်။

ကျွင်းရှောင်ယောက်၏ စကားကိုကြားတော့
ကျွင်းမူလန်နှင့် အခြားသူများ လွန်စွာ
အံ့သြသွားကြသည်။

ပတ်ဝန်းကျင်မှ လူများလည်း
အသက်ရှူရပ်လုမတတ်ပင်။

သူတို့အတွက် အဓိပဓိသွေးဆိုလျှင်ပင်
အကြွင်းမဲ့ရတနာတစ်ခု ဖြစ်နေပြီ ဖြစ်သည်။

အကြွင်းအကျန် အင်မော်တယ်သွေးနှင့်
ပတ်သက်လျှင်တော့....

တွေးတောင်မတွေးရဲကြပေ။

ဤအခွင့်အလမ်းကို ဖြန့်လိုက်ပါက လူတိုင်း
ရူးသွပ်သွားနိုင်သည်။ ဤသွေးဆောင်မှုကို ဘယ်သူမှ
တွန်းလှန်နိုင်မည်မှာ မဟုတ်ပေ။

အကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်၏
တန်ဖိုးက ရိုးရှင်းစွာပင် တိုင်းတာ၍မရပါ။

ယင်းက အဓိပဓိအထက်မှ တန်ခိုးရှင်များအတွက်ပင်
အလွန်ဆွဲဆောင်မှုရှိသည်။

"အိမ်း၊ ဒီရှန်းကုကမ္ဘာရဲ့ အခွင့်အလမ်းက
နောက်ဆုံးတော့ ငါ့ကို အမြင်ကျယ်စေခဲ့ပြီပေါ့"
ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

နောက်ဆုံးမှာတော့ သူ့ကို အနည်းငယ်
အံ့သြသွားစေသော ရတနာတစ်ခု ထွက်ပေါ်လာခဲ့ပြီ။

အကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်က
ကြီးမားသော အကျိုးသက်ရောက်မှုနှင့်
တိုင်းတာ၍မရသော တန်ဖိုးရှိသည်။ ၎င်းသည်

ကျွင်းရှောင်ယောက်အတွက် အလွန်အသုံးဝင်ပြီး မရှိမဖြစ် ရတနာတစ်ခုဟုပင် ဆိုရပေလိမ့်မည်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ပြီး အကြွင်းအကျန် အင်မော်တယ်သွေးကို ဖမ်းဆုပ်လိုက်သည်။

ပတ်ဝန်းကျင်မှ လူများလည်း မနာလိုစိတ်များဖြင့် မျက်နှာများ ပြာနှမ်းသွား၏။

သို့သော်လည်း အကြွင်းအကျန် အင်မော်တယ်သွေးက တန်ပြန်တုန်ခါမှုနှင့်အတူ ပေါက်ကွဲထွက်ကာ ကျွင်းရှောင်ယောက်၏ လက်ကိုပင် လှုပ်ယမ်းသွားစေခဲ့တော့သည်။

"အင်မော်တယ်သွေးက အသက်ရှိနေသေးလား"

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်လိုက်သော်လည်း များစွာမအံ့သြပေ။

စစ်မှန်သော အင်မော်တယ် သွေးတစ်စက်က အဓိပဓိကိုသတ်ရန် လုံလောက်သည်ဟု ကောလဟာလများ ရှိသည်။

ဤအကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်ကတော့ အချိန်အတိုင်းအတာတစ်ခုအထိ အိပ်စက်နေခဲ့မှန်း သိသာထင်ရှားသည့်တိုင် ဝိညာဉ် ရှိနေဆဲဖြစ်၍ ဖိနှိပ်ရန် လွယ်ကူမည်တော့ မဟုတ်ပေ။

ကျွင်းရှောင်ယောက်လည်း နတ်ဘုရားစွမ်းအင်များဖြင့် ပေါက်ကွဲထွက်ပြီး အကြွင်းအကျန် အင်မော်တယ်သွေးကို ထပ်မံ ဖမ်းဆုပ်လိုက်သည်။။

သို့သော်လည်း ဤအခိုက်တွင် ဟိုးအဝေး ကောင်းကင်မှ အပြောင်းအလဲတစ်ခု ပေါ်လာသည်။

အရှေ့ဘက်တွင်၊ အဆုံးမဲ့ ရွှေရောင်အလင်းတန်းများ တဖျပ်ဖျပ်ဖျပ်လတ်နေပြီး ကောင်းကင်တစ်ခုလုံး တောက်ပသွားခဲ့သည်။

ရွှေရောင်နတ်မင်း ဆင်းသက်လာသကဲ့သို့ အရာအားလုံး ထိန်တောက်သွား၏။

ထိုလူငယ်က ရွှေရောင်ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး ဦးခေါင်း အနောက်ဘက်တွင်လည်း ရွှေရောင် အလင်းစက်ဝိုင်းတစ်ခု ရှိနေသည်။

သူ ခြေတစ်ချက်လှမ်းလိုက်တိုင်း ရွှေရောင်လှိုင်းများ

ဖြာထွက်လာကာ လေထု အတက်အကျများအား ဖြစ်စေခဲ့ပေသည်။

"ဟမ်... သူက..."

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အရောင်လက်သွားသည်။

"ဒါက ဗုဒ္ဓသားတော်ပဲ၊ သူတကယ်ပေါ်လာခဲ့ပြီ"

ပြင်ပကမ္ဘာမှ ပါရမီရှင်တစ်ယောက်ကလည်း အော်လိုက်၏။

ဗုဒ္ဓသားတော်မှာ အစွမ်းထက် ပါရမီရှင်ဖြစ်ပြီး ဗုဒ္ဓဂိုဏ်း၏ ဆက်ခံသူ ဖြစ်သည်။

သူနှင့် သူတော်စင်ပေမီဟူက တူညီသောအင်အားစုမှ

ဆင်းသက်လာသော်လည်း သူ့ခွန်အားမှာ ပေမီဟူထက် များစွာ အားကောင်းသည်။

ထိုအချိန်တွင် အနောက်ဘက်ကောင်းကင် ရုတ်တရက် မီးလျှံများ ပြည့်နှက်သွားခဲ့သည်။ ကောင်းကင်က လောင်ကျွမ်းနေပုံရကာ ကြက်သွေးရောင်ဖြစ်နေခဲ့၏။

ကောင်းကင်မှ အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီးနောက် လေထဲတွင် ရပ်တန့်သွားတော့သည်။

၎င်းက နောက်ကျောတွင် အတောင်ပံများရှိသည့် ရွှေနီရောင်ဝတ် လူငယ်တစ်ဦးဖြစ်သည်။ သူက အတောင်တစ်ချက်ခတ်လိုက်တိုင်း မီးပင်လယ်ကလည်း ကောင်းကင်ယံသို့ ပျံတက်သွားလေသည်။

"ဒါက အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းရဲ့
ဖီးနစ်သားတော် ဟွမ်ထျန်းကဲ ပဲ"

ဟွမ်ထျန်းကဲကိုသိသော အပြင်လူများ၏
မျက်လုံးများက ပြူးကျယ်လာပြန်သည်။

ဗုဒ္ဓသားတော် ပေါ်လာပြီးသည်နှင့် ဟွမ်ထျန်းကဲလည်း
ရောက်လာသည်။

သို့ရာတွင် တုန်လှုပ်မှုက မပြီးဆုံးသေးပါ။

တောင်ဘက်ပိုင်း ကောင်းကင်ယံ၌ လနန်းတော်ရှိ
နတ်သမီးကဲ့သို့ လှပသောရုပ်သွင်တစ်ခု ပေါ်လာသည်။

"ဟင်...အဲဒါက နတ်ဆိုးနတ်ဘုရားနန်းတော်ရဲ့ နတ်သမီး ရန်ယုန်ပါလား၊ သူလည်း ဒီမှာပေါ့"

အရပ်ရပ်မှ အဆုံးမရှိ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်သံများ ထွက်ပေါ်လာခဲ့သည်။

ရှန်းကုတာအိုရေကန်မှ ဤအတက်အကျမျိုးသည် အင်မော်တယ်အင်အားစုသုံးခုမှ မျိုးဆက်သုံးခုကို တစ်ပြိုင်နက်တည်း ဆွဲဆောင်နိုင်မည်ဟု မည်သူက ထင်ထားခဲ့မည်နည်း။

ဗုဒ္ဓဂိုဏ်းမှ ဗုဒ္ဓသားတော်။

နတ်ဆိုးနတ်ဘုရားနန်းတော်၏ နတ်သမီး။

အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ ဖီးနစ်သားတော်။

ဤသုံးဦးစလုံးက အပြင်နယ်မြေ၌ဖြစ်စေ၊
ရှန်းကုကမ္ဘာတွင်ဖြစ်စေ နာမည်ဂုဏ်သတင်း
ကြီးမားသည်။

ယခုမူ သူတို့အားလုံး
ကြီးမားသောအခွင့်အလမ်းတစ်ခုအတွက်
ယှဉ်ပြိုင်ကြရန် ရောက်ရှိလာကြ၏။

သို့သော်လည်း အခွင့်အလမ်းကို
လက်ဝါးကြီးအုပ်ထားသူမှာ ကျွင်းမိသားစုမှ
နတ်ဘုရားသားတော် ဖြစ်နေသည်။

ယခုအခါ ကြည့်ရှုရန် ပွဲကောင်းတစ်ခု
ထွက်ပေါ်လာချေပြီ။

---------

အခန်း ( ၄၂၈ ) အင်မော်တယ် အင်အားစု၏ ဆက်ခံသူသုံးဦး၊ စစ်ဘုရင် ကျွင်းရှောင်ယောက်။

"အဲဒီ စွမ်းအင် အတက်အကျက..."

ဗုဒ္ဓသားတော်၊ ဟွမ်ထျန်းကဲနှင့် ရန်ယုမန်တို့က ရောက်ရှိလာကြသည်နှင့် အကြွင်းအကျန် အင်မော်တယ်သွေးအပေါ်သို့ ကျရောက်သွားခဲ့သည်။

"ဒီလောက် ကြီးကျယ်ခမ်းနားတဲ့ စွမ်းအင်၊ ဒါက အင်မော်တယ် အငွေ့အသက်လည်း ရှိနေတာဆိုတော့... အကြွင်းအကျန် အင်မော်တယ်သွေးများလား"

"ဟုတ်တယ်၊ ဒါက အကြွင်းအကျန်
အင်မော်တယ်သွေးပဲ။ ဟားဟားဟား…
ဒီလိုအခွင့်အရေးကို ကြုံရမယ်လို့ မမျှော်လင့်ထားဘူး"

ဗုဒ္ဓသားတော်နှင့် ဟွမ်ထျန်းကဲ၏ မျက်လုံးများက
တောက်ပလာခဲ့သည်။

တစ်ဖက်တွင်မူ ရန်ယုမန်၏ လှပသော
မျက်လုံးများမှာလည်း အလင်းတန်းများ ရှိနေသည်။

ထို့နောက်တွင် သူ့မျက်လုံးအကြည့်က အကြွင်းအကျန်
အင်မော်တယ်သွေးကို ဖမ်းဆုပ်ရန် ကြိုးစားနေသော
အဖြူရောင်ဝတ်လူငယ်ထံ ကျရောက်သွား၏။

"ဒါ သူပဲ"

ရန်ယုမန်၏ မျက်လုံးများက တုန်ခါသွားကာ နူးညံ့သော ခန္ဓာကိုယ်လေးကလည်း မသိစိတ်၏ စေ့ဆော်မှုဖြင့် တင်းမာလာသည်။

ဤဘဝတွင် ရန်ယုမန် အတူမဆုံချင်ဆုံး လူတစ်ယောက် ရှိမည်ဆိုလျှင် ကျွင်းရှောင်ယောက်သာ ရှိလိမ့်မည်။

အောက်ကမ္ဘာရှိ မြင်ကွင်းများက သူမစိတ်ထဲမှာ ကွက်ကွက်ကွင်းကွင်း ရှိနေဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူမ၏ သွယ်လျသော ခြေတံရှည်တွေကို ဆုပ်ကိုင်ကာ သူမ၏ ပုံစံအစစ်အမှန်က ဘာလဲဟူ၍ မေးခဲ့သည်။

ၒင်းက သူမကို အမှန်တကယ် စားချင်နေပေသည်။

ဟုတ်သည်၊ ယင်းက စားချင်ရုံသာဖြစ်ပြီး
အထူးအထွေးမျိုး မရှိပေ။

သူက သူမကို စားချင်နေသည်။

ရန်ယုမန်သည် နတ်ဆိုးမျိုးနွယ်မှဖြစ်၍ သူမ၏ပုံစံမှာ
သဘာဝအတိုင်း လူသားမဟုတ်သောကြောင့်
စားသုံး၍ရသည်။

ယခု ဤလူကိုပဲ ပြန်မြင်ရသောအခါ ရန်ယုမန်လည်း
နတ်ဆိုးတစ်ကောင်ကို မြင်လိုက်ရသသကဲ့သို့
ခံစားလိုက်ရသည်။

သို့သော်လည်း အကြွင်းအကျန်
အင်မော်တယ်သွေးတစ်စက်၏
ကြီးကျယ်ခမ်းနားသော အတက်အကျကို
ခံစားလိုက်ရသောအခါ ရန်ယုမန် အံကြိတ်ပြီး
ဆက်လက်တောင့်ခံရပ်ခဲ့သည်။

တချိန်တည်းမှာပင် ဟွမ်ထျန်းကဲနှင့် ဗုဒ္ဓသားတော်က
ကျွင်းရှောင်ယောက်ကို သတိပြုမိသည်။

"သူက ကျွင်းရှောင်ယောက်ပဲ..."
ဟွမ်ထျန်းကဲ၏ မျက်လုံးများက အရောင်
ဖျတ်ခနဲလက်သွားခဲ့လေသည်။

ဗုဒ္ဓသားတော်၏ မျက်လုံးများတွင်လည်း
ထူးဆန်းသောအလင်းများ ရှိသည်။

ယခင်က သူသည် အခွင့်အလမ်းများကို သန့်စင်ရန် ဆုတ်ခွာနေခဲ့ရ၍ ပေမီဟူ သေသွားပြီမှန်း မသိရှိသေးပေ။

ထိုအကြောင်းကို သိခဲ့ပါက ဤမျှ သူ တည်ငြိမ်နေမည် မဟုတ်ပါချေ။

ကျွင်းရှောင်ယောက်ကလည်း သူတို့ သုံးယောက် ရောက်လာခြင်းကို သတိပြုမိသည်။

သို့သော်လည်း သူဟာ မည်သည့်လှုပ်ရှားမှုမျှ မပြုလုပ်ဘဲ အကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်ကို ဖိနှိပ်ရန်သာ ကြိုးပမ်းနေခဲ့သည်။

ကျွင်းမူလန်၊ ကျွင်းရှီယုနှင့် တခြားသူများကတော့

သတိတရားများ အစွန်တွင် အသင့်အနေအထားဖြင့် ရပ်လိုက်သည်။

သို့သော်လည်း ထိုအချိန်တွင် ပတ်ဝန်းကျင်ရှိ လူအုပ်ထဲမှ ဟွမ်ထျန်းကဲနှင့် ဗုဒ္ဓသားတော်ထံ တစ်စုံတစ်ခုအား အသံလွှင့်၍ ပြောလာသည်။

ဤစကားသံများကို ကြားရပြီးသော် ဟွမ်ထျန်းကဲနှင့် ဗုဒ္ဓသားတော် နှစ်ဦးစလုံး၏ မျက်နှာအမူအရာများ တစ်ပြိုင်နက်တည်း ပြောင်းလဲသွား၏။

သူတို့၏ မျက်လုံးများမှာတော့ အအေးဓာတ်များ လွန်ကဲလာတော့သည်။

"ကျွင်းရှောင်ယောက်၊ ငါတို့ ရောက်လာတာတောင် မလှုပ်ရှားဘူးလား"

ဟွမ်ထျန်းကဲက ပထမဆုံး စကားစလာသည်။

ကျွင်းရှောင်ယောက်ကတော့ တည်ငြိမ်စွာဖြင့် အကြွင်းအကျန် အင်မော်တယ်သွေးကို ဖိနှိပ်နိုင်ရန် ကြိုးစားနေဆဲပင်။ သူက ၎င်းတို့သုံးဦးကို လုံးဝ ဂရုမစိုက်ပါ။

"မင်း..."

ဟွမ်ထျန်းကဲ၏မျက်နှာက ပို၍ ညိုမှိုင်းလာပြီး ပြောလိုက်သည်။

"မင်း ငါ့ ဖီးနစ်ဝိညာဉ်တောင်တန်းက ဟွမ်ရှမ်းရီနဲ့ ဖုန့်ချင်းလင်ကို သတ်ပစ်လိုက်တယ် မဟုတ်လား"

သို့သော်လည်း ကျွင်းရှောင်ယောက်က စကားပြန်ပြောရန် ပျင်းရိလွန်းလှ၏။

ဗုဒ္ဓသားတော်လည်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ သူဟာ ရွှေရောင်ရှေးဗုဒ္ဓကဲ့သို့ မွန်မြတ်သော အရှိန်အဝါရှိကာ လူတိုင်းကို ဦးညွတ်လိုစိတ် ဖြစ်စေသည်။

သို့သော်လည်း ဤအခိုက်မှာတော့ သူ့မျက်လုံးများက အလွန်အေးစက်နေခဲ့ပြီ။

"ပေမီဟူ သေပြီ၊ မင်း သူ့ကို သတ်လိုက်တာ မဟုတ်လား"

ဗုဒ္ဓသားတော်၏ လေသံက ရေခဲကဲ့သို့ အေးစက်သွားသည်။

သူတို့နှစ်ယောက်၏ မေးခွန်းများကို ရင်ဆိုင်ရင်း နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်က

စကားစခဲ့သည်။

ရိုးရိုးရှင်းရှင်း စကားလေးတစ်ခွန်းသာ ဖြစ်၏။

"ထွက်သွား"

ဤစကားကိုကြားတော့ ဟွမ်ထျန်းကဲနှင့်
ဗုဒ္ဓသားတော်၏ မျက်လုံးများက
တုန်လှုပ်သွားတော့သည်။

မောက်မာသူကို မြင်ဖူးသော်လည်း ဤမျှ
မောက်မာသူကိုတော့ တခါမှ မတွေ့ကြဘူးပေ။

ယခုအခါတွင် အင်မော်တယ် အင်အားစုကြီးသုံးခု၏
အမွေဆက်ခံသူအားလုံး ပေါ်လာပြီဖြစ်သော်လည်း

ကျွင်းရှောင်ယောက်က ဘာမှမထူးခြားသေးပါချေ။

“မင်းတို့နှစ်ယောက် အတူတူ တိုက်ခိုက်ကြမလား၊
အကြွင်းအကျန် အင်မော်တယ်သွေးကိုတော့
နောက်ဆုံးမှ ဘယ်သူပိုင်မယ်ဆိုတာကို ဆုံးဖြတ်မယ်"

ဗုဒ္ဓသားတော်က ကြောက်စရာကောင်းသော
သတ်ဖြတ်ချင်စိတ်တို့ဖြင့် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က သူတော်စင် ပေမီဟူကို
သုတ်သင်ဖယ်ရှားပစ်ခဲ့၏။
ဗုဒ္ဓသားတော်တစ်ယောက်အနေဖြင့်
လက်စားမချေလျှင် ယုတ္တိမတန်သကဲ့သို့
ဖြစ်လိမ့်မည်။

"ကောင်းပြီ"

ဟွမ်ထျန်းကဲက အနည်းငယ် ခေါင်းညိတ်လိုက်သည်။

အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်း၏
အဓိကပါရမီရှင်အနေဖြင့် ဟွမ်ထျန်းကဲ၏ ခွန်အားမှာ
ဟွမ်ရှမ်းရီနှင့် ဖုန့်ချင်းလင်၊ အခြားသူများနှင့်
နှိုင်းယှဉ်လျှင် များစွာပို၍ သန်မာသည်။

ရန်ယုမန်သာ အနည်းငယ် တုံ့ဆိုင်းသွားသည်။

ရိုးရိုးသားသားပြောရလျှင် သူမက
ကျွင်းရှောင်ယောက်ကို ရန်စလိုက်ရန် ဆန္ဒမရှိပေ။

နောက်ဆုံးတွင် သူမက အောက်ကမ္ဘာ၌
ကျွင်းရှောင်ယောက်၏ခွန်အားကို သိထားပြီး
ဖြစ်သည်။ ယခုဆိုလျှင် သူက ပို၍ပင်
သန်မာပေလိမ့်မည်။

သို့သော်လည်း အကြွင်းအကျန် အင်မော်တယ်သွေး၏
ဆွဲဆောင်မှုက ကြီးမားလွန်း၍ မည်သူမှ
မျက်ကွယ်ပြုရန် မဖြစ်နိုင်ပါချေ။

ပါရမီရှင်များကြားတွင် အခွင့်အလမ်းတိုင်းက
တိုက်ပွဲများမှ လာရောက်သည်။

ယခုနေ မတိုက်ခိုက်ပါက ဧကရာဇ်လမ်း
ပွင့်လာသည့်အခါ အခွင့်အရေးရှိမှာမဟုတ်ပေ။

"ကောင်းပြီ"

ခဏစဉ်းစားပြီးနောက် ရန်ယုမန်လည်း
ခေါင်းညိတ်လိုက်သည်။

ကျွင်းရှောင်ယောက်ကို မစော်ကားချင်သော်လည်း

အခွင့်လမ်းကောင်းအတွက် လှူပ်ရှားရတော့မည်။

အင်မော်တယ် အင်အားစုသုံးခု၏ မျိုးဆက်များက တစ်ပြိုင်နက်တည်း တိုက်ခိုက်သောအခါ ဖြစ်ပေါ်လာသော စွမ်းအင်အတက်အကျက ဖော်ပြ၍ မရနိုင်ပေ။

ဗုဒ္ဓသားတော်၏ ဦးခေါင်းအနောက်တွင် နတ်စက်ဝိုင်းက လည်ပတ်လာသည်။ သန်မာသော စွမ်းအင်လှိုင်းများကလည်း ဒီရေလှိုင်းကဲ့သို့ ဖြာထွက်လာခဲ့၏။

ဟွမ်ထျန်းကဲတွင်မူ နတ်ဖီးနစ် အင်မော်တယ်မီးလျှံများ ရှိသည်။ သူ့အတောင်ကို ခတ်လိုက်သောအခါ မီးပင်လယ်ကြီး ထွက်ပေါ်လာခဲ့၏။

ရန်ယုမန်က နတ်ဆိုးကေရာဇ်ခန္ဓာကို ပိုင်ဆိုင်ထားသူဖြစ်သည်။  သူမ ခန္ဓာကိုယ်အတွင်းတွင် နတ်ဆိုးတစ်သောင်း စွမ်းအားကို ပိုင်ဆိုင်ထား၏။ သူမက လက်ဝါးရိုက်ချက် ထုတ်လိုက်သည့်တွင် ဟင်းလင်းပြင်က ပြိုကျသွားတော့သည်။

ထိပ်သီး ပါရမီရှင်သုံးဦးက အကြွင်းအကျန် အင်မော်တယ်သွေးအတွက် ပူးပေါင်း တိုက်ခိုက်နေကြပြီ ဖြစ်သည်။

"အတင့်ရဲလိုက်တာ"

ကျွင်းမူလန်၊ ကျွင်းရွှယ်ဟွမ်နှင့် အခြားသူများလည်း အော်ဟစ်လိုက်ကြသည်။ သူတို့က ပါရမီရှင်သုံးဦးကို တားဆီးရန် လှုပ်ရှားလိုက်၏။

သို့သော်လည်း ဤအခိုက်တွင်

အဖြူရောင်ဝတ်ပုံရိပ်က လေထဲမှဖြတ်သန်းကာ ပါရမီရှင်သုံးဦးထံသို့ ပြေးသွားသည်။

ယင်းက ကျွင်းရှောင်ယောက်ပင် ဖြစ်ချေသည်။

"ဆူညံရုံတင်မကဘဲ စိတ်အနှောက်အယှက်ပါ ဖြစ်ရတယ်။ မင်းတို့ သေချင်နေတာလား"

ကျွင်းရှောင်ယောက်၏မျက်နှာက ဤအခိုက်တွင် အေးစက်သွားသည်။

ကျွင်းရှောင်ယောက်က လေထဲကို တစ်ဖက်တည်းဖြင့် အလျားလိုက် တွန်းလိုက်ရာ အကန့်အသတ်မဲ့ စွမ်းအင်လှိုင်းများ ဖြစ်ပေါ်လာသည်။

သူ အမှန်တကယ် ဒေါသထွက်သွား၏။

ကျွင်းရှောင်ယောက်က အလွန်ဒေါသထွက်သောအခါ အကျိုးဆက်များက ပြင်းထန်သည်။

"ဝုန်း"

ဆူညံသော ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

ကောင်းကင်ကြီးကို ပေါက်ကွဲပြီး ကြယ်များ ကြွေကျသွားသလို စွမ်းအင်များက ပြိုးပြိုးပြက်ပြက် လက်သွား၏။

ကျွင်းရှောင်ယောက် တစ်ဦးတည်းက ပါရမီရှင်သုံးဦးကို ဆန့်ကျင်တိုက်ခိုက်နေသည်။

ပထမတစ်ချက် ထိပ်တိုက်ရင်ဆိုင်ပြီးနောက်

ဗုဒ္ဓသားတော်တို့ သုံးဦးစလုံး
နောက်ပြန်ဆုတ်သွားကြရသည်။

တစ်ဖက်မှာတော့ ကျွင်းရှောင်ယောက်က
နောက်ပြန်မဆုတ်ပေ။

"အစစ်အမှန် နတ်ဘုရားနယ်ပယ်
ကြီးမားသောပြီးပြည့်စုံမှု"
သုံးယောက်စလုံး၏ မျက်နှာများအမူအရာများက
တစ်ချိန်တည်းတွင် ပြောင်းလဲသွားခဲ့သည်။

သူတို့၏ ကျင့်ကြံခြင်းအခြေခံများက
အစစ်အမှန်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်တွင်
ဖြစ်ချေသည်။

သူတို့၏ ကျင့်ကြံခြင်းအခြေခံဖြင့် အစွမ်းကုန်

ပေါက်ကွဲပါက အဆင့်ကျော်ဘည်း
တိုက်ခိုက်နိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်နှင့်
ရင်ဆိုင်ရချိန်မှာတော့ အားနည်းချက်များ
ရှိနေခဲ့ကြပြီ။

"သူ့နယ်ပယ်က ဒီအဆင့်အထိ မြင့်မားသွားတာ
ဘယ်လိုဖြစ်နိုင်မှာလဲ"

ရန်ယုမန် အလွန်အံ့ဩသွားသည်။

ရှန်းကုကမ္ဘာကြီးဖွင့်လှစ်သောအခါ
ကျွင်းရှောင်ယောက်က
ပထမဆုံးဝင်ရောက်သူမဟုတ်ကြောင်း သူတို့အားလုံး
သိကြသည်။

ထို့ကြောင့် သူ၏နယ်ပယ်မှာ အခြားသူများထက် နောက်ကျနေသင့်၏။

ယခုမူ ကျွင်းရှောင်ယောက်၏ အင်အားက ၎င်းတို့ထက် များစွာ ကျော်လွန်နေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က လက်ဝါးတစ်ဖက်ကို ဆန့်ထုတ်လိုက်သည်နှင့် မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည် ထွက်ပေါ်လာသည်။ ကြောက်မက်ဖွယ်ကောင်းသော လျှပ်စီးအလင်းရောင်က ကြယ်များအဖြစ်သို့ ပေါင်းစပ်သွားကာ လေထုထဲတွင် ရပ်တန့်သွား၏။ ကျွင်းရှောင်ယောက်က သူ့လက်ဝါးကို လှည့်လိုက်သည့်အခါမှာတော့ ပါရမီရှင် သုံးဦးဆီသို့ ရုတ်တရက် တိုးဝင်သွားတော့သည်။

ဗုဒ္ဓသားတော်၏ ခန္ဓာကိုယ်က တုန်ခါပြီး
တစ်ကိုယ်လုံးတွင် အလင်းနှင့် ပြည့်နှက်သွားသည်။

"ကုရ်အာန်ဘုရား၊ ကောင်းကင်တရားစီရင်ခြင်း"

ဗုဒ္ဓသားတော် ဦးခေါင်းအနောက်ဘက်မှ
နတ်စက်ဝိုင်းက လည်ပတ်လာပြန်သည်။
ကြောက်မက်ဖွယ်ကောင်းသော
နတ်ဘုရားပုံရိပ်တစ်ခုကလည်း သူ့နောက်မှ
ထွက်ပေါ်လာခဲ့၏။

သူတို့ ယုံကြည်ကိုးကွယ်သည်မှာ ဒဏ္ဍာရီလာ
ကုရ်အာန် အလ္လာဟ်အရှင် ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ မျက်လုံးထဲမှာတော့
နတ်ဘုရားများက ပိုသန်မာသည့် လူများထက်မပိုပေ။

သူက ဗုဒ္ဓသားတော်ကို မိုးကြိုးကြေးရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်ဖြင့် တိုက်ခိုက်လိုက်သည်။

တစ်ဖက်တွင် ဟွမ်ထျန်းကဲက လှုပ်ရှားပြီး
မီးတောက်လှိုင်းလုံးကြီးများကို ထုတ်ဖော်ခဲ့၏။

၎င်းက သူ၏ နတ်ဘုရားစွမ်းရည်ဖြစ်ကာ ကမ္ဘာပေါ်ရှိ
အရာအားလုံးကို လောင်ကျွမ်းစေနိုင်သည်။

ကျွင်းရှောင်ယောက်က သူ့လက်တစ်ဖက်ကို
ဆန့်ထုတ်လိုက်ရာ ခုနစ်ရောင်ရှိသော
ထိုရှီရှေးကေရာဇ် မီးလျှံက ပေါက်ကွဲထွက်လာသည်။
နတ်ဖီးနစ် အင်မော်တယ်မီးနှင့် ထိုရှီရှေးကေရာဇ်မီးတို့
ပေါင်းစပ်သောအခါ မိုးနှင့်မြေကြားမှ အပူချိန်က
အလွန်လျင်မြန်စွာ မြင့်တက်လာတော့သည်။

ရန်ယုမန်လည်း တိတ်တဆိတ် သက်ပြင်းချပြီးနောက် လှုပ်ရှားလိုက်သည်။

"နတ်ဆိုး တစ်သောင်း တံဆိပ်တော်"

သူမလက်ကို ဝှေ့ယမ်းလိုက်သောအခါ နတ်ဆိုးတစ်သောင်း၏ ပုံရိပ်များ ထွက်ပေါ်လာသည်။ ၎င်းတို့က ကျွင်းရှောင်ယောက်ကိုဖိနှိပ်ရန် တံဆိပ်တစ်ခုအဖြစ်သို့ ပြောင်းလဲသွား၏။

"ရန်ယုမန်၊ မင်းကိုကြည့်ရတာ အောက်ကမ္ဘာက အရာတွေကို မေ့သွားပုံရတယ်။ ဒီလိုဆိုမှတော့ မင်း ဒီမှာပဲ ထာဝရနေသင့်ပြီ"

ကျွင်းရှောင်ယောက်၏ အေးစက်နေသည်။ ရန်ယုမန်၏ အလှအပကြောင့် အခွင့်ထူးများ မပေးပေ။

သူ၏ အခွင့်အလမ်းကို လုယက်ဝံ့သူတိုင်း သေရမည်။

--------

အခန်း ( ၄၂၉ ) ဗုဒ္ဓသားတော်အား ဖောက်ထွင်း၍ ဟွမ်ထျန်းကဲ၏အတောင်ကို ဆုပ်ဖြဲခြင်း၊ မင်းရဲ့ ခန္ဓာကိုယ်အစစ်အမှန်က ဘာလဲ။

ကျွင်းရှောင်ယောက်က တစ်ယောက်တည်းဖြင့် ပါရမီရှင်သုံးဦးကို တိုက်ခိုက်နေသော်လည်း လုံး၀ မကြောက်ပေ။

သူဟာ မိုးကြိုးကေရာဇ်၏ မဟာနတ်ဘုရားစွမ်းရည်ဖြင့် ဗုဒ္ဓသားတော်ကို တိုက်ခိုက်ထားခဲ့သည်။

ထို့နောက် ထိုရှိကောရာဇ်မီးလျှံနှင့် ဟွမ်ထျန်းကဲ၏
နတ်ဖီးနစ်မီးလျှံကို ရင်ဆိုင်ခဲ့၏။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်က
တစ်ဖန်တုန်ခါသွားကာ ရန်ယုမန်၏ တိုက်ခိုက်မှုကို
ခုခံရန် စွမ်းအင် ခုခံကာကွယ်ခြင်းအား
အသုံးပြုလိုက်တော့သည်။

အခြား ပါရမီရှင်များအတွက်
အင်မော်တယ်အင်အားစုသုံးခု၏ ဆက်ခံသူသုံးဦးကို
တစ်ချိန်တည်းတွင် တိုက်ခိုက်ရန်
မဖြစ်နိုင်သလောက်ပင်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ လုပ်ခဲ့သည်။

ထိုမျှသာမကဘဲ သူဟာ အနည်းငယ်မျှ
အားစိုက်ထုတ်မှု သို့မဟုတ် တွန့်ဆုတ်မှု
ခံစားချက်မျိုးမရှိဘဲ အလွန်ပေါ့ပေါ့ပါးပါး ရှိသည်။

"သေစမ်း၊ ဒီကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
အင်မော်တယ် ရှေးခေတ်တစ်ခုလုံးကို
လွှမ်းမိုးတော့မှာလား"
အပြင်လူတွေအားလုံး တိတ်ဆိတ်သွားကြသည်။

ကျွင်းရှောင်ယောက်ဟာ ယခင်က လူသတ်ပွဲ၌
ပါရမီရှင်များစွာကို ဖယ်ရှားပစ်ခဲ့သည်။

ယခုလည်း သူဟာ အင်မော်တယ်အင်အားစုသုံးခု၏
ဆက်ခံသူ သုံးဦးနှင့် ရင်ဆိုင်နေရသည့်တိုင်
အားသာချက်တစ်ခု ရှိနေပါသေးသည်။

"ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးက လူငယ်မျိုးဆက်မှာ
နံပါတ်တစ်ဆိုတဲ့အတိုင်း မျှော်လင့်ထားသလိုပါပဲ။
သူက တစ်ခါမှ မရှုံးဖူးရုံတင်မကဘူး၊ ဒဏ်ရာတောင်
မရဖူးဘူး"
လူတစ်စုကလည်း သက်ပြင်းချလိုက်မိကြသည်။

အကယ်၍ ကျွင်းရှောင်ယောက်ဟာ
ဤအကြွင်းအကျန်
အင်မော်တယ်သွေးသွေးတစ်စက်ကို ထပ်မံရရှိခဲ့ပါက
သူ၏ ကျင့်ကြံခြင်းမှာ ဘယ်လောက်ထိ
တိုးတက်လာမည်မှန်း မသိရနိုင်ပေ။

ကျွင်းရှောင်ယောက်ကို အကြွင်းအကျန်
အင်မော်တယ်သွေးတစ်စက် မရရှိစေရန်ပင်
လူအများက တိတ်တဆိတ် မျှော်လင့်နေခဲ့မိကြသည်။

'ဒီကောင်က ကောလဟာလတွေအတိုင်းပဲ...'

ကနဦး ထိပ်တိုက်တွေ့ဆုံမှုအပြီးတွင် ဗုဒ္ဓသားတော်နှင့် ဟွမ်ထျန်းကဲတို့ မျက်လုံးများမှ မထီမဲ့မြင်ပြုမှုများ လုံးဝပျောက်ကွယ်သွားခဲ့သည်။

ယင်းအစား အလွန်လေးနက်လာခဲ့၏။

သူတို့မတိုင်မီက ကျွင်းရှောင်ယောက်ဟာ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ နံပါတ်တစ်လူငယ်ပါရမီရှင်ဖြစ်ကြောင်း ကြားသိခဲ့ဘူးသည်။

ဤခေါင်းစဉ်အတွက်၊ ဗုဒ္ဓသားတော်နှင့် ဟွမ်ထျန်းကဲတို့ဟာ လျှောင်ပြောင်နေခဲ့ကြလေသည်။

ယခုမူ ကျွင်းရှောင်ယောက်ကို အမှန်တကယ်
တိုက်ခိုက်ကြည့်ပြီးနောက် သူတို့ နားလည်လာခဲ့ပြီ
ဖြစ်သည်။

ဤခေါင်းစဉ်က အလကားရလာခဲ့ခြင်း မဟုတ်ပေ။

ကျွင်းရှောင်ယောက်၏ဖိအားက ပြင်းထန်လွန်းပြီး
ကြောက်စရာကောင်းလှသည်။

မာနကြီးသော ဗုဒ္ဓသားတော်နှင့် ဟွမ်ထျန်းကဲပင်လျှင်
ယခုအခါ လက်တွဲရန်သာ ရွေးချယ်နိုင်တော့သည်။

"အရှင်အလာဟ်၊ မိစ္ဆာကိုဖျက်ဆီးဖို့အတွက်
သင့်ရဲ့စွမ်းအားကို ငှားယူအသုံးပြုချင်ပါတယ်"

ဗုဒ္ဓသားတော်က ခပ်တိုးတိုး ရွတ်ဆိုနေသည်။

သူ့စွမ်းရည်သည် အလွန်ထူးဆန်း၏။ သူက
နတ်ဘုရားစွမ်းအင်အပြင် ယုံကြည်ခြင်း
စွမ်းအားနှင့်လည်း ရောနှောထားသည်။

သူ၏ ဦးခေါင်းနောက်ဘက်ရှိ နတ်စက်ဝိုင်းက
အဆုံးမဲ့အလင်းကို လွှတ်ထုတ်လိုက်ကာ နတ်ဘုရား
ပုံရိပ်ကြီးကလည်း သူ့နောက်ဘက်တွင် ပေါ်လာသည်။

ဗုဒ္ဓသားတော်က လက်ဝါးဖြင့် ရိုက်ချလိုက်ရာ
သူ့နောက်ကွယ်မှ နတ်ဘုရားပုံရိပ်ကြီးကလည်း
လိုက်ပါ ထုချလိုက်၏။

ကျွင်းရှောင်ယောက်က သူ့လက်ကို
မြှောက်လိုက်သည်နှင့် ဧကရာဇ်၏ တံဆိပ်တော်က

ပေါက်ကွဲထွက်သွားကာ သူ့နောက်တွင်
ကောရာဇ်တစ်ပါး၏ အသွင်အပြင်တစ်ခု
ထွက်ပေါ်လာတော့သည်။

ယင်းက နတ်ဘုရားမနှင့် တိုက်မိသောအခါ
ဟင်းလင်းပြင်က တုန်ခါပြီး ပတ်ဝန်းကျင်ရှိ
တာအိုရေကန်တွင်လည်း လှိုင်းလုံးကြီးများ
ဖြစ်ပေါ်လာခဲ့သည်။

ဟွမ်ထျန်းကဲက နောက်ထပ် လှုပ်ရှားမှုတစ်ခု
ပြုလုပ်ခဲ့ကာ အင်မော်တယ်မီးများ
တောက်လောင်နေသော အတောင်ပံတစ်စုံက
တုန်လှုပ်သွားခဲ့သည်။

မီးလျှံများကလည်း မိုးရွာသကဲ့သို့ ရွာကျလာခဲ့၏။

ကျွင်းရှောင်ယောက်က သူ့လက်ကို မြှောက်လိုက်ပြီး ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကို လှူဆော်လိုက်တော့သည်။

ရေဝဲကြီးတစ်ခု ထွက်ပေါ်လာကာ မီးလျှံမိုးကို ဝါးမျိုသွားခဲ့သည်။

ရန်ယုမန်က သူမ၏နှုတ်ခမ်းကိုကိုက်ပြီး ဆက်လက်တိုက်ခိုက်လိုက်ရာ နတ်ဆိုးကေရာဇ်ခန္ဓာကိုယ်က ပြင်းထန်စွာ လှုပ်ရှားသွားပြီး ထောင်ချီသော နတ်ဆိုးပုံရိပ်များကလည်း သူမပတ်ဝန်းကျင်တွင် ပေါ်လာပုံရသည်။

"ကောင်းကင်နတ်ဆိုးရှစ်ပါးကျင့်စဉ်"

ရန်ယုမန်က နတ်ဆိုးနတ်ဘုရားနန်းတော်မှ မဟာနတ်ဘုရားစွမ်းရည်ကို ထုတ်လွှတ်လိုက်၏။

နတ်ဆိုးအရှိန်အဝါများ တဟုန်ထိုးတက်လာကာ
ထောင်ချီသော နတ်ဆိုးအရိပ်များက
ဟင်းလင်းပြင်အား ဖြိုခွဲသွားတော့သည်။

ကျွင်းရှောင်ယောက်က လက်တစ်ဖက်ဖြင့်
ဗုဒ္ဓသားတော်ကို တိုက်ခိုက်ခဲ့ကာ ဟွမ်ထျန်းကဲကို
အခြားတစ်ဖက်ဖြင့် တွန်းလှန်ခဲ့သည်။

ထို့ကြောင့် ယုတ္တိဗေဒအရပြောရလျှင်
ရန်ယုမန်နှင့်ရင်ဆိုင်ရင် မဖြစ်နိုင်ပါချေ။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ အမူအရာက
တည်ငြိမ်နေပြီး သူ့ရင်ဘတ်အရိုးများကလည်း
တောက်ပလာသည်။

ကောင်းကင်ကပ်ဘေးအလင်း ထွက်ပေါ်လာကာ

လမ်းတစ်လျှောက်မှ နတ်ဆိုးအရိပ်များစွာ
ကွဲအက်သွားခဲ့၏။

"အနှိုင်းမဲ့ အရိုး"

ရန်ယုမန်၏မျက်နှာက ပြောင်းလဲသွားကာ
သူမကိုယ်သူမ ကာကွယ်ရန် အမြန်လှည့်လိုက်သည်။
တစ်ချိန်တည်းမှာပင် သူ့နှလုံးသားက အနည်းငယ်
တုန်လှုပ်သွား၏။

ကျွင်းရှောင်ယောက်က ရှေးဟောင်းမြင့်မြတ်ခန္ဓာကို
ပိုင်ဆိုင်ရုံသာမကဘဲ ရင်ဘတ်တွင်လည်း
အနှိုင်းမဲ့အရိုးတစ်ခု ရှိနေသည်။

သူတစ်ဦးတွင် ကောင်းကင်နှင့်ဆန့်ကျင်ဘက်ဖြစ်သော
အထူးခန္ဓာနှစ်ခုရှိပြီး တိုက်ခိုက်နိုင်စွမ်းကလည်း
၎င်း၏ မျိုးဆက်များထက် များစွာမြင့်မားသည်။

ကပ်ဘေးအလင်းက ရန်ယုမန်ကို
ချေမှုန်းပစ်လိုက်ပြီးနောက် ကျွင်းရှောင်ယောက်ဟာ
ဗုဒ္ဓသားတော်ကို ပထမဆုံး တိုက်ခိုက်ခဲ့သည်။

မိုးကြိုးများ ဝိုင်းရံထားလျက်
မိုးကြိုးကရောဇ်လက်ချောင်းကို ထုတ်ဖော်လိုက်၏။

မိုးကြိုးကရောန်ကြီး ကမ္ဘာသို့ ဆင်းသက်လာသကဲ့သို့၊
သူ၏ လက်ချောင်းတစ်ချောင်းကို ဆန့်ထုတ်ကာ
ဗုဒ္ဓသားတော်အား စတင်ချေမှုန်းတော့သည်။

"ကုရန်အာန်အရှင်၊ မြင့်မြတ်တဲ့အလင်းရောင်နဲ့
ထွန်းလင်းတောက်ပခြင်း"

ဗုဒ္ဓသားတော်၏ အလင်းရောင်များက
တောက်ပလာပြီး ယုံကြည်မှုစွမ်းအားကလည်း

တဟုန်ထိုးတက်လာသည်။

နှစ်ဖက် ပြင်းထန်စွာ တိုက်မိသောအခါ အဆုံးမဲ့
စွမ်းအင်လှိုင်းများ ဖြာထွက်သွား၏။

ကျွင်းရှောင်ယောက်၏ နောက်ကျောတွင်
လွတ်လပ်မှု၏အတောင်ပံများ ဆန့်ထွက်လာသည်။
သူ့ အတောင်များကာ လှုပ်ခါသွားကာ
အလွန်လျင်မြန်စွာ ရွေ့လျားသွား၏။

တည်နေရာရွှေ့ပြောင်းသကဲ့သို့ သူဟာ
ဗုဒ္ဓသားတော်ရှေ့တွင် ချက်ချင်း
ထွက်ပေါ်လာတော့သည်။

သူက သာမန်ပုံရသည့် လက်သီးတစ်ချက်ကို
ထုတ်လိုက်သည်။

သို့ရာတွင် ဤလက်သီးချက်မှာ တစ်ဆယ်ဘီလီယံ ဂျင်ခွန်အားက ပေါင်းစပ် ပါဝင်နေခဲ့၏။

လက်သီးအလင်းက လေထုကို ဆုပ်ဖြဲ၍လာနေကြောင်း ခံစားရသောအခါ ရွှေရောင်တံဆိပ်တစ်ခုကို ထုတ်ယူပြီး ရင်ဆိုင်လိုက်သည်။

"ဝုန်း"

လက်သီးနှစ်လုံး တိုက်မိသောအခါ ဗုဒ္ဓသားတော် မျက်နှာ ပျက်သွား၏။

သူထိုးလိုက်သောလက်သည် တိုက်ရိုက်ကွဲအက်သွားကာ သွေးများ ပြန့်ကျဲလာတော့သည်။

ကျွင်းရှောင်ယောက်က ထပ်မံ ကန်ထုတ်လိုက်၏။ သူ့အရှိန်က အတားအဆီးကို ကျော်သွားပုံရကာ စူးရှသော အသံနှင့်အတူ ဗုဒ္ဓသားတော်၏ ရင်ဝကို ပြင်းပြင်းထန်ထန် ကန်ထုတ်လိုက်တော့သည်။

ဗုဒ္ဓသားတော်က ရွှေရောင်ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထား၏။ သို့တိုင် ဤကန်ချက်မှ သက်ရောက်မှုအင်အားကို ခံစားရကာ ထိတ်လန့်တုန်လှုပ်နေရဆဲပင်။

ရှေးဟောင်းနတ်ဆင်တစ်ကောင်က သူ့ရင်ဘတ်ကို တက်နင်းလိုက်၍ကာ အတွင်းအင်္ဂါအစိတ်အပိုင်းများနှင့် အတူ သွေးချောင်းဆိုးခြင်းကို ဖြစ်လာခဲ့ရသည်။

သူက လူတစ်ယောက်လုံးကို ကြိုးပြတ်သွားသည့် စွန်တစ်ကောင်ကဲ့သို့ ကန်ထုတ်လိုက်သည်။

သူ့ရင်ဘတ်ရှိ ရွှေရောင်ချပ်ဝတ်တန်ဆာမှာလည်း အက်ကွဲကြောင်းများ ထွက်ပေါ်လာကာ အလွန် အခြေအနေဆိုးသွား၏။

"ပြေး"

ဗုဒ္ဓသားတော်၏ မျက်နှာက ထိတ်လန့်မှုများ ပြည့်နှက်နေသည်။ သူက ဤအခြေအနေကို အခွင့်ကောင်းယူကာ ဤနေရာမှ ထွက်ပြေးသွားတော့သည်။

နောက်ဆုံးတော့ လက်ရှိ သူ့ခွန်အားကို နားလည်လာခဲ့ပြီ ဖြစ်သည်။

ဟွမ်ထျန်းကဲ၊ အခြားသူများနှင့်
ပေါင်းစည်းမည်ဆိုလျှင်ပင် ကျွင်းရှောင်ယောက်ကို
ကိုင်တွယ်ရန် မဖြစ်နိုင်သေးပေ။ ထို့အပြင်၊
ကျွင်းမူလန်နှင့် အခြားစီကွမ်များကလည်း
အခွင့်ကောင်းကို စောင့်မျှော်နေကြသည်။

ထိုအတွင် ကျွင်းမိသားစုလက်မှ အကြွင်းအကျန်
အင်မော်တယ်သွေးကို ရယူလိုခြင်းမှာ
လက်တွေ့မကျသလောက်ပင်။

လူတိုင်း၏ မျက်လုံးများလည်း
ပြူးကျယ်သွားခဲ့သည်။ ဗုဒ္ဓသားတော်ကို
အခွင့်ကောင်းယူကာ ထွက်ပြေးမည်ဟု
မမျှော်လင့်ထားပေ။

ထို့နောက်တွင် ကျွင်းရှောင်ယောက်က မရပ်တန့်ဘဲ

လွတ်လပ်မှု၏ တောင်ပံများဖြင့် ဟွမ်ထျန်းကဲဆီသို့ တစ်ဖန် လှည့်သွားခဲ့သည်။

ဟွမ်ထျန်းကဲလည်း မျက်နှာပျက်သွား၏။ ဗုဒ္ဓသားတော်ကို ဤကဲ့သို့ ထွက်ပြေးရန် မမျှော်လင့်ထားပေ။

ဟွမ်ထျန်းကဲ၏ အတောင်ပံများက တုန်လှုပ်သွားပြီးနောက် သူလည်း ထွက်သွားရန် ကြိုးစားလိုက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က သူ့ရှေ့တွင် ပြန်ပေါ်လာခဲ့ပြီ။

"ဖီးနစ်လက်ဝါး"

ဟွမ်ထျန်းက နတ်ဖီးနစ် အင်မော်တယ်မီးတောက်ကို

ကိုင်ဆောင်ကာ လက်တစ်ဖက်ဖြင့်
ပေါက်ကွဲပစ်လိုက်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများကမူ
အေးစက်နေဆဲပင်။ သူက လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းဖြင့် ပြင်းပြင်းထန်ထန်
ထိုးချလိုက်သည်။

"ဂျွတ်"

ဟွမ်ထျန်းကဲ၏ လက်မောင်းအရိုးများ
ကျိုးသွားသည်။ ထိုမျှသာမကဘဲ
ကျွင်းရှောင်ယောက်၏ လက်သီးမှာ
သူ့နံရိုးများကိုလည်း ထိုးဖောက်သွားခဲ့၏။

ကျွင်းရှောင်ယောက်က သူ့လက်ကို
နောက်တစ်ကြိမ်ဆန့်ထုတ်ကာ ဟွမ်ထျန်းကဲ၏

အတောင်ပံတစ်ဖက်ကို ဆုပ်ကိုင်ပြီး
ဆုပ်ဖြဲလိုက်တော့သည်။

"အား..."
ဟွမ်ထျန်းကဲ နာကျင်စွာဖြင့် အော်ဟစ်လိုက်ရသည်။

ဟွမ်ထျန်းကဲလည်း အတောင်တစ်ဖက်ကျိုးသွားရာ
ကျန်အတောင်ကို လှုပ်ရှားလိုက်၏။ သူက
ဟင်းလင်းပြင်ရှောင်တိမ်းခြင်းအဆောင်ကိုပင်
အသုံးပြုပြီး အလင်းတန်းတစ်ခုကဲ့သို့ အဝေးကို
ပျံသန်းပျောက်ကွယ်သွားတော့သည်။

ဤမြင်ကွင်းက လူတိုင်းကို စကားမပြောနိုင်
ဖြစ်သွားစေခဲ့သည်။

အထူးသဖြင့် ကျွင်းရှောင်ယောက်က ဟွမ်ထျန်းကဲ၏

အတောင်ပံကို ဆုပ်ဖြဲလိုက်သည့် မြင်ကွင်းပင်။
ယင်းက အလွန် တုန်လှုပ်ချောက်ချားစရာ ဖြစ်ခဲ့သည်။

ကျွင်းရှောင်ယောက်၏ လက်ထဲတွင်
ကြီးကျယ်ခမ်းနားလှသော အလုံးစုံ
ဖီးနစ်ဝိညာဉ်တောင်တန်းမှ ပါရမီရှင်က
ကြက်တစ်ကောင်ကဲ့သို့ ချေမှုန်းခံလိုက်ရသည်။

ယင်းက အားလုံးကို အောက်မေးရိုး ပြုတ်ကျစေပြီး
ဦးနှောက်များ အလုပ်မလုပ်နိုင် ဖြစ်သွားစေသည်။

အတော်ကြမ်းသည့်သူများကို မြင်ဖူးသော်လည်း
ဤမျှကြမ်းတာကိုတော့ မတွေ့ဖူးပေ။

ထွက်ပြေးသွားသော ဟွမ်ထျန်းကဲကို
တစ်ချက်ကြည့်ပြီးနောက် ကျွင်းရှောင်ယောက်က

ရန်ယုမန်ဘက်သို့ လှည့်လိုက်သည်။

ရန်ယုမန်၏ အပြစ်အနာအဆာကင်းသော မျက်နှာကတော့ ဤအခိုက်အတန့်တွင် လုံးဝ အေးခဲနေခဲ့ပြီ။

"နောက်ဆုံးမေးခွန်းကို မင်းမဖြေရသေးဘူး၊ မင်းရဲ့ ခန္ဓာကိုယ်အစစ်အမှန်က ဘာလဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်။

သို့ရာတွင် ရန်ယုမန်၏ နားထဲမှာတော့ ဤစကားများဟာ နတ်ဆိုးတစ်ကောင်၏ တီးတိုးစကားသံကဲ့သို့ ထွက်ပေါ်လာတော့သည်။

---------

အခန်း ( ၄၃၀ ) ကောင်းကင်နတ်ဆိုး နတ်ဘုရားသတ် သိုင်းပညာ၊ ရန်ယုမန်၏ အံ့သြဖွယ်ရာ လုပ်ဆောင်ချက်။

ကျွင်းရှောင်ယောက်က အကြောင်းပြချက်မရှိဘဲ ဒီမေးခွန်းကို မမေးနိုင်ပါဘူး။

သူက ရန်ယုမန်ရဲ့ မူလပုံစံကိုမေးပြီး သူမကို စားတော့မှာလားဟု စဉ်းစားစေလိုခြင်း ဖြစ်သည်။

ရန်ယုမန်၏မျက်နှာလည်း ဖြူဖျော့သွားကာ ပြောလိုက်လေသည်။

"ကျွင်းရှောင်ယောက်၊ ငါမှားသွားပါတယ်။ အခု

ထွက်သွားတော့မယ်"

ရန်ယုမန်ဟာ အလွန် လှပသော
မိန်းကလေးတစ်ယောက် ဖြစ်သည်။ သူမက
သနားစဖွယ်လေသံဖြင့်ပါ ထပ်ပြောလာလျှင်
မကြင်နာသည့် ယောက်ျားဟူ၍ မရှိနိုင်ပေ။

သို့ရာတွင် ကံမကောင်းစွာဖြင့် ကျွင်းရှောင်ယောက်က
ဂရုမစိုက်ခဲ့ပါ။

ရန်ယုမန်က မလှုပ်ရှားဘဲ ဘေးမှသာ
ကြည့်နေရင်တော့ ကျွင်းရှောင်ယောက်က
အာရုံစိုက်နေမည် မဟုတ်ပါ။

သို့ရာတွင် ဤအခြေအနေက ကွဲပြားသည်။

ကျွင်းရှောင်ယောက်က မိန်းမ၊ ယောက်ျား ခွဲခြားတတ်သူ မဟုတ်ပေ။

အမျိုးသမီးများအား ကရုဏာပြဖူးသူမဟုတ်ပေ။

သူက ရန်ယုမန်ကို လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ရွှေရောင်လက်ဝါးကြီးတစ်ဖက် ထွက်ပေါ်လာသည်။ လက်ဝါးကြီးက ပီပြင်လွန်းရာ လက်ဗွေရာနှင့် အစင်းကြောင်းများကိုပင် မြင်တွေ့ရ၏။ ၎င်းက နတ်ဘုရား၏ လက်ဝါးကဲ့သို့ ရန်ယုမန်ကို ဖိနှိပ်လာတော့သည်။

ရန်ယုမန်လည်း အံကြိတ်ကာ ကောင်းကင်နတ်ဆိုးရှစ်ပါးကျင့်စဉ်ကို ထပ်မံ အသက်သွင်းခဲ့သည်။

၎င်းက နတ်ဆိုးဘုရားနန်းတော်၏ အစွမ်းအထက်ဆုံး
နတ်ဘုရားသိုင်းဖြစ်ကာ အမျိုးအစား
ရှစ်မျိုးရှိပေသည်။

၎င်းကို အသုံးပြုလိုက်သည်နှင့် နတ်ဆိုးချီများ
ကောင်းကင်ယံတွင် ပြည့်နှက်သွားခဲ့သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ရှေ့တွင်
ဤစွမ်းရည်က စက္ကူတစ်ရွက်ကဲ့သို့ အလွယ်တကူ
ကွဲသွား၏။

ကျွင်းရှောင်ယောက်၏ အနောက်ဘက်မှ
လွတ်လပ်မှု၏အတောင်ပံများက လှုပ်ရှားကာ
အလင်းတန်းတစ်ခုကဲ့သို့ ရန်ယုမန်ထံသို့
တိုးဝင်သွားတော့သည်။

သူက သိုင်းပညာမသုံးဘဲ ရိုးရှင်းသည့် တိုက်ခိုက်မှုသာ ထုတ်ဖော်သော်လည်း ဟင်းလင်းပြင်က တုန်ခါသွားရသည်။

ရန်ယုမန်လည်း မျက်နှာအမူအရာ ပြောင်းလဲသွားကာ နတ်ဆိုးကေရာဇ်ခန္ဓာကို ပြင်းထန်စွာ အသက်သွင်းလိုက်၏။ နတ်ဆိုးတစ်သောင်း၏ စွမ်းအားများက ထွက်ပေါ်လာကာ လက်ကိုဆန့်၍ တွန်းထုတ်လိုက်တော့သည်။

"ဝုန်း"

ကြယ်တစ်စင်း ပေါက်ကွဲသွားသကဲ့သို့ ရန်ယုမန် ညည်းတွားကာ လျင်မြန်စွာဖြင့် နောက်ပြန်ဆုတ်သွားခဲ့သည်။ သူမ လက်မောင်းကလည်း ကျိုးတော့မည်ကို

ခံစားလိုက်ရ၏။

နတ်ဆိုးကေရာဇ်ခန္ဓာကြောင့်သာ မဟုတ်ပါက ကျွင်းရှောင်ယောက်၏ လက်သီးချက်ကြောင့် သူမ၏လက်များ ကွဲကြေသွားနိုင်သည်။

သို့သော် ဤအချက်မှ ကျွင်းရှောင်ယောက်ဟာ သူမကို ကြင်နာမှု လုံးဝ မပြကြောင်း မြင်တွေ့ရနိုင်သည်။

"ကျွင်းရှောင်ယောက်၊ နင်တကယ် လုပ်ချင်နေတာလား။ အောက်ကမ္ဘာမှာ သဘောထားကွဲလွဲမှုတွေ ရှိခဲ့ပေမယ့် ငါတို့က သေလောက်တဲ့ရန်သူတွေ ဖြစ်မလာခဲ့ဘူး မဟုတ်လား"

"ငါ့ရဲ့ နတ်ဆိုးဘုရားနန်းတော်က သူတော်စင်နှစ်ဦးနဲ့

ကောင်းကင်နတ်ဆိုးမင်းသားတို့တောင်
သေဆုံးခဲ့ရတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ငါတို့ နင့်ကို
ဒုက္ခပေးခဲ့ဘူးလို့လား"

ရန်ယုမန်က နောက်ပြန်ဆုတ်သွားကာ
အော်လိုက်သည်။

"ဒုက္ခမရှာရတဲ့ အကြောင်းရင်းက
ဒီဘုရားသားတော်ကို ပြဿနာရှာချင်ရင်တောင်မှ
အသုံးမဝင်ဘူးဆိုတာ မင်းနှလုံးထဲမှာ
သိနေတာကြောင့်ပဲလေ"

ကျွင်းရှောင်ယောက်က ရယ်ချင်ဟန်ဖြင့်
ပြောလိုက်သည်။

ရန်ယုမန်လည်း ထိုစကားကိုကြားသောအခါ
အလွန်စိတ်ဓာတ်ကျကာ သွေးအန်လုနီးပါး
ဖြစ်သွား၏။

ကျွင်းရှောင်ယောက်၏ စကားလုံးများက လူများကို အမြဲတမ်း သွေးအန်စေနိုင်သည်။

"တကယ်လို့ မင်းသာ ဒီအတိုင်း ကြည့်ရှုံပဲဆိုရင် ဒီနတ်ဘုရားသားတော်က မင်းကို လာပတ်သက်မှာ မဟုတ်ဘူး။ ကံမကောင်းချင်တော့ မင်းက အကန့်အသတ်ကို ဖြတ်ကျော်သွားခဲ့ပြီ"

ကျွင်းရှောင်ယောက်က ထပ်မံ ထိုးချလိုက်သည်။

သူသည် လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ လက်သီးသိုင်းကို အသုံးပြုလိုက်၏။ တစ်ချိန်တည်းတွင် ပြန်လည်ဝင်စားခြင်း ရေဝဲကြီးခြောက်ခု ထွက်ပေါ်လာကာ ရန်ယုမန်အား ပြန်လည်ဝင်စားခြင်းသံသရာတွင်းသို့ ဆွဲချနိုင်ရန် ကြိုးစားတော့သည်။

ရန်ယုမန်လည်း သူမ၏ ဗုက်ဖဲကို
အသုံးပြုလိုက်သည်။

"ကောင်းကင်နတ်ဆိုး နတ်ဘုရားသတ်ကျင့်စဉ်"

ရန်ယုမန်၏ အနောက်ဘက်တွင်
ကြောက်မက်ဖွယ်ကောင်းသော
နတ်ဆိုးအငွေ့အသက်များ တိုးပွားလာသည်။
မီတာသောင်းချီမြင့်မားသော ကောင်းကင်နတ်ဆိုး
ပုံရိပ်ကြီးလည်း ထွက်ပေါ်လာခဲ့၏။

နတ်ဘုရားသတ် ကောင်းကင်နတ်ဆိုး၏
ကြောက်စရာကောင်းသည့် မြင်ကွင်းကြီး
ထွက်ပေါ်လာတော့သည်။

ဂျင်းက နတ်ဆိုးဘုရားနန်းတော်၏ အသန်မာဆုံး

နည်းလမ်းဖြစ်ကာ ကောင်းကင်နတ်ဆိုး
ရှစ်ပါးထက်ပင် ပို၍ အားကောင်းသည်။

ဤတိုက်ကွက်ဖြင့် ရန်ယုမန်ဟာ
ပိုမိုမြင့်မားသောနယ်ပယ်များကို စိန်ခေါ်နိုင်ပြီး
ပိုသန်မာသည့် ပြိုင်ဘက်များကိုပင်
သတ်ပစ်နိုင်ခဲ့သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင်လည်း
နောက်ဆုံးတွင် အလင်းရောင်တချို့
လက်သွားခဲ့လေသည်။

"နတ်ဆိုးဘုရားနန်းတော်ရဲ့ မဟာနတ်ဘုရားစွမ်းရည်၊
ကောင်းကင်နတ်ဆိုး နတ်ဘုရားသတ်ကျင့်စဉ်၊
စိတ်ဝင်စားစရာပဲ"

ကျွင်းရှောင်ယောက်က လမ်းကြောင်းခြောက်သွယ်

ဆမ်ဆာရာလက်သီးသိုင်းကို ထပ်မံ ထုတ်ဖော်ခဲ့သည်။
သို့ရာတွင် ယခုတစ်ကြိမ်က ပြီးပြည့်စုံသောဗားရှင်း
ဖြစ်၏။

လက်နက်တစ်သောင်း မုန်တိုင်းသိုင်း၊ ကေရာဇ်၏
တံဆိပ်တော်၊ မူလတာအို အုပ်ချုပ်သူဓား၊
အင်မော်တယ်သတ်ဓားသိုင်း၊
ကောင်းကင်နတ်ဘုရားလှံနှင့်
မိုးကြိုးကေရာဇ်၏လက်ချောင်း။

ကျွင်းရှောင်ယောက်က လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းကို အသုံးပြုကာ
ကြောက်မက်ဖွယ် နတ်ဘုရားသိုင်းခြောက်မျိုးကို
ထိန်းချုပ်လိုက်ပြီး ရန်ယုမန်အား
တိုက်ခိုက်လိုက်သည်။

ထိုပြောင်းလဲမှုမျိုးသည် အလွန်ရိုးရှင်း၏။ ၎င်းက ကောင်းကင်ကို လက်သီးတစ်ချက်တည်းဖြင့် ပိုင်းခြားနိုင်သည်ဟုဆိုလျှင် ချဲ့ကားပြောဆိုရာကျမည် မဟုတ်ပေ။

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်းက အဓိပမိ လက်သီးသိုင်း ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းသော နတ်ဘုရားသိုင်းခြောက်ခုကို လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်း ထည့်သွင်း အသုံးပြုသောအခါ၊ စွမ်းအားက အနည်းငယ်ပိုအားကောင်းရုံသာမက အရည်အသွေးပိုင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခုလည်း ဖြစ်ခဲ့သည်။

လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်း၏
အပြည့်အစုံတိုက်ခိုက်မှုကို ရင်ဆိုင်ရသောအခါ
ရန်ယုမန်က ကောင်းကင်နတ်ဆိုး နတိဘုရားသတ်
သိုင်းပညာကို အသုံးပြုထားသော်လည်း
နှလုံးသားထဲတွင် တုန်လှုပ်လာမိသည်။

"ဝုန်း"

ဖော်မပြနိုင်အောင် ကြောက်စရာကောင်းသော
အတက်အကျက ပတ်ဝန်းကျင်ကို ပျံ့နှံ့သွား၏။
ဤလှိုင်းလုံးသက်သက်က ပတ်ဝန်းကျင်မှ
ပါရမီရှင်များကို နောက်ပြန်ဆုတ်စေရန် လုံလောက်ပြီ။
တစ်ချို့ဆိုလျှင် သွေးများပင် အန်ထွက်လာခဲ့သည်။

ပြင်းထန်သော အတက်အကျကြောင့်
တာပိုရေကန်တွင် ကြီးမားသော လှိုင်းလုံးကြီးများ
တက်လာခဲ့၏။

ဤတိုက်ခိုက်မှုတွင် ကောင်းကင်နတ်ဆိုး
နတ်ဘုရားသတ် သိုင်းပညာ၏ အရိပ်ကြီးက
ပြင်းထန်သောလက်သီးချက်ကြောင့်
တိုက်ရိုက်ကွဲကျသွားတော့သည်။

နောက်ဆက်တွဲရလဒ်အနေဖြင့် ရန်ယုမန်၏
နူးညံ့သောခန္ဓာကိုယ်က အပြင်းအထန် တုန်ခါသွားကာ
သွေးများ အန်ထွက်လာခဲ့သည်။ သူမ၏
အငွေ့အသက် တစ်ခုလုံးလည်း ချက်ချင်း
ညှိုးနွမ်းသွားပေသည်။

ရန်ယုမန်၏ ကောင်းကင်နတ်ဆိုး နတ်ဘုရားသတ်

သိုင်းပညာက အားကောင်းသော်လည်း
ကျွင်းရှောင်ယောက်၏ လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်း ပြီးပြည့်စုံသောဗားရှင်းကို
တွန်းလှန်ရန် အနည်းငယ် ခက်ခဲနေခဲ့ဆဲ ဖြစ်သည်။

"ပြီးပြီ"

ကျွင်းရှောင်ယောက်က ရန်ယုမန်ရှေ့တွင် တစ်ဖန်
ပေါ်လာပြီး သူမ၏ သိမ်မွေ့သော ခန္ဓာကိုယ်ကို
လက်သီးဖြင့် ထိုးချလိုက်သည်။

သူမတွင် နတ်ဆိုးဧကရာဇ်ခန္ဓာလျှင်ပင်
ဤလက်သီးကို ခံနိုင်ရည်မရှိဘဲ
သေဆုံးသွားရပေလိမ့်မည်။

ကျွင်းရှောင်ယောက်က တိုက်ခိုက်မှုကို အနည်းငယ်မျှ
မလျော့ပေါ့ကြောင်း မြင်ရပြီးနောက်မှ အနီးနားမှ

လူများအားလုံး စကားမပြောရဲကြတော့ပေ။

အထူးသဖြင့် အပြင်လူပါရမီရှင် အားလုံးတို့မှာ ပို၍ အံ့အားသင့်သွားသည်။

ရန်ယုမန်ဟာ အင်မော်တယ်နယ်မြေကြီး၌ သူမ၏အလှကြောင့် ကျော်ကြားမှုရှိသော မိန်းကလေးတစ်ယောက် ဖြစ်သည်။ သူမက ယောကျ်ားများစွာ၏ အိပ်မက်ထဲမှ ချစ်မြတ်နိုးရသူလည်း ဖြစ်ပေသည်။

သူမက နတ်ဆိုးဖြစ်ခဲ့လျှင်ပင် ယင်းက သူမ၏ကျော်ကြားမှုကို မထိခိုက်စေပေ။

သို့သော် ကျွင်းရှောင်ယောက်ကမူ ထိုကဲ့သို့သော လှပသော အမျိုးသမီးတစ်ဦးနှင့်

ရင်ဆိုင်ရသောအခါ၌ပင် နူးညံ့သိမ်မွေ့မှု
အနည်းငယ်မျှ မရှိပါချေ။ သူ၏ နည်းလမ်းများက
အလွန်ပြတ်သားသည်။

ယင်းက လူတိုင်းကို သက်ပြင်းချစေခဲ့ပေသည်။
နာမည်ကျော် အလှလေးတစ်ဦးလည်း သေတော့မည်။

ကျွင်းရှောင်ယောက်၏ လက်သီးချက်ကို
မြင်လိုက်ရတော့ ရန်ယုမန်ဟာ သေခြင်းတရား၏
အရိပ်အယောင်ကို ခံစားလိုက်ရသည်။

သူမ အနည်းငယ် အံ့ကြိတ်ကာ စိတ်ထဲမှ
တိတ်တဆိတ် ပြောလိုက်၏။

တခဏချင်းမှာပဲ ရန်ယုမန်၏
လှပသောမျက်လုံးများတွင်

နတ်ဆိုးအလင်းရောင်တစ်ခု
လင်းလက်သွားတော့သည်။

သူမ၏ ခန္ဓာကိုယ်မှ ပြည့်စုံသော
အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှု အငွေ့အသက်ကလည်း ရုတ်တရက်
ပေါက်ကွဲထွက်လာသည်။

သူမက လက်ကိုဆန့်ထုတ်လိုက်က ပြင်းထန်သော
နတ်ဆိုး အငွေ့အသက်များက ပေါက်ကွဲသွား၏။
၎င်းအတက်အကျများက အရင်ကထက် အများကြီး
ပိုအားကောင်းလာခဲ့ပြီ။

"ဟမ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများပင်လျှင်
အံ့အားသင့်မှု အရိပ်အမြွက်များ ထွက်ပေါ်လာသည်။

လက်သီးနှင့် လက်ဝါးချင်း တွေ့ဆုံသွားခဲ့သည်။
ကျွင်းရှောင်ယောက်နှင့် ရန်ယုမန်တို့ နှစ်ယောက်စလုံး
တစ်ချိန်တည်းမှာ နောက်ပြန်ဆုတ်သွားကြ၏။

ကျွင်းရှောင်ယောက် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

ဤအခိုက်အတန့်တွင် ရန်ယုမန်၏ မျက်လုံးများက
နတ်ဆိုးအသွင်အပြင်များရှိနေပြီး မျက်နှာပေါ်မှာတော့
ဆွဲဆောင်မှုရှိသော အပြုံးတစ်ခု ပေါ်လာခဲ့သည်။

"သိပ်ရက်စက်တဲ့ မောင်လေး။ နင်က ဒီလောက်
ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး နည်းနည်းမှ
မကြင်နာတတ်ဘူး"

ရန်ယုမန်၏ အသံက ချိုမြိန်ပြီး ချွဲချွဲနွဲ့နွဲ့ဖြစ်နေသည်။
ယင်းက လူအများကို အတွေးဝင်လာစေခဲ့၏။
ဤသည်မှာ အေးစက်စက်အမူအရာရှိသော
ရန်ယုမန်နှင့် လုံးဝ မတူပေ။

အရေးကြီးဆုံးအချက်မှာ သူမ၏လက်ရှိ
ကျင့်ကြံခြင်းက ယခင်ကထက် ပိုအားကောင်းသော
အစစ်အမှန် နတ်ဘုရားနယ်ပယ်
ကြီးမားသောပြီးပြည့်စုံမှုသို့ ရုတ်တရက်
ရောက်ရှိသွားခြင်းပင် ဖြစ်သည်။

'သူ့မှာ ဝှက်ဖဲတချို့ ရှိသေးတယ်ထင်တယ်'
ကျွင်းရှောင်ယောက်၏ မျက်လုံးများက
နက်ရှိုင်းသွားခဲ့သည်။

"တစ်ကြိမ် မြင်ရတာက အကြိမ်တစ်ရာကျော်

ကြားရတာထက် ပိုကောင်းပါတယ် တဲ့။
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်ကို
ကောလဟာလအတိုင်းပါပဲ။ သူက သိပ်ချောပြီးတော့
နူးညံ့ပြီး အရသာရှိမဲ့ပုံရတယ်"

ရန်ယုမန်က အနီရဲရဲနှုတ်ခမ်းကို လျှာဖျားလေးဖြင့်
တစ်ချက်သပ်လိုက်သည်။

"မင်း ဘယ်သူလဲ"

ကျွင်းရှောင်ယောက် မေးလိုက်၏။

"သိချင်လား"

ရန်ယုမန်က ချစ်စဖွယ်ပြုံးပြီး သူမခါးကိုယိမ်းနွဲ့ကာ
ကျွင်းရှောင်ယောက်ထံသို့ ပြေးဝင်သွား၍
တိုက်ခိုက်လိုက်သည်။

ကျွင်းရှောင်ယောက်ကလည်း လက်သီးဖြင့်

ပြန်လည်ထိုးကြိတ်လိုက်ကာ
စွမ်းအင်အတက်အကျများ ထပ်မံ ထွက်ပေါ်လာခဲ့၏။

ဤပြောင်းလဲမှုပြီးနောက် ရန်ယုမန်ဟာ
ကျွင်းရှောင်ယောက်ကိုပင် တိုက်ခိုက်နိုင်ခဲ့သည်။

ဟုတ်ပေသည်၊ ကျွင်းရှောင်ယောက်က သူ့ခွန်အားကို
အပြည့်အဝ အသုံးမချခြင်းမှာလည်း
အကြောင်းရင်းတစ်ခု ဖြစ်သည်။ သူဟာ ရန်ယုမန်က
မည်သူဖြစ်သည်အား သိရှိနိုင်ရန်
စမ်းသပ်နေပေသည်။

ဤအခိုက်တွင် ရန်ယုမန်က သန်မာလွန်းလှသည်။
သူမက ခြေကန်ချက်များ ထုတ်ဖော်သည်တွင်
နတ်ဆိုးခြေများ ထွက်ပေါ်လာခဲ့၏။

ကျွင်းရှောင်ယောက်လည်း သူ့လက်များဖြင့် ပိတ်ဆို့ထားခဲ့သည်။

ထိုစဥ် ရန်ယုမန်က ရုတ်တရက် ပြုံးလိုက်သည်။ သူမ၏ သွယ်လျပြီး ချောမွေ့သော ခြေထောက်နှစ်ချောင်းသည် ကျွင်းရှောင်ယောက်၏ခါးကို ရစ်ပတ်သွား၏။

တစ်ချိန်တည်းမှာပင် ကျောက်စိမ်းကဲ့သို့ လက်များက ကျွင်းရှောင်ယောက်၏လည်ပင်းကို ရေဘဝဲကဲ့သို့ ရစ်ပတ်ပြီး ချုပ်ကိုင်နိုင်ရန် ကြိုးစားလာတော့သည်။

"မင်းငါ့ကို ချုပ်နိုင်မယ်လို့ ထင်နေတာလား" ကျွင်းရှောင်ယောက်က တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

နတ်ဆိုးကေရာဇ်ခန္ဓာကိုယ်က သန်မာသော်လည်း
ရှေးဟောင်းမြင့်မြတ်ခန္ဓာကို ထောင်ဖမ်းချင်လျှင်
မဖြစ်နိုင်သည်မှာ ထင်ရှားသည်။

သို့သော်လည်း ရန်ယုမန်၏ နောက်ထပ်လှုပ်ရှားမှုက
ကျွင်းရှောင်ယောက်ကို ခဏတာ
အံ့အားသင့်စေခဲ့ပေသည်။

သူမ၏ အနီရဲရဲ နှုတ်ခမ်းအစုံဖြင့်
ကျွင်းရှောင်ယောက်၏ပါးကို ရွှတ်ခနဲ နမ်းလိုက်သည်။

ဤမြင်ကွင်းက လူတိုင်းကို
ထိတ်လန့်သွားစေခဲ့ပေသည်။

--------

အခန်း ( ၄၃၁ ) ကျွင်းရှောင်ယောက်ကို အခွင့်ကောင်းယူခြင်း။ နဂါးအလောင်းကို လွှဲပြောင်းပေးမည့် အခြေအနေကို အသုံးချပြီး ဒီမင်းသမီးကို စီးချင်တာလား။

ဤမြင်ကွင်းမျိုးကို မြင်တွေ့ရဖို့ ဘယ်သူမှ မမျှော်လင့်ထားပေ။

သူတို့နှစ်ယောက်က တိုက်ခိုက်နေရင်း ရန်ယုမန်ဟာ ကျွင်းရှောင်ယောက်ကို ရုတ်တရက် နမ်းလိုက်သည်။

"ငါ့ကို အခွင့်ကောင်းယူနေတာလား" ကျွင်းရှောင်ယောက်လည်း သတိပြန်မဝင်မိ တစ်ခဏမျှ ထိတ်လန့်သွား၏။

သူ့ရှေ့မှ ရန်ယုမန်က သူကိုယ်တိုင်မဟုတ်မှန်း
သေချာနေခဲ့ပြီ။ သူမ ခန္ဓာကိုယ်ထဲတွင်
တစ်စုံတစ်ယောက်၏ စွမ်းအားများကို
ဖုံးကွယ်ထားတာမျိုး ဖြစ်ကောင်းဖြစ်နိုင်သည်။

ဟုတ်ပေသည်၊ ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများအရ
ရန်ယုန်၏ကိုယ်ခန္ဓာတွင် တစ်စုံတစ်ဦး
ပုန်းကွယ်နေသော်လည်း ၎င်း၏ခွန်အားမှာ
အလွန်မြင့်မားသောအဆင့်သို့ မရောက်နိုင်ပါချေ။

ကျွင်းရှောင်ယောက်က ယင်းကို
ကိုင်တွယ်ဖြေရှင်းနိုင်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက တုန်ခါသွားကာ ရွှေရောင်
ချီနှင့် သွေးများ တဟုန်ထိုး တက်လာခဲ့၏။

ရန်ယုမန်၏ ခန္ဓာကိုယ်လည်း နောက်ဆုံးတွင် တုန်ခါသွားကာ ကျွင်းရှောင်ယောက်ကို ဖက်တွယ်ထားရာမှ ဖယ်ရှားသွားတော့သည်။

"မောင်လေး၊ နင်က သိပ်အကြွင်နာမဲ့တာပဲ၊ ငါ အရမ်းဝမ်းနည်းသွားပြီဟာ..."

ရန်ယုမန်၏ မျက်နှာက အနည်းငယ်ညိုးသွားသည်။

"မင်းက ငါ့ကိုအခွင့်ကောင်းယူပြီး အပြစ်ကင်းစင်ချင်ဟန်ဆောင်နေတာလား"

ကျွင်းရှောင်ယောက်၏ အမူအရာက ဘာမှမထူးခြားပါပေ။

"ခစ်ခစ်ခစ်၊ ငါက ဒီထက်ပိုပြီးလိုချင်တာ၊ နင့်ကို

ဒီလိုပုံစံလောက်နဲ့ အခွင့်ကောင်းယူချင်ရုံမကဘူး"
ရန်ယုမန်က ညှို့ယူစွာ ပြောဆိုသည်။

"..."
ကျွင်းရှောင်ယောက်က
အနည်းငယ်ပြုံးပြလိုက်သော်လည်း
ဘာမှပြန်မပြောပေ။

အောက်ဘက်တွင် ကျွင်းမူလန်နှင့် ကျွင်းရှယ်ဟွမ်တို့
စီကွမ်သုံးဦးမှာ ဒေါသကြောင့်
မျက်နှာနီရဲသွားကြသည်။

ရန်ယုမန်က ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ကို
သူ့ကိုလေးစားသည့် စီကွမ်များရှေ့တွင် ပရောပရည်
ပြုလုပ်နေသလော။

ယင်းက သည်းမခံနိုင်စရာပင်။

ဝန်းကျင်ရှိ ပြင်ပကမ္ဘာ၏ ပါရမီရှင်များ
အနေဖြင့်လည်း အားလုံးက မနာလို၊ဝန်တို
ဖြစ်သွားခဲ့ကြသည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဆန္ဒရှိခဲ့ပါက
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ
အမျိုးသားအားလုံး တစ်ကိုယ်တည်း လူပျိုကြီးများ
ဖြစ်ကုန်ကြလိမ့်မည်။

အကြောင်းမှာ မိန်းမအားလုံးက
ကျွင်းရှောင်ယောက်ကို စွဲလန်းနေကြ၍ ဖြစ်သည်။

"ခစ်ခစ်ခစ်၊ မောင်လေး... နောင်တစ်ခါကျလို့ နင့်ကို

လူချင်းတွေ့ရင် ငါ သေချာပေါက်
နှစ်ထပ်လေ့ကျင့်ပေးမယ်"

ရန်ယုမန်က ကျွင်းရှောင်ယောက်ကို မျက်စိတစ်ဖက်
မှိတ်ပြလိုက်သည်။

ထို့နောက်မှာတော့ သူမ၏ သေးသွယ်သော ခါးက
ယိမ်းနွဲ့သွားကာ မီးခိုးငွေ့များကဲ့သို့ နေရာတွင်
ပျောက်ကွယ်သွားတော့သည်။

"သေစမ်း၊ ဒီလူယုတ်မာ မိန်းမ"

ကျွင်းမူလန်နှင့် ကျွင်းရှယ်ဟွမ်လည်း
အံကြိတ်လိုက်ကြသည်။ သူတို့၏ မျက်နှာများက
ဒေါသများ ပြည့်နေပြီး နှလုံးသားများမှာလည်း
ရန်လိုမှုများနှင့် ပြည့်နေသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများသာ

နက်နဲသွားပေသည်။

'ဒါ...သူမဖြစ်နိုင်မလား'

ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင်

ခန့်မှန်းချက်တစ်ခုတော့ ရှိနေသည်။

သို့သော်လည်း ခေါင်းခါယမ်းပြီး ဤကိစ္စကို

ခဏဖယ်ထားလိုက်လေသည်။

"ဟင်း၊ ဒီတစ်ခါတော့ ငါရှုံးတယ်"

ကျွင်းရှောင်ယောက်က ခေါင်းကို

အနည်းငယ်ခါယမ်းကာ  မျက်နှာပေါ်ရှိ

နှုတ်ခမ်းနီများကို သုတ်ဖယ်ပစ်ရန်

လက်လှမ်းလိုက်သည်။

ယောက်ျားလေးများ အပြင်ထွက်သည့်အခါ
ကိုယ့်ကိုယ်ကို ကာကွယ်သင့်သည်။

ဂရုမစိုက်ပါက မိန်းကလေးများ၏
အနိုင်ကျင့်ခံရလိမ့်မည်။

ရုပ်ရည် ချောမောလွန်းခြင်းကလည်း ဝေဒနာတစ်ခု
ဖြစ်နိုင်သည်။

ကျွင်းရှောင်ယောက် သက်ပြင်းကိုသာ
ချလိုက်မိပေသည်။ ဖြစ်နိုင်လျှင် သူ
ဤမျှရုပ်မချောပေ။ ရိုးရိုးရှင်းရှင်းနှင့်
သာမန်လူတစ်ယောက်ပဲ ဖြစ်ချင်ခဲ့မိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
စကားကိုကြားသောအခါ အနီးနားရှိ ပါရမီရှင်များက

စိတ်ထဲမှ ကျိန်ဆဲလိုက်ကြသည်။

ဤဖြစ်ရပ်က တကယ်ကို မိုးခေါင်ရေရှားသော ကန္တာရတွင် ရေနစ်သေဆုံးသူများ၏ ဖြစ်ရပ်ပင် ဖြစ်သည်။

"သေစမ်း၊ ဒီနတ်ဆိုးနတ်ဘုရားနန်းတော်ရဲ့ နတ်သမီးက အရှက်မဲ့လွန်းတယ်"

ကျွင်းမူလန်က ဒေါသတကြီးဖြင့် ရေရွတ်လိုက်သည်။

"အဲဒါ သူမမဟုတ်ဘူး"

ကျွင်းရှောင်ယောက်က ရုတ်တရက် ပြောလိုက်၏။

"ဟင်၊ ဒါဆိုရင် သူက… "

ကျွင်းမူလန်လည်း အံ့အားသင့်သွားသည်။

သူတို့က အပြင်မှာ ရှိနေတာမို့
ကျွင်းရှောင်ယောက်လောက် အနီးကပ် မမြင်ခဲ့ရပေ။

"ကိစ္စမရှိပါဘူး၊ လောလောဆယ် စိတ်မပူနဲ့၊ ငါတို့မှာ
လုပ်စရာတွေ ကျန်သေးတယ်"

ကျွင်းရှောင်ယောက် သူ့လက်ကို ဖွဲ့ယမ်းလိုက်သည်။

သူ့အာရုံက အကြွင်းအကျန်
အင်မော်တယ်သွေးများပေါ်သို့ တစ်ဖန်
ရောက်သွားပြန်သည်။

ကျွင်းရှောင်ယောက်လည်း အကြွင်းအကျန်
အင်မော်တယ်သွေးတစ်စက်ကို ထပ်မံ နှိမ်နင်းရန်
မတွန့်ဆုတ်တော့ပေ။ မထင်မှတ်ဘဲ တစ်စုံတစ်ခု
ဖြစ်လာမည်ကို သူစိုးရိမ်မိသည်။

အချိန်အတော်ကြာပြီး နောက်ဆုံးမှာတော့
ကျွင်းရှောင်ယောက်ဟာ
အင်မော်တယ်သွေးတစ်စက်ကို ဖိနှိပ်နိုင်ခဲ့သည်။

ထိုအချိန်တွင်၊ ရှန်းကုတာအိုရေကန်၏
အခွင့်အရေးများအားလုံးက ကျွင်းရှောင်ယောက်နှင့်
အခြားသူများလက်ထဲသို့ ကျရောက်သွားခဲ့ရပေသည်။

အခြားသော ပါရမီရှင်များနှင့်
ရှန်းကုသတ္တဝါများအတွက်မူ ၎င်းတို့က
မည်သည့်အကျိုးကျေးဇူးမှ မရရှိခဲ့ပေ။

ထိုမျှသာမကဘဲ ၎င်းတို့နှလုံးသားတွင်
မနာလိုမှုများကိုသာ အဆစ်ရခဲ့သည်။

"ငါ အခု တကယ်ကြောက်နေပြီ။ ကျွင်းမိသားစုရဲ့
နတ်ဘုရားတော်နဲ့ အတူတူ မနေရဲတော့ဘူး"

"ဟုတ်တယ်၊ သူနဲ့ဆိုရင် ငါက အမှိုက်တစ်စပဲ။
မဟုတ်ဘူး၊ ငါက ရုပ်ဆိုးတယ်လို့ ခံစားရတယ်"

ပတ်ဝန်းကျင်ရှိ ပါရမီရှင်များအားလုံး
တုန်တုန်ယင်ယင် ဖြစ်သွားခဲ့ကြသည်။

ယခင်က နှိုင်းယှဉ်၍မရလောက်အောင် မာနကြီးသော
ရှန်းကုသတ္တဝါများလည်း ယခုအခါ သူတို့၏
မျက်လုံးများက ကြောက်ရွံ့မှုများ ပြည့်နှက်နေခဲ့ပြီ။

ဤကဲ့သို့ ရှန်းကုမျိုးနွယ်များကို ရန်စဝံ့သော
ပြင်ပကမ္ဘာမှ ပါရမီရှင်များမှာ တစ်ခါမျှမရှိခဲ့ဘူးပေ။

ကျွင်းရှောင်ယောက်က ပထမဆုံး ဖြစ်သည်။

ရှန်းကုတာအိုရေကန်၏ အခွင့်အရေးအားလုံးကို ရရှိပြီးနောက် ကျွင်းရှောင်ယောက်ဟာ နောက်ထပ်ခြေလှမ်းကို စတင်စဉ်းစားခဲ့သည်။

ထိုအချိန်တွင် ဘေးမှရပ်နေကာ ထွက်မသွားသေးသော မင်းသမီးလုံကျိုက စကားစလာသည်။

"နင်... တစ်ခုခု ရှိတယ်..."

မင်းသမီးလုံကျို၏ မျက်နှာမှာ ချီတုံချတုံ ဖြစ်နေသည်။ သူမက တစ်ခုခုကို ပြောချင်သော်လည်း ဆက်မပြောဘဲ ရပ်လိုက်၏။

"ဟမ်"

ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိုကို ကြည့်လိုက်သည်။

"အဲဒီနဂါးအလောင်းကို ငါတကယ်လိုချင်တယ်"

မင်းသမီးလုံကျို အသက်ပြင်းပြင်းရှူလိုက်သည်။ သူမ၏ ကျောက်စိမ်းနှင့်တူသော တောင်ထိပ်များကလည်း ကြွတက်လာပြီး ပြန်ကျလာလေသည်။

ယင်းကို အလွန်လိုချင်၍မဟုတ်လျှင် မင်းသမီးလုံကျိုက ဤမျှ အောက်ကျခံနေမည်မှာ မဟုတ်ပေ။

ယခုတော့ သူမသည် ဤနဂါးအလောင်းကို

အမှန်တကယ် လိုအပ်နေသည်။

မင်းသမီးလုံကျိုက အိုလွမ်ကို သူ့လက်ဖြင့်
ကိုယ်တိုင်သတ်လိုသည်။

သို့ရာတွင် အိုလွမ်၏ ဝမ်းကွဲတော်စပ်သူမှာ
နဂါးလူသားမျိုးနွယ်မှ အိမ်ရှေ့မင်းသား အိုကွမ်
ဖြစ်နေခဲ့၏။ ၎င်းက ဘုရင်ငယ်လေးပါးထဲမှ
တစ်ပါးလည်း ဖြစ်သည်။

အိုလွမ်ကို သတ်လိုက်ခြင်းက အိုကွမ်ကို
ထိခိုက်စေမည်မှာ အသေချာပင်။

မင်းသမီးလုံကျိုက ယခုအချိန်တွင်
အားမနည်းသော်လည်း အိုကွမ်နှင့် ရင်ဆိုင်ရန်တော့
အနည်းငယ်ခက်ခဲမည် ဖြစ်သည်။

အကယ်၍ ဤနဂါးအလောင်းမှ တောင်ပံနဂါးသွေးကို
သန့်စင်နိုင်ခဲ့လျှင် မင်းသမီးလုံကျိ၏
စွမ်းအားကလည်း သိသိသာသာ
အားကောင်းလာလိမ့်မည်။

ထို့အပြင် သူမက ရှေးဟောင်းလူထူးဆန်းဖြစ်သည်။
သူမတွင် အတွေ့အကြုံအများကြီးရှိ၏။ သူမအနေဖြင့်
ဤအရာကို ကောင်းကင်နတ်ဘုရားနယ်ပယ်သို့
ဖြတ်ကျော်ရာတွင် အသုံးပြုနိုင်သည်။

မင်းသမီးလုံကျိ၏ စကားကိုကြားတော့
ကျွင်းမူလန်နှင့် အခြားသူများ အံ့သြသွားကြသည်။

မင်းသမီးလုံကျိက ဘိုးဘွားနဂါးသိုက်၏
ပါရမီရှင်ဖြစ်သော်လည်း ယခုအခါ

နဂါးအလောင်းအတွက် ကျွင်းရှောင်ယောက်ကို
တောင်းဆိုနေသလော။

ယင်းက မထင်မှတ်နိုင်လောက်အောင် ဖြစ်ရသည်။

ကျွင်းမူလန်နှင့် တခြားသူများလည်း
မင်းသမီးလုံကျို၏ ဦးနှောက်တွင် တစ်ခုခုမှားနေပြီဟု
ထင်မှတ်သွားမိသည်။

ကျွင်းရှောင်ယောက်က မအံ့သြသော်လည်း
အပေါ်ယံတွင် မျက်ခုံးပင့်ကာ ပြောလိုက်သည်။

"မင်းသမီးလုံကျို၊ ငါက မင်းအတွက်
အရူးတစ်ယောက်လို ဖြစ်နေလို့လား"

မင်းသမီးလုံကျို တိတ်ဆိတ်သွား၏။ သူမ

ခေါင်းခါယမ်းလိုက်သည်။

"ဒါဆို မင်းကိုယ်တိုင်က အရူးတစ်ယောက်လား"

ကျွင်းရှောင်ယောက်က ဆက်ပြောသည်။

မင်းသမီးလုံကျိုလည်း တိတ်ဆိတ်နေပြီးမှ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြန်သည်။

"ဘယ်လိုအခြေအနေမျိုးမှမရှိဘဲ နဂါးအလောင်းကို ငါက မင်းကိုပေးမယ်လို့ တကယ်ပဲ ထင်နေသေးတာလား"

ကျွင်းရှောင်ယောက်က အနည်းငယ် ပြုံးလိုက်သည်။

ဤသည်မှာ အနည်းငယ် ရယ်စရာကောင်း၏။

ကျွင်းရှောင်ယောက်က နဂါးအလောင်းကို အမှန်တကယ် မလိုအပ်သော်လည်း မင်းသမီးလုံကျိုကိုတော့ လွယ်လွယ်ကူကူ မပေးနိုင်ပေ။

သူက ကြင်နာသူမဟုတ်ပါ။

ထို့အပြင် မင်းသမီးလုံကျိုက ယခုအခါ သူနှင့် ဆန့်ကျင်ဘက်တွင် ရှိနေသည်။

"ကောင်းပြီ၊ မင်းက မင်းနဲ့ ငါ့ကြားက ရန်စတွေကို အမြဲတမ်း အဆုံးသတ်ချင်နေတာ မဟုတ်ဘူးလား၊ အခု ငါ မင်းကို အခွင့်အရေး ပေးနေပြီ။ မင်းရဲ့ သိုင်းကွက်ထုတ်ပါ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်လိုက်သည်။

မင်းသမီး လုံကျို၏ လှပသော မျက်လုံးများက အရောင်လက်သွားသော်လည်း ခေါင်းယမ်းလိုက်ပြန်သည်။

"ငါ အခု နင့်ရဲ့ပြိုင်ဘက် မဟုတ်ဘူး"

မင်းသမီးလုံကျူလည်း နောက်ဆုံးတော့ အဖြစ်မှန်ကို လက်ခံသွားခဲ့သည်။

သူမသည် ယခင်က အလွန်မာနကြီးပြီး အဆင့်အတန်းမြင့်မားသူဖြစ်သည်။ သူဟာ ဘယ်သူ့ကိုမှ အလေးအနက်မထားခဲ့ဘူးပေ။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏နောက်ကို ခဏလိုက်ပြီးနောက် ကျွင်းရှောင်ယောက်အရှေ့တွင် သူမ၏အခြေအနေက

ဘာမှမဟုတ်သေးကြောင်း နားလည်လာခဲ့သည်။

"မင်းနားလည်ပုံပဲ"

ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

သူက မင်းသမီးလုံကျိကိုကြည့်ကာ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"နဂါးအလောင်းကို လိုချင်ရင် မဖြစ်နိုင်တာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနတ်ဘုရားသားတော်မှာ အခြေအနေတစ်ခု ရှိတယ်"

ထိုစကားကြောင့် မင်းသမီးလုံကျိ၏ မျက်လုံးများက တောက်ပလာသည်။

“ပြောပါ”

သူမ ကမန်းကတန်း ပြောလိုက်၏။

ကျွင်းရှောင်ယောက်၏ရှေ့တွင် အကြိမ်ကြိမ် အရှက်ရနေပြီမို့ နောက်တစ်ကြိမ် သခင်ဟုခေါ်ရန် မတွန့်ဆုတ်တော့ပေ။

"ဒါဟာ အရမ်းရိုးရှင်းပါတယ်။ ဒီနတ်ဘုရားသားတော်မှာ လောလောဆယ် စီးတော်မရှိဘူး ဖြစ်နေတယ်။ မင်းသာ လုပ်နိုင်မယ်ဆိုရင် ဒီအတွက် အရည်အချင်းပြည့်မီပြီ" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထိုစကားကြောင့် မင်းသမီးလုံကျို၏ စိတ်ထဲတွင် တုန်လှုပ်သွား၏။

အချိန်အတော်ကြာပြီးမှ မင်းသမီးလုံကျို၏

အနီရောင်နူတ်ခမ်းများက ပွင့်ဟလာကာ ပြောလိုက်သည်။

"နင်က ဒီမင်းသမီးကို စီးချင်နေလို့လား"

--------

အခန်း ( ၄၃၂ ) မင်းသမီးလုံကျိကို လုံးဝအောင်နိုင်ပြီ၊ ရှန်းကုတာအိုရေကန်တိုက်ပွဲ ပြီးဆုံးသွားသည်။

မင်းသမီးလုံကျိသည် ကျွင်းရှောင်ယောက်က သူမကို အမှန်တကယ်စီးချင်မည်ဟု မမျှော်လင့်ထားပေ။

သူ့အရင် ဒေါသကြီးပုံမျိုးဖြင့် ပါးဖြတ်ရိုက်ပြီးပြီ ဖြစ်သည်။

သို့သော်လည်း ယခုတော့ သူမ လုပ်ချင်လျှင်ပင် မလုပ်နိုင်ပါချေ။ သူမက သူ့ပြိုင်ဘက် မဟုတ်သေးပါ။

ကျွင်းရှောင်ယောက်၏ ချောမောသည့် မျက်နှာပေါ်က အပြုံးကို မြင်လိုက်ရတော့ မင်းသမီးလုံကျိ မျက်လုံး ဝင်းလက်သွားသလို ခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်က အတော်ကြည့်ကောင်းသည်။

"ဒီကမ္ဘာမှာ မင်း တစ်ခုခုရချင်ရင် ထိုက်သင့်တဲ့ တန်ကြေးကို ပေးရမယ်။ အဖိုးတန်တဲ့ နဂါးအလောင်းနဲ့ နှိုင်းယှဉ်ရင် ဒီအခြေအနေက သိပ်မများဘူးလို့ ငါထင်တယ်"

ကျွင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

မင်းသမီးလုံကျို တိတ်ဆိတ်သွား၏။

ယင်းက အမှန်ပင်။

အဖိုးတန် နဂါးအလောင်းနှင့် နှိုင်းယှဉ်ကြည့်ပါက
အချိန်တခဏမှာ ဘာမျှမဖြစ်ပေ။

တခြားသူသာဆိုလျှင် ဤနဂါးအလောင်းအတွက်
ကျွင်းရှောင်ယောက်၏ စီးတော်ဖြစ်ရန်ပင်
သေချာပေါက် တိုက်ပွဲဝင်ကြပေလိမ့်မည်။

သို့ရာတွင် သူမ ဘယ်သူလဲ။

မြင့်မြတ်သောသွေးနှင့် နဂါးမျိုးနွယ်၏ မင်းသမီး၊

ဘိုးဘွားနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်း။

ဤသည်မှာ အရည်အချင်းကိစ္စမဟုတ်ဘဲ ဂုဏ်သိက္ခာပိုင်းကို ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

၎င်းက ရှန်းကုကမ္ဘာ၌သာ ကျွင်းရှောင်ယောက်၏ စီးတော် ဖြစ်ခဲ့သည်။

သို့သော်လည်း အနာဂတ်တွင် နဂါးမျိုးနွယ်မှ မင်းသမီးအဖြစ် သူမ၏ ဂုဏ်သိက္ခာက ညှိုးနွမ်းသွားလိမ့်မည်။

မင်းသမီးလုံကျို၏ ပြောင်းလဲလာသော အမူအရာကိုမြင်တော့ ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ်ခါယမ်းပြီး ပြောလိုက်သည်။

"ဒါဆိုရင်လည်း မေ့လိုက်ပါ၊ ငါ ဘယ်သူ့ကိုမှ

အတင်းအကြပ် မလုပ်ဘူး"

ယခု အကူအညီတောင်းနေသူမှာ သူမဟုတ်ဘဲ
မင်းသမီးလုံကျို ဖြစ်သည်။

မင်းသမီးလုံကျိုလည်း
အံကိုကြိတ်ထားလိုက်လေသည်။
ဤနဂါးအလောင်း၏ ဆွဲဆောင်မှုမှာ
သေစေလောက်အောင်ပင် ဖြစ်သည်။

၎င်းကို သန့်စင်နိုင်လျှင်
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ ဖြတ်ကျော်ရန်မှာ
မဖြစ်နိုင်တာ မဟုတ်ပေ။

မင်းသမီးလုံကျိုအနေဖြင့် အိုလွမ်ကိုသတ်လျှင်
အိုကွမ်နှင့် နဂါးမျိုးနွယ်၏ လက်စားချေခြင်းကို

ဆွဲဆောင်မိသွားမည် ဖြစ်သည်။

သူမအနေဖြင့် ၎င်းတို့နှင့်ယှဉ်ပြိုင်နိုင်စွမ်းကို ရရှိလိုပါက နဂါးရုပ်အလောင်းကို ရယူရလိမ့်မည်။

ထိုအတွက်ကြောင့်......

မင်းသမီးလူ့ကျို၏ မျက်နှာပေါ်တွင် စိတ်ပိုင်းဖြတ်ထားသည့် အကြည့်များ တောက်ပလာသည်။

"ကောင်းပြီ၊ ငါနင့်ကို ကတိပေးတယ်"

စကားတစ်ခွန်းဖြင့် ကမ္ဘာကြီးတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ကျွင်းမူလန်နှင့် တခြားသူ အားလုံးလည်း
အံသြသွားကြ၏။

ပြင်ပကမ္ဘာမှ ပါရမီရှင်များလည်း သရဲတစ္ဆေကို
နေ့ခင်းကြောင်တောင် မြင်လိုက်ရသကဲ့သို့ပင်။

"ဒါဆို မင်းမှာ ဘာရှိလဲ ငါ့ကို ပြပါ"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

မင်းသမီးလုံကျိုလည်း အံကြိတ်ကာ လှပသော
မျက်လုံးများဖြင့် ကျွင်းရှောင်ယောက်ကို
စိုက်ကြည့်လိုက်၏။

သူမ၏ သိမ်မွေ့သော ခန္ဓာကိုယ်က တုန်ယင်သွားကာ

အလင်းရောင်များ တောက်ပ တောက်ပလာသည်။

ခဏအကြာတွင် ကြည်လင်သော နဂါးဟိန်းဟောက်သံ ထွက်ပေါ်လာခဲ့၏။

မင်းသမီးလုံကျိုက သူမရဲ့ ပုံစံအစစ်အမှန်ကို ထုတ်ဖော်ခဲ့ပေပြီ။

သူမက သွယ်လျသော နတ်နဂါးအဖြစ်သို့ ပြောင်းလဲသွားသည်။

ဤနတ်နဂါးသည် သေးသွယ်လျသော ရုပ်ပုံမျိုးရှိ၏။ သူမသည် ရှေးဟောင်း နဂါးပြာဧကရာဇ် သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသောကြောင့် သူမ၏ နဂါးအကြေးခွံများကလည်း အပြာရောင်ဖျော့ဖျော့ဖြစ်ကာ သက်တန့်ရောင်များဖြင့်

ရောယှက်နေသည်။

နတ်နဂါးတစ်ကောင်လုံးက တစ်ခုလုံးသည်
အလွန်မြင့်မြတ်ပြီး လှပခဲ့ပေသည်။

၎င်းတွင် နဂါးမျိုးနွယ်၏ ခမ်းနားသော ရောင်ဝါကိုပင်
ထင်ရှားစေခဲ့သည်။

"တော်တော်လှတာပဲ"

ကျွင်းရှောင်ယောက်လည်စ ခြေတစ်ချက်လှမ်းကာ
နတ်နဂါး၏ ဦးခေါင်းပေါ်သို့
တိုက်ရိုက်တက်လိုက်သည်။

မင်းသမီး၏ နဂါးမျက်လုံးများမှာလည်း ဒေါသနှင့်
ပြည့်နှက်သွား၏။

တစ်စုံတစ်ယောက်က သူမ၏ ဦးခေါင်းထက်
တက်စီးခြင်းမှာ ဒါ ပထမဆုံးအကြိမ် ဖြစ်သည်။

ပတ်ဝန်းကျင်ရှိလူတိုင်း အံ့အားသင့်သွားခဲ့ကြသည်။

ဘိုးဘွားနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်း၊
နဂါးမင်းသမီးကို တစ်ရက်တွင် ကျွင်းရှောင်ယောက်၏
စီးတော်ဖြစ်လာမည်ဟု မည်သူက
မျှော်လင့်ထားခဲ့ပါမည်နည်း။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ကတယ်
ကတိတည်တယ်၊ အရင်က မင်းသမီးလုံကျိုကို
ထိပ်တိုက်တွေ့တုန်းက သူ့စီးတော် ဖြစ်ထိုက်တယ်လို့
ပြောခဲ့တယ်။ ဒါက တကယ်ဖြစ်လာမယ်လို့
မမျှော်လင့်ထားဘူး"

အပြင်လူတော်တော်များများလည်း
တစ်ယောက်ကိုတစ်ယောက် ထိတ်လန့်တကြားဖြင့်
ကြည့်လိုက်ကြသည်။

ယခင်က ကျွင်းရှောင်ယောက်ပြောခဲ့စဉ်တွင်
လူတိုင်းက ဟာသဟု ထင်နေခဲ့ကြသည်။

ယင်းက တကယ်ဖြစ်လာလိမ့်ဟု
ဘယ်သူကထင်ထားခဲ့မည်နည်း။

တစ်ချိန်တည်းမှာပင်...

ရှန်းကုကမ္ဘာ အပြင်ဘက်မှာ ရှန်းကုကြေးမုံပြင်တွင်...

ဘိုးဘွားနဂါးသိုက်မှ လူတိုင်း ထုံကျဉ်နေကာ သူတို့မြင်နေရသည်ကို မယုံကြည်နိုင်တော့ပေ။

လုံအိုထျန်းဟာ ကျွင်းရှောင်ယောက်ကို ရှုံးနိမ့်ခဲ့ပြီး အဖိုးတန်နဂါးအနှစ်သာရ ခုနစ်ခုကိုပင် လုယက်ခံခဲ့ရသည်။

မင်းသမီးလုံကျိုကမူ လုံအိုထျန်းကို ဆန့်ကျင်ရုံသာမကဘဲ ယခုအခါ ကျွင်းရှောင်ယောက်၏စီး စီးတော်ပင် ဖြစ်လာခဲ့ချေပြီ။

"မဟုတ်ဘူး၊ ဒါက တကယ် မဟုတ်ဘူးလို့ ပြောကြစမ်းပါ"

"မဖြစ်နိုင်ဘူး၊ နဂါးနှစ်ကောင်မွေးရင်

ဘိုးဘွားနဂါးသိုက်ကြီး ကြီးပွားချမ်းသာလာမယ်ဆို၊
ငါ့ဘိုးဘွားနဂါးသိုက်ရဲ့ မာနက ဘယ်လိုလုပ်ပြီး
ဒီလောက် ထိုးကျသွားရတာလဲ"

ဘိုးဘွားနဂါးသိုက်၏ အကြီးအကဲများအားလုံး
ဤရလဒ်ကို လက်မခံနိုင်ဘဲ အော်ဟစ်ခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ရှေ့မှာ သူတို့
ဘိုးဘွားနဂါးသိုက်၏ ပါရမီရှင်များက ဆိုးဆိုးရွားရွား
ရှုံးနိမ့်ခဲ့ရပြီ။

"မင်းသမီးက တခြားသူရဲ့စီးတော်
ဘယ်လိုဖြစ်သွားရတာလဲ"

နဂါးပြာမိုလ်ချုပ်၊ နဂါးနီမိုလ်ချုပ်၊
နဂါးဖြူမိုလ်ချုပ်နှင့် နဂါးဖြူမိုလ်ချုပ်ကဲ့သို့
မင်းသမီးလုံကျို၏ အစောင့်အရှောက်များလည်း

မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ကြသည်။

"ဟားဟားဟား"

ဆန့်ကျင်ဘက်ကတော့ ကျွင်းမိသားစုပင်။

ကျွင်းကျန်းထျန်းနှင့် အခြား မျိုးနွယ်စု
အကြီးအကဲများအားလုံး နားစွင့်ကာ
ရယ်မောလိုက်ကြသည်။

ကျွင်းရှောင်ယောက်၏ နည်းလမ်းများက
၎င်းတို့၏မျှော်လင့်ချက်များကို ကျော်လွန်သွားခဲ့ပြီ။

အားလုံးကို ခြုံပြောရလျှင် ပြင်ပကမ္ဘာကြီးတစ်ခုလုံး
မငြိမ်းချမ်းနိုင်တော့ပေ။

ဘိုးဘွားနဂါးသိုက်နှင့် ကျွင်းမိသားစုမှ မျိုးဆက်သစ် လူငယ်များကြား တိုက်ပွဲတွင် ဘိုးဘွားနဂါးသိုက်က ဆိုးရွားစွာ ရှုံးနိမ့်ခဲ့ရသည်။

"ဒီရှန်းကုတိုက်ပွဲရဲ့ နောက်ဆုံးရလဒ်က ဘယ်လိုဖြစ်မလဲ”

လူအများက တွေးနေခဲ့မိသည်။

ယခုတွင် ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာကို ဝင်ရောက်လာချိန်မှစ၍ ကျွင်းမိသားစု၏ မူလအားနည်းချက်သည် တိုက်ရိုက်ပြောင်းပြန်ဖြစ်သွားပုံရသည်။

သို့သော်လည်း မျက်လုံးထဲတွင် အရောင်အနည်းငယ်လက်နေသည့် လူများစွာလည်း ရှိသေးသည်။

ဘိုးဘွားနဂါးသိုက်နှင့် တခြားအင်အားစုများက ဤကိစ္စကို လွယ်လွယ်နှင့် အလွတ်မပေးမှာကို ကြောက်ရသည်။

အတွင်းဇာတ်လမ်းကို ယောင်ဝါးဝါးသိသော အင်အားစုအချို့ကလည်း စောင့်မျှော်နေနေခဲ့ကြပေသည်။

ရှန်းကုတာအိုရေကန်တွင်....

ကျွင်းရှောင်ယောက်က နတ်နဂါး၏ဦးခေါင်းထက်တွင် ရပ်နေသဖြင့် နတ်တစ်ပါးနှင့် ပို၍တူသယောင်ရှိခဲ့သည်။

"လုံလောက်ပြီလား"

နတ်နဂါးထံမှ မင်းသမီးလုံကျို၏အသံ
ထွက်ပေါ်လာသည်။

"ငါ့ကို ဘယ်လိုခေါ်ရမလဲဆိုတာ မေ့သွားပြီလား"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

"သ...သခင်..."

နတ်နဂါးလည်း ဒေါသကို ထိန်း၍ထပ်ခေါ်လိုက်သည်။

"ရှန်းကုကမ္ဘာရဲ့ ဒီလိုအချိန်မျိုးမှာ မင်းပိုပြီးသတိရှိဖို့နဲ့
မင်းတာဝန်ကို စီးတော်တစ်ခုအနေနဲ့ ကောင်းကောင်း
လုပ်လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"

ကျွင်းရှောင်ယောက်က နတ်နဂါး၏ဦးခေါင်းမှ
ထွက်ခွာသွားခဲ့သည်။

နတ်နဂါးလည်း သူ၏ ခန္ဓာကိုယ်ကို လှုပ်ခါလိုက်ရာ
နတ်အလင်းတန်းများ လင်းလက်သွားပြီး
မင်းသမီးလုံကျို အဖြစ်သို့
ပြောင်းလဲသွားပြန်တော့သည်။

ချစ်စရာကောင်းသော သူမ မျက်နှာပေါ်မှာတော့
ရှက်ရွံ့မှုဖြင့် မျက်နှာတစ်ခုလုံး နီမြန်းနေသည်။

"မင်းကိုပေးမယ်"
ကျွင်းရှောင်ယောက်က နဂါးအလောင်းကို
လွှင့်ပစ်လိုက်သည်။

ထိုမှသာ မင်းသမီးလုံကျိုက ဒေါသကို အနည်းငယ်
ထိန်းထားနိုင်ကာ လှပသော မျက်လုံးများတွင်လည်း
အလင်းရောင်တစ်ခု ထွက်ပေါ်လာခဲ့သည်။

သူမတွင် ဤနဂါးအလောင်းရှိနေသရွေ့ ကောင်းကင်နတိဘုရားနယ်ပယ်သို့ဖြတ်ကျော်ရန် မျှော်လင့်ချက် ရှိသည်။

"ရှောင်ယောက်၊ သူ့ခွန်အားတွေ တိုးလာရင်..."

ကျွင်းမူလန်နှင့် တခြားသူများက ပြောလိုသော်လည်း တွန့်ဆုတ်နေကြသည်။

"ကိစ္စမရှိပါဘူး၊ ငါ့နှလုံးသားထဲမှာ ဘာတွေလုပ်နေလဲဆိုတာ သေချာသိတယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထုံးစံအတိုင်း၊ မင်းသမီးလုံကျိုကလည်း သူ့ကို ပြန်ကိုက်သည်အထိ တုံးအမည် မဟုတ်ပေ။

ထို့ပြင် သူကိုယ်တိုင်က အကြွင်းအကျန်
အင်မော်တယ်သွေးကို ရခဲ့သည်။

ဤအကြွင်းအကျန် အင်အော်တယ်သွေးက
ထိုနဂါးရုပ်ထက် အဆများစွာ အဖိုးတန်ပေသည်။

ကျွင်းရှောင်ယောက်က အကြွင်းအကျန်
အင်မော်တယ်သွေးကို သန့်စင်လိုက်လျှင်
နဂါးအလောင်းကို သန့်စင်ထားသော
မင်းသမီးလုံကျိုကို ဆက်တိုက်အနိုင်ယူနိုင်ဦးမည်
ဖြစ်သည်။

"စကားမစပ်၊ နဂါးဒြပ်ခုနစ်က..."
မင်းသမီးလုံကျိုက ထပ်ပြောလိုက်သည်။

"အဲဒါကို မစဉ်းစားနဲ့တော့"

ကျွင်းရှောင်ယောက်က မင်းသမီးလုံကျို၏

အတွေးများကို ဖြတ်တောက်လိုက်သည်။

နဂါးအနှစ်သာရခုနစ်ခုသည်

ကျွင်းရှောင်ယောက်အတွက် အသုံးဝင်သောကြောင့်

မင်းသမီးလုံကျိုကိုပေးရန် သဘာဝအားဖြင့်

မဖြစ်နိုင်ပါချေ။

မင်းသမီးလုံကျိုလည်း ကျွင်းရှောင်ယောက်ကို

ဒေါသတကြီးဖြင့် စိုက်ကြည့်လိုက်သည်။ သို့ရာတွင်

သူမကလည်းသွေးတိုးစမ်းရုံဖြစ်ပြီး

နဂါးအနှစ်သာရများ ပေးအပ်မည်ဟု

မျှော်လင့်မထားပေ။

ရှန်းကုတာအိုရေကန်အတွက် တိုက်ပွဲကတော့ ယခု ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

အကြီးမားဆုံး ရိတ်သိမ်းသူက ကျွင်းရှောင်ယောက် ဖြစ်မည်မှာ သေချာသည်။

တခြားသူများကတော့ ဘာမှမရနိုင်ခဲ့ပေ။

ထို့နောက် ကျွင်းရှောင်ယောက်က နောက်အစီအစဉ်ကို စဉ်းစားခဲ့သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ် ကြီးမားသောပြီးပြည့်စုံမှုက မလုံလောက်ကြောင်း သူခံစားခဲ့ရပေသည်။

ဘုရင်ငယ်လေးပါးကို မဆိုထားနှင့်...

နိုးထလာမည့် ရှေးဟောင်းလူထူးဆန်းများ၏
နယ်ပယ်ကပင် သူ့ထက် သန်မာနေနိုင်သည်။

'ဒါထက်၊ ရှန်းကုကမ္ဘာမှာ အိပ်စက်နေတဲ့ ငါ့ရဲ့
ကျွင်းမိသားစုက
ရှေးဟောင်းလူထူးဆန်းတွေရှိတယ်လို့
ကျွင်းလုံခန်းပြောတာ ကြားဖူးတယ်၊ ဒါပေမယ့်
ဘယ်မှာမှန်းမသိဘူး'
ကျွင်းရှောင်ယောက် သူ့ကိုယ်သူ တွေးလိုက်မိသည်။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်
အလိုအပ်ဆုံးအရာက နောက်ဆုတ်ကျင့်ကြံခြင်းပင်။

နယ်ပယ်ကို ချိုးဖြတ်ရုံသာမကဘဲ

ထာဝရအင်မော်တယ်ခန္ဓာကိုယ်လည်း လေ့ကျင့်ရမည် ဖြစ်သည်။

'ငါ တကယ်ကို စောင့်မျှော်နေမိတယ်၊ ဒီတစ်ခါ နောက်ဆုတ်ပြီးရင် ငါ့ရဲ့ ခွန်အားက ဘယ်လောက်ထိအောင် တိုးမြင့်လာမလဲ'

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက အပြုံးတစ်ခုလို တွန့်ကွေးသွားခဲ့သည်။

--------

အခန်း ( ၄၃၃ ) နောက်တဖန် ပြန်ဆုတ်ခွာသွားသည်၊ အင်အားစုအားလုံး လှုပ်ရှားလာကြခြင်း၊ ရှေးဟောင်းလူထူးဆန်းများ အိပ်စက်ရာ ရှေးဝိညာဥ်ရေးပြည်။

ကျွင်းရှောင်ယောက်က နောက်လာမည့်
အစီအစဉ်များကို စဉ်းစားထားပြီးသား ဖြစ်သည်။

ပထမဦးစွာ တတ်နိုင်သမျှ ခွန်အားတိုးလာစေရန်
တိတ်တဆိတ် လေ့ကျင့်ရပေမည်။

ထို့နောက် ကျွင်းမိသားစု၏
ရှေးဟောင်းလူထူးဆန်းများ အိပ်စက်နေသည့်နေရာကို
သူသွားကြည့်ရမည်။

ဖြစ်နိုင်လျှင် အခြားရှေးဟောင်းတော်ဝင်မိသားစုနှင့်
သတ္တဝါများကို သင်ခန်းစာကောင်းကောင်း
ပေးရပေလိမ့်မည်။

ထို့နောက်မှာတော့ အခွင့်အလမ်းများကို ရှာဖွေရန်
ရှန်းကုကမ္ဘာ၏ နက်နဲရာသို့ သူသွားရောက်ရမည်။

သူက ကြေးအင်မော်တယ်နန်းတော်၏
သတင်းကိုလည်း အာရုံစိုက်ရပေဦးမည်။

'တိတ်တဆိတ်လေ့ကျင့်ဖို့အတွက်
ရှန်းကုတာအိုရေကန်ကို ရွေးမယ်"
ကျွင်းရှောင်ယောက်က အခြားနေရာများကို ရှာဖွေရန်
ပျင်းရိလွန်းလှသည်။

ထို့ပြင် ရှန်းကုတာအိုရေကန်တွင် ဝိညာဉ်စွမ်းအင်
ကြွယ်ဝ၏။ ဤနေရာက
တိတ်တဆိတ်ကျင့်ကြံခြင်းအတွက်
ပြီးပြည့်စုံသောနေရာ ဖြစ်ခဲ့သည်။

ကျွင်းရှောင်ယောက်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"ဒီနေရာဟာ ငါနတ်ဘုရားသားတော်
တိတ်တဆိတ်ကျင့်ကြံတဲ့ နေရာဖြစ်လိမ့်မယ်။
တခြားလူအားလုံး ဆယ့်ငါးမိနစ်အတွင်း
ထွက်သွားလိုက်ပါ။ မဟုတ်ရင် မင်းတို့အားလုံးကို
ငါသတ်မယ်"

ကျွင်းရှောင်ယောက်၏ ရိုးရှင်းသော စကားလုံးများ
အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များနှင့်
ရှန်းကုသတ္တဝါများကို တုန်လှုပ်စေခဲ့သည်။

ထို့နောက်မှာတော့ အားလုံးသည်ပင် ကမန်းကတန်း
ပြန်ဆုတ်သွားတော့သည်။

ခဏလေးအတွင်းမှာပဲ ကျွင်းရှောင်ယောက်နှင့်
သူ့ပတ်ဝန်းကျင်မှ လူများသာ
ရှန်းကုတာအိုရေကန်တွင် ကျန်ရစ်ခဲ့ကြသည်။

မင်းသမီးလုံကျိုကတော့ စကားတစ်ခွန်းမှ မပြောဘဲ
တစ်နေရာရာကို သူ့ဘာသာသူ ရှာဖွေကာ
နဂါးအလောင်းကို သန့်စင်ရန် ပြင်ဆင်ခဲ့သည်။

လဲ့မင်ယွမ်ကလည်း မိုးကြိုးသားရဲ၏
အကြွင်းအကျန်များကို သန့်စင်ရန် နေရာတစ်ခုကို
ရှာသွားခဲ့လေသည်။

သူက ကျွင်းရှောင်ယောက်၏
ကျွန်သာသာဖြစ်လျှင်ပင် သူ၏ခွန်အားက
ပိုမိုတိုးတက်သင့်သည်ဟု ခံစားမိခဲ့သည်။

ကျန်တာကတော့ ကျွင်းမူလန်တို့ စီကွမ်သုံးယောက်
ဖြစ်ချေသည်။

"ငါ့ရဲ့ ဆုတ်ခွာချိန်ဟာ
အချိန်အတိုင်းအတာတစ်ခုအထိ ကြာနိုင်တယ်။
ဒီအတောအတွင်းမှာ မင်းတို့
နောက်ဆုတ်လေ့ကျင့်နိုင်သလို
အခွင့်အလမ်းတွေကိုလည်း ရှာဖွေနိုင်ကြတယ်"

"ဒီနေရာက သတင်းတွေ ပြန့်နှံ့သွားပြီးနောက်မှာတော့
ကျွင်းမိသားစုကို နှိုးဆော်ဝံ့သူတွေ အများကြီး
မရှိလောက်တော့ပါဘူး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကောင်းပြီလေ၊ အရေးကြီးဆုံးက နင့်ရဲ့ ခွန်အားကို
မြှင့်တင်ဖို့ပါပဲ။ ငါတို့အတွက် စိတ်မပူနဲ့"

ကျွင်းမူလန်နှင့် မိန်းကလေး သုံးယောက်လည်း
ပြောဆိုလိုက်ကြသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏ မျိုးဆက်သစ်ကျောရိုးဖြစ်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်လည်း အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ကျွင်းမူလန်က ပြုံးပြီးပြောလေသည်။
"ဒီအမက အရမ်းသိချင်နေမိတယ်၊ တံခါးပိတ်ကျင့်ကြံပြီးရင် နင့်ရဲ့ ခွန်အားက ဘယ်လောက်ထိ သန်မာလာမှာလဲ"

"ဘယ်လိုပြောရမလဲ၊ ရှန်းကုကမ္ဘာကို အလျားလိုက် တွန်းထုတ်ဖို့က ပြဿနာမဖြစ်သင့်ဘူး"
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်၏။

ကျွင်းမူလန်တို့သုံးယောက်လည်း မျက်လုံးများ တောက်ပသွားတော့သည်။

ကျွင်းရှောင်ယောက်က မာနကြီးပုံရသော်လည်း ဘယ်တော့မှ စကားကြီးစကားကျယ် မပြောတတ်ပေ။

သူက ရှန်းကုကမ္ဘာကို အလျားလိုက် တွန်းနိုင်သည်ဟု ပြောလာသောကြောင့် ရှန်းကုကမ္ဘာကို အလျားလိုက် သဘာဝအတိုင်း တွန်းနိုင်မည်။

ထို့နောက်တွင် ကျွင်းရှောင်ယောက်က တာအိုရေကန်လေးခုဆုံရာ အလယ်ဗဟိုသို့ ရောက်လာသည်။

ဤနေရာတွင် ဝိညာဉ်ချီက အလွန်သိပ်သည်း၍

မြူမှုန်များအဖြစ်သို့ပင် ပြောင်းလဲသွားရသည်။

"စလိုက်ရအောင်"

ကျွင်းရှောင်ယောက်လည်း သူ၏ စိတ်အခြေအနေကို တည်ငြိမ်စေပြီးနောက် လေ့ကျင့်ရန် စတင်ပြင်ဆင်ခဲ့သည်။

သူက နဂါးအနှစ်သာရခုနစ်ခုကို ဦးစွာ ထုတ်ယူခဲ့လေသည်။

၎င်းသည် မူလက လုံအိုထျန်း၏ ဝှက်ဖဲများထဲမှ တစ်ခုဖြစ်သည်။ ယခုတော့ ကျွင်းရှောင်ယောက်က လုယူသွားခဲ့ပြီ။

'ကေရာဇ်နဂါးသွေးကို တစ်ခါတည်း မသန့်စင်နိုင်ခဲ့တာ

စိတ်မကောင်းစရာပဲ'

ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

သို့သော်လည်း ၎င်းကို တွေးကြည့်ရလျှင် ဤနဂါးအနှစ်သာရ ခုနစ်မျိုးက လုံအိုထျန်းမှ သန့်စင်ထားခဲ့ခြင်း ဖြစ်သည်။ အတိအကျပြောရလျှင် ထိုအရာများက သူနှင့်မသက်ဆိုင်ပေ။

သို့ရာတွင် ကေရာဇ်နဂါးသွေးကတော့ လုံအိုထျန်းနှင့်အတူ မွေးဖွားလာခဲ့သည့်အရာ ဖြစ်သည်။ သို့ဖြစ်ပေရာ သဘာဝအတိုင်း ထုတ်ယူရန် ဤမျှလွယ်ကူမည် မဟုတ်ပေ။

"လုံအိုထျန်း၊ မင်း မြန်မြန်ကြီးထွားလာရင် ပိုကောင်းမယ်။ မဟုတ်ရင် ငါ မကြိုက်ဘူး"

ကျွင်းရှောင်ယောက်က ရယ်မောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ဤနဂါးအနှစ်သာရ
ခုနစ်ခုကို စတင် သန့်စင်လိုက်လေသည်။

သူ၏ ခွန်အားများ တိုးလာသည်နှင့်အမျှ
ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်၏
ခံစစ်စွမ်းအားမှာ အနည်းငယ် အားနည်းလာခဲ့ပြီ
ဖြစ်သည်။

ထို့ကြောင့် ဤနဂါးအနှစ်သာရ ခုနစ်ခုကို အသုံးပြုကာ
ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်၏
ခံစစ်စွမ်းအားကို တိုးမြှင့်ရန်အတွက်
သန့်စင်လိုက်ချင်သည်။

ထို့အပြင် ကျွင်းရှောင်ယောက်က ဤနဂါးအနှစ်သာရ
ခုနစ်ခု၏ စွမ်းအားကိုလည်း အလိုအလျောက်

ထိန်းချုပ်ရနိုင်သည်။

ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံး
တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

သို့သော်လည်း ဤနေရာတွင် ဖြစ်ပျက်ခဲ့သည်များက
လျင်မြန်စွာ ပျံ့နှံ့နေမည်မှာ သေချာလှပေသည်။

ကျွင်းရှောင်ယောက် လုပ်ခဲ့သမျှ အရာအားလုံးမှာ
အသေးအဖွဲမဟုတ်ပေ။

သို့ရာတွင် ဆန့်ကျင်ဘက်အနေဖြင့်
ကျွင်းရှောင်ယောက်ဟာ ထိုအရာကြောင့် ရန်သူများ
ပိုများလာရသည်။

မည်သို့ဆိုစေ၊ ရှန်းကုကမ္ဘာကြီးတွင် မုန်တိုင်းတစ်ခုက အရှိန်ပြင်းပြင်းဖြင့် ဝင်လာသည်ကိုတော့ လူတိုင်း သတိပြုမိနေခဲ့ပြီ။

.........

ရှန်းကုတာအိုရေကန်နှင့် မဝေးလှသော နေရာတစ်ခုတွင်...

ဟင်းလင်းပြင်တွင်း၌ လှပသောရုပ်သွင်တစ်ခု ထွက်ပေါ်လာသည်။ ၎င်းမှာ ရန်ယုမန်ပင် ဖြစ်ချေသည်။

သူမ၏ လှပသော မျက်လုံးများမှ နတ်ဆိုးအလင်းတန်းများကတော့ ကွယ်ပျောက်နေခဲ့ပြီ ဖြစ်သည်။

သူမ၏ မျက်နှာကတော့ ဖြူဖျော့နေပြီး
အနအနည်းငယ်လည်း ပန်းနွမ်းနယ်လျက်ရှိသည်။

သို့ရာတွင် တစ်ချိန်တည်းမှာပဲ သူ့မျက်နှာပေါ်၌
ရှက်ရွံ့မှုတစ်ခု ပေါ်လာသည်။

"ငါ ကျွင်းရှောင်ယောက်ကို တကယ်နမ်းခဲ့တာ၊
ယုံတောင် မယုံနိုင်ဘူး...."

ရန်ယုမန်၏ ခံစားချက်များ ရှုပ်ထွေးနေခဲ့သည်။

သူမဟာ ရည်ရွယ်ချက်ရှိရှိ မဟုတ်သော်လည်း
ထူးဆန်းသည့်ခံစားချက်တစ်ခု အမြဲရှိနေခဲ့ရသည်။

"ငါတို့ဘာဆက်လုပ်ရမလဲ"

ရန်ယုမန် အနည်းငယ် စိတ်ရှုပ်သွားသည်။

ထိုအချိန်တွင် ရန်ယုမန်၏ စိတ်ထဲ၌ အမျိုးသမီး အသံတစ်ခု ထွက်ပေါ်လာသည်။

"ရှေးဝိညာဉ်ပြည်ကို သွားပါ။ နတ်ဆိုးမျိုးနွယ်ရဲ့ ရှေးဟောင်းလူထူးဆန်းက အဲဒီနေရာမှာ အိပ်နေပုံရတယ်။ သူ့ကို နှိုးဖို့ နည်းလမ်းကို နင်စဉ်းစားနိုင်တယ်။"

"ကောင်းပါပြီ၊ ကျွန်မ လိုက်နာမယ်၊ ဒါပေမယ့် မြင့်မြတ်တဲ့ နတ်ဆိုးမျိုးဆက်ကို ကျွင်းရှောင်ယောက်နဲ့ ဆက်ဆံခွင့်ပေးရမလား"

ရန်ယုမန်က မေးသည်။

"မလိုပါဘူး၊ ဒီလတ်ဆတ်တဲ့ အသားလေးတွေက

အရသာရှိလွန်းတယ်။ သူ့မှာ တစ်သန်းမှာ တစ်ယောက်၊ မြင်ရခဲတဲ့ မြင့်မြတ်ခန္ဓာတစ်ခုလည်း ရှိတယ်။ သူနဲ့ နှစ်ထပ်လေ့ကျင့်နိုင်မယ်ဆိုရင် ဒါက အရမ်းကောင်းလိမ့်မယ်"

ပျင်းရိသော အမျိုးသမီး၏အသံက တောင့်တမှု အရိပ်အမြွက်များ ရှိလာခဲ့ရသည်။

ရန်ယုမန်၏ လှပသော မျက်နှာလည်း အနည်းငယ်နီမြန်းသွားလေသည်။

ဤအသံပိုင်ရှင်ဟာ ယခင်က သူမခန္ဓာကိုယ်ကို အသုံးချပြီး ကျွင်းရှောင်ယောက်ကို နမ်းခဲ့သူ ဖြစ်သည်။

ထို့နောက်မှာတော့ ရန်ယုမန်ဟာ ရှေးဝိညာဉ်ပြည်သို့ ခရီးထွက်လာခဲ့တော့သည်။

တစ်ဖက်တွင် အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ
ဟွမ်ထျန်းကဲက အနည်းငယ်
သနားစရာကောင်းနေသည်။

"ကျွင်းရှောင်ယောက်က
အတော်မုန်းစရာကောင်းတာပဲ"
ဟွမ်ထျန်းကဲ၏ ပုံစံမှာ ဖရိုဖရဲဖြစ်နေသည်။

ကံကောင်းထောက်မစွာဖြင့် သူ့တွင်
နတ်မီးနစ်ထာဝရမီးရှိသည်။

ဤမီးကို အင်မော်တယ်မီးဟုလည်း လူသိများ၏။
၎င်းက ဟွမ်ထျန်းကဲ၏ ခန္ဓာကိုယ်အား
အလွန်လျင်မြန်သော အရှိန်ဖြင့်
ပြန်လည်ကောင်းမွန်လာစေခဲ့သည်။

သူ့နောက်ကျောပေါ်မှ အတောင်တစ်ဝက်ကို ကျွင်းရှောင်ယောက်က ဆုပ်ဖြဲပစ်လိုက်သည်။ သို့သော်လည်း ယခုအခါ အခြားတစ်ခုက သာမန်မျက်စိဖြင့် မြင်နိုင်သော အရှိန်ဖြင့် ပြန်လည်ကြီးထွားလာနေပြီ ဖြစ်သည်။

"ငါ ဖီးနစ်သမီးတော်ကို တို့ပြန်ဖြေရှင်းဖို့ သွားရှာရမယ်။ ဘိုးဘွားနဂါးသိုက်နဲ့ အခြားသူတွေကို အသိပေးပြီး အစီအစဉ်စဖို့ အချိန်တန်ပြီ"

ဟွမ်ထျန်းကဲက တစ်ယောက်တည်း ရေရွတ်လိုက်သည်။ ထို့နောက်မှာတော့ သူ့ပုံရိပ်ဟာ အလင်းတန်းတစ်ခုကဲ့သို့ အဝေးကို ပျံသန်းပျောက်ကွယ်သွားတော့သည်။

တစ်ဖက်မှာတော့ ဗုဒ္ဓသားတော်ဟာ သူ့ဒဏ်ရာများမှ

ပြန်လည်သက်သာလာခဲ့သည်။

သူ့မျက်နှာကတော့ အေးစက်နေဆဲပင်။

"ရှေးဝိညာဉ်ပြည်ကိုသွားရမယ်၊ အဲဒီမှာ ရှေးဟောင်းလူထူးဆန်းတချို့ အိပ်နေရုံသာမကဘဲ အဲဒီနေရာတွေမှာ မြှုပ်နှံထားတဲ့ အခွင့်အလမ်းတွေလည်း အများကြီးရှိတယ်။ ငါ ပိုအားကောင်းလာဖို့ အခွင့်အလမ်းတွေကို ရနိုင်ရင် ကျွင်းရှောင်ယောက်နဲ့ ယှဉ်ပြိုင်နိုင်လိမ့်မယ်"

ဗုဒ္ဓသားတော်ဟာ အရှုံးမပေးလိုဘဲ အံကိုတင်းတင်းကြိတ်လိုက်သည်။

သေချာပေါက် သူ လက်စားချေရမည်။

တစ်ချိန်တည်းမှာပင် လျှို့ဝှက်နေရာတစ်ခုတွင်

အနက်ရောင်ဝတ် အမျိုးသားအများအပြား စုရုံးရောက်ရှိလာကြသည်။

"ငါတို့ ဘာလုပ်သင့်လဲ။ အမှောင်နတ်ဘုရားသားတော်တောင် ကျဆုံးသွားခဲ့ပြီ"

"ကျွှင်းရှောင်ယောက်က အရင် ကြွေလွင့်နတ်ဘုရားသားတော်ကို သတ်ခဲ့တယ်၊ အခု အမှောင်နတ်ဘုရားသားတော်ကို ထပ်သတ်လိုက်ပြန်ပြီ။ သူ အရမ်းလွန်သွားပြီ"

အနက်ရောင်ဝတ် ဤလူအားလုံးက ကြွေလွင့်နတ်ဘုရားနန်းတော်မှ ဖြစ်သည်။

သူတို့က အမှောင်နတ်ဘုရားသားတော်နှင့်အတူ ရှန်းကုကမ္ဘာထဲသို့ လိုက်လာခဲ့ကြသည်။

သို့ရာတွင် အမှောင်နတ်ဘုရားသားတော်က ကျွင်းရှောင်ယောက်၏လက်ထဲတွင် ထပ်မံကျဆုံးသွားသည့်သတင်းကို ကြားရမည်ဟု မမျှော်လင့်မထားခဲ့ပေ။

သူတို့၏ ခွန်အားကလည်း အမှောင်နတ်ဘုရားသားတော်လောက် မသန်မာပါ။ ဤအခြေအနေဖြင့် ကျွင်းရှောင်ယောက်ကို ရှာကြည့်ခြင်းက မိမိကိုယ်ကို သတ်သေခြင်းနှင့် အတူတူပင် ဖြစ်သည်။

"ငါတို့ရဲ့ အရင်အစီအစဉ်အတိုင်း ဆက်သွားကြတာပေါ့။ ရှေးဝိညာဉ်ပြည်ကိုသွားပြီး ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့ ရှေးဟောင်းလူထူးဆန်းတွေကို နိုးထစေရမယ်"

"ဟုတ်တယ်၊ ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့
ရှေးဟောင်းလူထူးဆန်းတွေပဲ ကျွင်းရှောင်ယောက်နဲ့
ယှဉ်ပြိုင်နိုင်လိမ့်မယ်"

ဆုံးဖြတ်ချက်ချပြီးနောက်
ကြွေလွင့်နတ်ဘုရားနန်းတော်၏ ပါရမီရှင်များလည်း
ရှေးဝိညာဉ်ပြည်ကို ဦးတည် ထွက်လာကြတော့သည်။

တခဏချင်းမှာပင် ကျွင်းရှောင်ယောက်ကို
ဆန့်ကျင်သည့် အင်အားစုအားလုံး စတင်
လှုပ်ရှားခဲ့ကြသည်။

ဤပုံစံအရ ရှန်းကုကမ္ဘာကြီးတွင် ကြီးမားသည့်
ဖရိုဖရဲအခြေအနေဖြစ်မည်ကို စိတ်ကူးကြည့်နိုင်သည်။

၎င်းတို့ထဲတွင် ကျွင်းရှောင်ယောက်ကို
အမုန်းဆုံးသူကတော့ သဘာဝအတိုင်း
လုံအိုထျန်းပင်...

အိုလွမ်ဟာ လုံအိုထျန်းကို ကယ်တင်ပြီးနောက်
ပိုင်မေအာ၊ လူ့ပိကျစ်၊ အိုကျန်းနှင့်
အခြားသူများနှင့်အတူ ထွက်ခွာသွားခဲ့သည်။

--------

အခန်း ( ၄၃၄ ) ခုနစ်ရောင် မြင့်မြတ်
နဂါးချပ်ဝတ်တန်ဆာ၊ နဂါးမျိုးနွယ်၏ ဘိုးဘွားမြေ၊
မင်းသား အိုကွမ် ပေါ်လာသည်။

"ချီးပဲဟေ့"

လုံအိုထျန်းဟာ ကောင်းကင်ကို မော့ကြည့်ပြီး

ကျိန်ဆဲလိုက်သည်။

သူ့မျက်နှာက ဖြူဖျော့နေကာ မျက်လုံးများကလည်း အမုန်းတရားများဖြင့် ပြည့်နှက်နေလေသည်။

အမြဲတမ်း မာနကြီးခဲ့သည့် လုံအိုထျန်းဟာ ကြီးမားသည့် ထိုးနှက်ချက်အား ရင်ဆိုင်ခဲ့ရသည်။

ကျွင်းရှောင်ယောက်က သူ့ကို အနိုင်ယူခဲ့ရုံမကဘဲ နဂါးအနှစ်သာရ ခုနစ်ခုကိုလည်း သိမ်းယူသွားခဲ့ပါသေးသည်။

ပို၍အရေးကြီးသည်မှာ ကျွင်းရှောင်ယောက်က သူ၏တရားဝင်ဇနီးမယားဖြစ်လာမည့် မိန်းကလေးကို အပိုင်မသွားခဲ့ခြင်း ဖြစ်သည်။

စိတ်အတွေးများဖြင့်သာ လူသတ်နိုင်လျှင် ကျွင်းရှောင်ယောက်ဘဝက အကြိမ်ကြိမ် သေဆုံးသွားခဲ့ပြီး ဖြစ်သည်။

"သခင်လေးလုံ၊ ဆန္ဒမစောပါနဲ့၊ ရှုံးနိမ့်တာက ဘာမှမဖြစ်ပါဘူး"

အိုလွမ်က သူ့ကို နှစ်သိမ့်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုအိုထျန်း၊ အဲဒါက ရှင့်အပြစ် မဟုတ်ဘူး"

လုံပိကျစ်ကလည်း သူ့ကို နှစ်သိမ့်ပေးလိုက်လေသည်။

အိုကျန်းကတော့ ခေါင်းကို အနည်းငယ်ခါယမ်းကာ ပြောလိုက်သည်။

"ပြင်ပကမ္ဘာမှာ ဒီလို မကောင်းဆိုးရွားမျိုးရှိမယ်လို့ မမျှော်လင့်ထားဘူး။ အိမ်ရှေ့မင်းသားကလွဲလို့ တခြားဘယ်သူမှ သူ့ကို မနှိမ်နင်းနိုင်ဘူးလို့ ထင်ရတယ်"

လုံအိုထျန်းလည်း အလျှော့မပေးလိုဘဲ အံကြိတ်လိုက်လေသည်။

သူ၏မာနအရ အခြားသူများမှတဆင့် ကလှဲစားချေခြင်းကို မလိုလားပေ။ ဤအရှက်တရားများကို သူ့လက်နှင့် ဆေးကြောပစ်ချင်သည်။

သို့သော်လည်း လုံအိုထျန်းအနေဖြင့် ယခုအချိန်တွင် ထို့ထက် ပို၍ကောင်းသောနည်းလမ်းကို မစဉ်းစားနိုင်သေးပေ။

အိုလွမ် ရုတ်တရက် ပြောလိုက်သည်။

"သခင်လေးလုံ၊ ဘိုးဘွားပိုင်မြေကို ဘာလို့ မပြန်ရမှာလဲ။ ဝမ်းကွဲအိုကွမ်လည်း အဲဒီနေရာမှာ သီးခြားလေ့ကျင့်နေပြီး အခွင့်အလမ်းတွေ ရနိုင်တယ်"

ယခုအခါ အိုလွမ်က လုံအိုထျန်းအကြောင်းကို စိတ်နှလုံးအကြွင်းမဲ့ တွေးပေးနေခဲ့ပြီ ဖြစ်သည်။

လုံအိုထျန်း၏ မျက်လုံးများလည်း တောက်ပလာလေသည်။

နဂါးလူသားမျိုးနွယ်၏ ဘိုးဘွားပိုင်မြေသည်လည်း အခွင့်အလမ်းကောင်းများ ဖြစ်သင့်ပြီး ပြင်ပလူများ ဝင်ရောက်ရန် လုံးဝ မဖြစ်နိုင်ပေ။

သို့ရာတွင် အိုလွမ်နှင့် ဆက်ဆံရေးကြောင့် သူ ဝင်ရောက်နိုင်တော့မည် ဖြစ်သည်။

ယင်းက သူ့အတွက် သီးခြားအခွင့်အရေးတစ်ခုပင်။

"ဒါပေမဲ့... ဒါက နည်းနည်းတော့ မသင့်တော်ဘူး မဟုတ်လား"

သို့သော်လည်း လုံအိုထျန်းက တုံ့ဆိုင်းနေဟန်ဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ သခင်လေးလုံ... ရှင် ကျွန်မကို အပြင်လူလို ဆက်ဆံနေစရာ မလိုပါဘူး။ နောက်ပြီး ရှင့်မှာ နဂါးလူသားမျိုးနွယ်ရဲ့ သွေးမျိုးဆက်လည်း ရှိတယ်"

အိုလွမ်က အနည်းငယ် ရှက်ရွံ့ဟန်ဖြင့်

ပြောလိုက်သည်။

"မင်း ငါတို့နဲ့အတူ လိုက်လာခဲ့သင့်တယ်။
နောက်ဆုံးမှာတော့ ငါတို့အားလုံးမှာ ဘုံရန်သူရှိတယ်"
အိုကျန်းကလည်း ဝင်ပြောသည်။

"ဒါ... ကောင်းပါပြီ"
လုံအိုထျန်းလည်း ခေါင်းညိတ်လိုက်သည်။

သူက မှန်ကန်သော အလောင်းအစားကို
ပြုလုပ်နိုင်ခဲ့ပြီ။

အိုလွမ်ကို ကာကွယ်ပေးခဲ့သရွေ့
နဂါးလူသားမျိုးနွယ်၏ အခွင့်အလမ်းများက
သူ့လက်ဖျားတွင် ရှိနေမည်ဖြစ်သည်။

'ကျွင်းရှောင်ယောက်၊ မင်းငါ့ကို စောင့်နေချည်၊ ငါ ပိုပြီးသန်မာလာတဲ့အခါ မင်းသာမကဘဲ ရှန်းကုကမ္ဘာက ကျွင်းမိသားစုထဲက လူအားလုံးလည်း ပျက်စီးကိန်းဆိုက်သွားရလိမ့်မယ်'

လုံအိုထျန်းက စိတ်ထဲမှ အေးစက်စက်ဖြင့် ပြောလိုက်သည်။

ထိုအကြံအစည်ကို ရှန်းကုကမ္ဘာထဲကို မဝင်မီကတည်းက ကြိုတင်စီစဉ်ထားပြီးသား ဖြစ်သည်။

ယင်းက ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ်များကို ကြီးမားသော ထိုးနှက်ချက်တစ်ခု ဖြစ်လာစေလိမ့်မည်။

ထို့နောက် လုံအိုထျန်း၊ လုံပိကျစ်၊ ပိုင်မေအာနှင့် အခြားသူများလည်း အိုလွမ်နှင့် အိုကျန်းတို့၏ ဘိုးဘွားပိုင်နယ်မြေသို့ လိုက်သွားကြလေတော့သည်။

…………

ရှန်းကုတာအိုရေကန်အပြင် အခြားနေရာများ၌ ရေလှိုင်းများက တဟုန်ထိုး တက်လာကြသည်။

နေရာတိုင်းတွင် ပါရမီရှင်များ နိုးထလာကြပြီး ပါရမီရှင်များစွာလည်း ကျဆုံးသွား၏။

ရှန်းကုကမ္ဘာကြီးတစ်ခုလုံးက အခွင့်ကောင်းတစ်ခုဖြစ်သော်လည်း အလွန်ရက်စက်လွန်းလှသည်။

အခြားသူများ မဆိုထားဘိ၊ ကျွင်းမိသားစု၏ စိတ်ကွမ်များသည်ပင် ကျဆုံးသွားခဲ့ရသည်။

ဟုတ်ပေသည်၊ ထိပ်တန်းကို ရောက်လာကြသည့် ပါရမီရှင်များလည်း ရှိခဲ့သည်။

ဥပမာအားဖြင့်၊ ရီယုဟာ ရှန်းကုကမ္ဘာ၌ နာမည် ကျော်ကြားလာခဲ့သည်။

သူဟာ မူလက ရွှမ်ထျန်းအင်မော်တယ်နယ်မြေကြီး၏ ရှေးဟောင်းဧကရာဇ်မျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်ချေသည်။ သူ့ဟာ ပါရမီထူးကဲပြီး နတ်ဘုရားစွမ်းရည်များစွာကို ကျွမ်းကျင်ပိုင်နိုင်သူ ဖြစ်သည်။

ရှန်းကုကမ္ဘာတွင် ကံကောင်းခြင်းအမျိုးမျိုးကို ရှာဖွေတွေ့ရှိပြီးနောက် သူ၏ခွန်အားက တဟုန်ထိုးတက်လာကာ အစစ်အမှန်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်သို့ ရောက်ရှိသွားခဲ့သည်။

ကျူးရှင်း ဖျက်ဆီးခြင်းလေးဖြင့် သူ၏ မြားတံများက အရပ်ရပ်ကို ပျံသန်းသွားပေသည်။

ရီယုအပြင် ဆမ်ဆာရာနတ်ဆိုးဂိုဏ်းမှ ရှေးဟောင်းလူထူးဆန်း ဝမ့်ချွမ်ကလည်း နာမည်ကြီးခဲ့သည်။

နောက်ဆုံးမှာတော့ သူဟာ ရှေးဟောင်းလူထူးဆန်း တစ်ယောက်ပင်။ သူ၏ ဆမ်ဆာရာမြင့်မြတ်ခန္ဓာကလည်း

တာအိုခန္ဓာသုံးထောင်အနက် ထိပ်တန်း
သုံးထောင်စာရင်း၌ ပါဝင်သည်။

ထို့ကြောင့်၊ သူ၏ ခွန်အားသည်လည်း
အလွန်အားကောင်းကာ
အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
အောင်မြင်ခြင်းသို့ ရောက်ရှိသွားသည်။

ကြံ့ခိုင်မှုအရ ဝမ့်ချမ်ဟာ ကျွင်းမိသားစု၏ ပထမနှင့်
ဒုတိယကို ယှဉ်ပြိုင်နိုင်လောက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က သူ့စိတ်ထဲတွင်
ကျွန်အမှတ်အသားကို စိုက်ထူထားသောကြောင့်
ကျွင်းရှောင်ယောက်၏ ကိုယ်ပိုင်အစေခံအဖြစ်သာ
ရှိနေပါသေးသည်။

ထို့အပြင် သတင်းအမျိုးမျိုးလည်း ရှိခဲ့သည်။

ဥပမာအားဖြင့်၊ ကျွင်းမိသားစု၏
ဒုတိယစီကွမ်ဖြစ်သော ကျွင်းဝူရှန့်ဟာ
ရှေးဟောင်းတော်ဝင်မိသားစု၏ ပါရမီရှင်
ခုနစ်ယောက်ကို ဆက်တိုက်သတ်ဖြတ်ပစ်ခဲ့သည်။

ထို့အပြင် ကျွင်းမိသားစု၏ ပထမစီကွမ်ဖြစ်သော
နှစ်သွယ်မျက်လုံးကျွင်းလုံခန်းက
ချီလင်ရှေးဟောင်းဂူမှ ချီလင်သားတော်နှင့်
အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံးတွင် ချီလင်သားတော် ရှုံးနိမ့်သွားပြီး
ပြန်ဆုတ်သွားခဲ့ရပေသည်။

ဝမ့်မိသားစုမှ ကေရာဇ်ငယ် ဝမ့်ထန့်ကလည်း

ထူးကဲလွန်းလှသည်။ သူဟာ
ကံကောင်းခြင်းတစ်ခုအတွက် ပါရမီရှင်
အယောက်တစ်ရာကို တစ်ယောက်တည်း ရင်ဆိုင်
တိုက်ခိုက်ခဲ့ပေသည်။ အဆုံးတွင် သူက လူတိုင်းကို
အနိုင်ယူပြီး ကံကောင်းခြင်းကိုရယူကာ အားလုံးကို
တုန်လှုပ်သွားစေခဲ့သည်။

ရှန်းကုကမ္ဘာကြီးတစ်ခုလုံးက ပူပြင်းသည့်အဆင့်သို့
ရောက်ရှိသွားပြီဟု ဆို၍ရပေသည်။

တစ်ဖက်တွင်၊ ရှန်းကုတာအိုရေကန်များက
တိတ်ဆိတ်ငြိမ်သက်နေဆဲ ဖြစ်သည်။

ရှန်းကုတာအိုရေကန်၏ ဗဟိုအကျဆုံးရေိယာတွင်…

ကျွင်းရှောင်ယောက်က တစ်ယောက်တည်း

တင်ပျဉ်ခွေထိုင်သည်။

ထိုအခိုက်တွင် သူ့ခန္ဓာကိုယ်ထဲမှ ခုနစ်ရောင်
အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

ထို့နောက်မှာတော့ ကျွင်းရှောင်ယောက်၏
မျက်လုံးများက ရုတ်တရက်ပွင့်လာကာ သူ့ခန္ဓာကိုယ်
အပေါ်ယံမှာလည်း အလင်းရောင်များ
တောက်ပလာပြီး ရောင်စုံမီးများဖြင့်
တောက်ပနေသည့် ချပ်ဝတ်တန်ဆာအဖြစ်သို့
ပြောင်းလဲသွားတော့သည်။

ချပ်ဝတ်တန်ဆာတစ်ခုလုံးက အလွန်ပါးလွှာပြီး
ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်နှင့် လိုက်ဖက်သည်။

မျက်နှာပြင်က ငွေရောင်ဖြစ်ပြီး တစ်ချိန်တည်းမှာပင်

၎င်းကို ခုနစ်ရောင်ရှိသော နတ်အလင်းများဖြင့် ပေါင်းစပ်ထား၏။

၎င်းမှာ ရောင်စုံငွေနှင့် ခပ်ဆင်ဆင်တူသည်။

ဤချပ်ဝတ်တန်ဆာက ယခင်က ရွှေပြာရောင် ကောင်းကင်ပြာ ဘိုးဘွားနဂါး ချပ်ဝတ်တန်ဆာနှင့် ဆင်တူသည်။

သို့ရာတွင် ၎င်း၏ ခုခံနိုင်စွမ်း သို့မဟုတ် အရှိန်အဝါဖြစ်ပါစေ၊ ယခင်ကထက် များစွာ အားကောင်းလာခဲ့ပြီ။

"နောက်ဆုံးတော့ နဂါးအနှစ်သာရ ခုနစ်ခုကို ငါ အပြီးအပိုင် သန့်စင်နိုင်ခဲ့ပြီ"

ကျွင်းရှောင်ယောက်ဟာ ချပ်ဝတ်တန်ဆာကို
ထုတ်လိုက်သည်နှင့် ဤချပ်ဝတ်တန်ဆာ၏
ခံနိုင်စွမ်းမှာ
ကောင်းကင်ပြာဘိုးဘွားနဂါးချပ်ဝတ်တန်ဆာထက်
ဆယ်ဆပိုကြီးမားသည်ဟု ခံစားမိနိုင်သည်။

သို့သော် ယင်းက တစ်ခုတည်းသော
အကျိုးသက်ရောက်မှုမဟုတ်ပေ။

ကျွင်းရှောင်ယောက်က သူ့လက်ကို
မြှောက်လိုက်သည်နှင့် နဂါးခုနစ်ကောင်၏
ဟိန်းဟောက်သံကို ကြားလိုက်ရသည်။

အရောင်အမျိုးမျိုးရှိသော နဂါးပုံရိပ်
ခုနစ်ကောင်ကလည်း ကောင်းကင်သို့ ပျံတက်သွား၏။

၎င်းတို့က အလွန်အစွမ်းထက်လှသည်။

ဤသည်ကား လုံအိုထျန်း၏ ဝှက်ဖဲတစ်ခုဖြစ်သော ကမ္ဘာဖျက် နဂါးခုနစ်ကောင် ဖြစ်သည်။

"မဆိုးပါဘူး၊ ဒီ နဂါးအနှစ်သာရ ခုနစ်ခုက ငါ့ကို စိတ်မပျက်စေဘူး။ ဒါကို ခုနစ်ရောင်ခြယ် မြင့်မြတ် နဂါးချပ်ဝတ်လို့ ခေါ်ရမယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

အသုံးမဝင်တော့သော ကောင်းကင်ပြာ ဘိုးဘွားနဂါးချပ်ဝတ်နှင့် နှိုင်းယှဉ်ပါက ခုနစ်ရောင် မြင့်မြတ် နဂါးချပ်ဝတ်က ကျွင်းရှောင်ယောက်၏ ကာကွယ်ရေးတွင် ကြီးမားသော စွမ်းအားကို ပေးစွမ်းနိုင်ကြောင်း ထင်ရှားသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်က တုန်ခါသွားကာ
ခုနစ်ရောင် မြင့်မြတ် နဂါးချပ်ဝတ်က
ရောင်စုံအလင်းတန်းများအဖြစ်သို့ ပြောင်းလဲသွားပြီး
သူ့ခန္ဓာကိုယ်ထဲသို့
ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

နဂါးအနှစ်သာရခုနစ်ခုကို သန့်စင်ခြင်းက ဘေးထွက်
အကျိုးကျေးဇူးတစ်ခုမျှသာ ဖြစ်သည်။

ကျွင်းရှောင်ယောက် အမှန်တကယ်
လေ့ကျင့်လိုသည်က ထာဝရအင်မော်တယ်ခန္ဓာနှင့်
အကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်ကို
သန့်စင်ပေးခြင်း ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်လည်း
တာအိုအရင်းအမြစ်များစွာကို ထုတ်ယူကာ

ထာဝရအင်မော်တယ်ခန္ဓာကို စတင်သန့်စင်ခဲ့သည်။

ထာဝရအင်မော်တယ်ခန္ဓာကို အောင်မြင်စွာ
လေ့ကျင့်ပြီးနောက် သူ့ခန္ဓာကိုယ်က မည်မျှ
သန်မာလာမည်ကို သူ အလွန် သိချင်ခဲ့ပေသည်။

ကျွင်းရှောင်ယောက်လည်း ဆက်လက်
လေ့ကျင့်နေခဲ့သည်။

...........

တစ်ချိန်တည်းမှာပင် လုံအိုထျန်းနှင့် အခြားသူများက
နဂါးလူမျိုးနွယ်၏ ဘိုးဘွားပိုင်မြေသို့
ရောက်ရှိလာသည်။

ပတ်ပတ်လည်ကို ကြည့်လိုက်ပါက နဂါးလူမျိုးနွယ်၏ ဘိုးဘွားပိုင်မြေဟာ ရှေးကျပြီး လူဆိတ်ညံသည့် အရိပ်အယောင်များ ရှိပေသည်။

လေထဲတွင် နဂါးချီများလည်း ရှိသည်။

အိုလွမ်နှင့် အိုကျန်းတို့၏ ဦးဆောင်မှုဖြင့် လုံအိုထျန်းလည်းနဂါးလူမျိုးနွယ်၏ ဘိုးဘွားပိုင်မြေသို့ ဝင်ရောက်လာခဲ့သည်။

၎င်းတို့က ချိုင့်ဝှမ်းတစ်ခုအပြင်ဘက်သို့ ရောက်ရှိလာခဲ့ကြပေသည်။

“ဒါက...”

လုံအိုထျန်း တုံ့ဆိုင်းသွားခဲ့သည်။

"ဒီနေရာမှာ ဝမ်းကွဲအိုကွမ်က တိတ်တဆိတ် လေ့ကျင့်နေတယ်"

အိုလွမ်က ပြောလိုက်သည်။

"အဲဒီဘုရင်ငယ်..."

လုံအိုထျန်း၏ မျက်လုံးများ အရောင်လက်သွားခဲ့လေသည်။

ရှန်းကုမျိုးနွယ်များကို ကောင်းကင်နှင့်မြေပြင်၏ စည်းမျဉ်းများဖြင့် ကန့်သတ်ထားသောကြောင့် မျိုးဆက်ဟောင်းများက ဘိုးဘွားမြေမှ မထွက်ခွာနိုင်ပေ။

ထို့ကြောင့် နဂါးမျိုးနွယ်၏ အကြီးအကဲများကို ရှာဖွေရန်မှာ အသုံးမဝင်ဘဲ

အိမ်ရှေ့မင်းသားအိုကွမ်ကိုသာ ရှာသင့်သည်။

ဤအခိုက်တွင် ချိုင့်ဝှမ်းထဲမှ အရှိန်အဟုန်ပြင်းပြင်းနှင့် အလင်းတန်းများက ကောင်းကင်ကို လွှမ်းခြုံသွားသည်။

ရွှေရောင်နေတစ်စင်းက ကောင်းကင်သို့ တက်လာခဲ့၏။

အနီးကပ်စစ်ဆေးကြည့်လိုက်ပါ နေအတွင်း၌ ပုံရိပ်တစ်ခုရှိနေကြောင်း မြင်တွေ့ကြရမည် ဖြစ်သည်။

၎င်းက သူ့နဖူးမှာ ရွှေရောင်နဂါး ဦးချိုများပါသည့် လူငယ်တစ်ဦး ဖြစ်ပေသည်။ သူ့အသားအရည်က ဖြူစင်ပြီး အလင်း၏ နတ်ဘုရားကဲ့သို့ပင် ဖြစ်သည်။

လုံအိုထျန်းပင်လျှင် သူ၏ အရှိန်အဝါကြောင့် အနည်းငယ် ထိတ်လန့်သွားလေသည်။

ကောင်းကင်နတ်ဘုရားနယ်ပယ်။

ဤလူငယ်က နဂါးလူမျိုးနွယ်မှ ဘုရင်ငယ်ဖြစ်သော အိမ်ရှေ့မင်းသား အိုကွမ် ဖြစ်သည်မှာ သေချာသည်။

--------

အခန်း ( ၄၃၅ ) လုံအိုထျန်း၏ အခွင့်အလမ်း၊ ရှေးဟောင်းနဂါးဂူ၊ ကျန်းစန်းယီကို ချဉ်းကပ်လာသော ဝမ့်ထန့်။

ပြင်ပကမ္ဘာတွင်၊ မျိုးဆက်သစ်လူငယ်များအတွက် ဤအသက်အရွယ်တွင် ကောင်းကင်နတ်ဘုရားနယ်သို့ ရောက်ရှိရန်မှာ မဖြစ်နိုင်သလောက်ပင်။

သို့ရာတွင် ရှန်းကုကမ္ဘာရှိ ပတ်ဝန်းကျင်က ပြင်ပကမ္ဘာထက် များစွာသာလွန်ကောင်းမွန်သည်။ ထိုအတွက် နားလည်၍တော့ ရပေသည်။

အိမ်ရှေ့မင်းသား အိုကွမ်က ရှေ့ခြေတစ်လှမ်းတိုးလိုက်သည်နှင့် လူတိုင်းအရှေ့တွင် ပေါ်လာသည်။

"ဝမ်းကွဲအစ်ကို"

"တော်ဝင်မင်းသား"

အိုလွမ်နှင့် အိုကျန်းလည်း ဦးညွတ်လိုက်ကြသည်။

"မင်း ဒီကို ဘာဖြစ်လို့ ရောက်နေတာလဲဆိုတာ ငါသိတယ်။ ဒါဟာ အပြင်လောက က ပုရွက်ဆိတ်ကြောင့်ပဲ မဟုတ်လား"

အိုကွမ်က တည်ငြိမ်စွာ ပြောသည်။

"မှန်ပါတယ်။ ကျွင်းရှောင်ယောက်အပြင် မင်းသမီးလုံကျိုလို့ခေါ်တဲ့ အဲဒီအမျိုးသမီးလည်း သေရမယ်"

အိုလွမ်၏ လေသံတွင် အမုန်းတရားများဖြင့် ပြည့်နှက်နေသည်။

"စိတ်မပူပါနဲ့၊ ရှန်းကုမျိုးနွယ်ရဲ့ ခေါင်းဆောင်အနေနဲ့၊ ငါတို့ဟာ ဒီလို ရန်စမှုမျိုးကို ငြိမ်ခံနေလို့ ဘယ်ရပါ့မလဲ"

အိုကွမ်က အေးစက်စက်ဖြင့် ပြောသည်။

အိုကွမ်၏ ဖိအားများနှင့် သတ်ဖြတ်ရန်
ရည်ရွယ်ချက်ကို ခံစားလိုက်ရသောအခါ
ပိုင်မေအာလည်း စိတ်မပူပင်ဘဲ မနေနိုင်တော့ပေ။

သူမက ကျွင်းရှောင်ယောက်ကို
ယုံကြည်မှုအပြည့်ရှိသော်လည်း... အိုကွမ်၏
အငွေ့အသက်က ကြောက်စရာကောင်းလှသည်။

ယင်းက ပြင်ပကမ္ဘာမှ ပါရမီရှင်များ
တိုက်ခိုက်နိုင်သည့် အခြေအနေမျိုး
မဟုတ်တော့ပါချေ။

"ဒါထက် အစ်ကိုဝမ်းကွဲ၊ သူက သခင်လေးလုံပါ၊
သူအရင်က ကျွန်မကို ကယ်ခဲ့တာ"

အိုလွမ်က လုံအိုထျန်းနှင့် အိုကွမ်ကို မိတ်ဆက်ပေးခဲ့သည်။

သူမက အိုကွမ်ကို အတိတ်မှ အဖြစ်အပျက်အချို့ကိုလည်းပြောပြလိုက်လေသည်။

ထိုစကားကို ကြားရပြီးနောက် အိုကွမ်က အနည်းငယ် ခေါင်းညိတ်လိုက်သည်။ သူက လုံအိုထျန်းကို ကြင်နာသော မျက်လုံးများဖြင့် လှည့်ကြည့်လိုက်လေသည်။

"ငါ့ဝမ်းကွဲကို ကယ်ပေးလို့ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး။ မိန်းကလေးအိုလွမ်ကို သဘာဝအတိုင်းပဲ ကယ်တင်ခဲ့တာ။ ဒါက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်၊ ငါ

နောင်တရမှာတော့ မဟုတ်ဘူး"
လုံအိုထျန်းက ဖြောင့်မတ်စွာဖြင့် ပြောလိုက်သည်။

ယင်းကို မြင်လိုက်ရတော့ အိုလွမ်၏ နှလုံးသားက
ပို၍ပင် တုန်လှုပ်သွားလေသည်။ သူမက ပြောသည်။
"အစ်ကိုဝမ်းကွမ်၊ ရှင် သခင်လေးလုံကို
ကူညီရမယ်နော်"

လုံအိုထျန်း၏ မျက်လုံးများမှာလည်း
မျှော်လင့်ချက်များဖြင့် ပြည့်နှက်သွားသည်။

သူ့ကံက ဤမျှ မဆိုးဘူးဟုလည်း
ယုံကြည်ခဲ့လေသည်။

သူက အရာများကို လှည့်ပတ်ရန် သေချာပေါက်

အခွင့်အရေးကောင်းများ ရှိသည်။

အိုကွမ်က ခဏစဉ်းစားပြီးနောက် ပြောလိုက်သည်။

"အခွင့်အရေးတွေအကြောင်းပြောရင် နဂါးလူသားမျိုးနွယ်ရဲ့ ဘိုးဘွားမြေမှာ အဲဒါတွေရှိပါတယ်။ ဒါပေမယ့် အဲဒီမတိုင်ခင်မှာ နဂါးလူသားမျိုးနွယ်အတွက် တစ်ခုခုလုပ်ပေးမယ်လို့ ကတိပေးနိုင်မလား"

"အဲဒါက ဘာများလဲ"

လုံအိုထျန်းလည်း မျက်လုံး အရောင် တောက်ပလာခဲ့၏။

ဤသည်မှာ သူစောင့်မျှော်နေသည့် အခွင့်အရေးပင်။

"ရှန်းကုကမ္ဘာရဲ့ အတွင်းပိုင်းမှာ ရှေးဝိညာဉ်ပြည်တစ်ခုရှိတယ်၊ အဲဒီနေရာမှာ အခွင့်အလမ်း အများကြီးရှိပြီး ရှေးဟောင်းလူထူးဆန်းတွေကို မြှုပ်နှံထားတဲ့ နေရာဆိုရင်လည်း မမှားဘူး"

"တစ်ချိန်တည်းမှာပဲ၊ ရှေးဝိညာဉ်ပြည်ရဲ့ အတွင်းပိုင်းမှာ ကောင်းကင်တားမြစ် အကြွင်းအကျန်တွေ ရှိနေတယ်။ အဲဒီနေရာမှာ အထူးစည်းမျဉ်းတွေ ရှိတာကြောင့် ငါတို့ ရှန်းကုသတ္တဝါတွေ ဝင်လို့မရဘူး"

"မင်းသာ ကောင်းကင်တားမြစ် နယ်မြေထဲကို ဝင်နိုင်ပြီး ရှန်းကုတံဆိပ်ပြား ရှာတွေ့အောင် ကူညီပေးနိုင်ရင် မင်းကို အခွင့်အရေးတွေရှာဖို့ ဘိုးဘွားမြေထဲ ဝင်ခွင့်ပြုနိုင်တယ်"

အိုကွမ်က ပြောလိုက်သည်။

"ရှေးဝိညာဉ်ပြည်၊ ကောင်းကင်တားမြစ်နယ်မြေ"

လုံအိုထျန်း မျက်ခုံးပင့်လိုက်၏။

ရှန်ကုတံဆိပ်ပြားကလည်း ဘယ်လိုအရာမှန်း လုံအိုထျန်း မသိရသေးပေ။

ယင်းကိုမြင်တော့ အိုကွမ်က ဆက်ပြောလိုက်သည်။

"ရှန်းကုတံဆိပ်ပြားက ငါတို့ ရှန်းကုသတ္တဝါငယ်တွေကို ရှန်းကုကမ္ဘာကနေ ထွက်ခွာသွားခွင့်ရစေနိုင်တယ်"

ဤအကြောင်းများပြောသောအခါ အိုကွမ်၏လေသံက အနည်းငယ်ပြောင်းသွားသည်။

၎င်းတို့ ရှန်းကုဘုရင်ငယ်များသည်
ပါရမီမြင့်မားကြသော်လည်း ဤနေရာမှာ
ဆက်နေလျှင်တော့ ရှန်းကုကမ္ဘာကြီးတွင်သာ
ပိတ်မိနေနိုင်သည်။

ထို့ကြောင့် လွတ်လပ်မှုကို တောင့်တကြပေသည်။
သူတို့လည်း အပြင်ထွက်ကာ ဧကရာဇ်၏လမ်းကို
စိန်ခေါ်၍ ကောင်းကင်ကံကြမ္မာအတွက်
တိုက်ပွဲဝင်ချင်ကြသည်။

ရှန်းကုကမ္ဘာတွင်၊ ၎င်းတို့၏ ကျင့်ကြံခြင်းအဆင့်က
ပြင်ပကမ္ဘာ၏ ပါရမီရှင်များထက် ယေဘုယျအားဖြင့်
မြင့်မားသည်။

သို့သော်လည်း ဤအတွက် သူတို့၏ လွတ်လပ်မှုကို
ပေးဆပ်ခဲ့ကြရပေသည်။

"ကောင်းပြီ၊ ငါနားလည်ပါပြီ"

လုံအိုထျန်း သဘောတူလိုက်သည်။

အဆုံးတွင် သူရနိုင်သည်ဖြစ်စေ၊
မရနိုင်သည်ဖြစ်စေ... ယခု သဘောတူလိုက်ခြင်းက
အမှားအယွင်းမရှိပေ။

"ဟမ့်၊ မင်းငါ့ကိုစိတ်မပျက်စေဖို့တော့
ငါမျှော်လင့်တယ်" အိုကွမ်က လုံအိုထျန်းကို
လေးလေးနက်နက် ကြည့်လိုက်သည်။

လုံအိုထျန်းလည်း အနည်းငယ် တုန်လှုပ်သွား၏။

သူ လက်လျှော့လိုက်လျှင် အိုကွမ်က သူ့ကို

အလွတ်ပေးမည် မဟုတ်ပေ။

'ဟမ်၊ ငါအခွင့်အရေးရရင် ကျွင်းရှောင်ယောက်
ဒါမှမဟုတ် အိုကွမ်ပဲဖြစ်ဖြစ်၊ ငါ့အပေါ်မှာ ဘယ်သူမှ
ရပ်တည်နိုင်မှာ မဟုတ်ဘူး'
လုံအိုထျန်းက တစ်ယောက်တည်း တွေးလိုက်သည်။

သူက ကောင်းကင်ကံကြမ္မာ၏
အဓိကဇာတ်ကောင်အဖြစ် မွေးဖွားလာသူ
ဖြစ်ပေသည်။

သူသာလျှင် သူတပါး၏ဦးခေါင်းကို နင်းနိုင်သည်၊
သူတစ်ပါးက သူ့ဦးခေါင်းကို မနင်းစေနိုင်ပေ။

လုံအိုထျန်းမှ သဘောတူသောအခါ အိုကွမ်လည်း
၎င်းတို့အဖွဲ့ကို နဂါးမျိုးနွယ်၏ နက်ရှိုင်းသောနေရာသို့

ဦးဆောင်သွားခဲ့သည်။

အဝေးမှ လှမ်းကြည့်လိုက်လျှင် လေထဲက
ကျွန်းတစ်ကျွန်းကို မြင်တွေ့ရနိုင်သည်။

ကျွန်းပေါ်မှာတော့ ဂူတစ်ခု ရှိပေသည်။

"ဒါက နဂါးမျိုးနွယ်ရဲ့ ရှေးနဂါးဂူရဲ့ အခွင့်အလမ်းပဲ။
ငါကိုယ်တိုင်လည်း အရင်က ဝင်ဖူးပေမယ့်
အနက်ရှိုင်းဆုံးနေရာကို ရောက်ဖို့ကတော့ ခက်ခဲတယ်"

"ဒါပေမယ့် မင်း ဝင်လိုက်တာနဲ့
သေဆုံးနိုင်ခြေရှိတယ်ဆိုတာကိုလည်း
ငါသတိပေးထားမယ်။ အနက်ရှိုင်းဆုံးအပိုင်းကတော့
သေဖို့ရာနှုန်းပြည့်နီးပါး ရှိနေတယ်"

အိုကွမ်က သတိပေးလိုက်သည်။

ယင်းကိုကြားတော့ အိုလွမ် အနည်းငယ် ထိတ်လန့်သွား၏။

"သခင်လေးလုံ၊ ကိုယ့်ကိုကိုယ် အတင်းအကြပ်မလုပ်ပါနဲ့"

"စိတ်ချပါ"

လုံအိုထျန်း၏ မျက်လုံးများက တောက်ပစွာ လင်းလက်နေသည်။

မစွန့်စားဘဲ ဘာမျှမရနိုင်ပေ။

သူကြောက်နေလျှင်၊ လုံအိုထျန်း ဖြစ်လာနိုင်မှာ မဟုတ်ပေ။

'ကျွင်းရှောင်ယောက်၊ မင်းငါ့ကိုစောင့်နေ။
ငါလုံအိုထျန်းက မင်းကို အမြဲရှုံးမှာမဟုတ်ဘူး'

လုံအိုထျန်းဟာ စိတ်ထဲမှ အေးစက်စက်ဖြင့် ပြောလိုက်သည်။ ထို့နောက်မှာတော့ ကောင်းကင်သို့ ပျံတက်လာကာ မဆိုင်းမတွဘဲ ရှေးနဂါးဂူထဲသို့ ဝင်သွားလေတော့သည်။

"အကိုဝမ်းကွဲ၊ သူ့အဆင်ပြေပါ့မလား"

အိုလွမ်က စိုးရိမ်တကြီး မေးသည်။

"ဒါက သူ့ကံပေါ်မှာပဲ မူတည်လိမ့်မယ်။ သူ့အတွက် ကောင်းတဲ့အရာတွေကို သိပြီး အနက်ရှိုင်းဆုံးအပိုင်းကို အရောက်မသွားဘဲနေမယ်လို့ မျှော်လင့်ပါတယ်"

အိုကွမ်လည်း ခေါင်းခါယမ်းလိုက်သည်။

အနက်ရှိုင်းဆုံးအပိုင်းတွင်၊ သူ၏ ကောင်းကင်နတ်ဘုရားနယ်ပယ် ကျင့်ကြံခြင်းဖြင့်ပင် ရှင်သန်ရန် အခွင့်အလမ်းမရှိပေ။

လုံအိုထျန်းက နှောင်းပိုင်း အစစ်အမှန် နတ်ဘုရားတစ်ပါးသာ ဖြစ်သည်။
အနက်ရှိုင်းဆုံးနေရာကို ရောက်သွားပါက သေရမည်မှာ အသေချာပင်။

အိုလွမ်၏ စိုးရိမ်ပူပန်မှုများနှင့် ယှဉ်လျှင် ပိုင်မေအာကတော့ လုံအိုထျန်းကို ရှေးဟောင်းနဂါးဂူမှာ သေဆုံးရလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။

ထိုအခြေအနေမျိုးတွင် ကျွင်းရှောင်ယောက်အတွက်

ပြဿနာတစ်ခု နည်းသွားပါလိမ့်မည်။

လုံအိုထျန်းကတော့ သူ့ကိုယ်ပိုင်အခွင့်အလမ်းကို စတင်ရှာဖွေခဲ့သည်။ ကျွင်းရှောင်ယောက်ကို လက်စားချေပြီး တစ်ကျော့ပြန် နိုးထချင်ပေသည်။

............

ရှန်းကုကမ္ဘာ၏အခြားဒေသတွင်...

တာအိုတေးသွားများနှင့် ဝိညာဉ်ချီများ ပြည့်နှက်နေသော ဝိညာဉ်တောင်တန်းတစ်ခု ရှိနေသည်။

ဝိညာဉ်တောင်ထိပ်မှာတော့

လေဟုန်ကိုစီးမျောနေဟန်တူသော မိန်းမပျိုတစ်ဦး ထိုင်လျက်ရှိပေသည်။

သူမတစ်ကိုယ်လုံးက အပြစ်အနာအဆာကင်းပြီး နတ်သမီးတစ်ပါးကဲ့သို့ပင် ဖြစ်နေသည်။ သူမ၏ ကျောက်စိမ်းနှင့်တူသော ခန္ဓာကိုယ်သည် အရပ်ရှည်ရှည်နှင့် သွယ်လျမှုရှိသည်။

သူမ၏ အနက်ရောင်ဆံပင်များကမူ သူမ၏ တင်ပါးပေါ်သို့ တွဲကျနေသော ရေတံခွန်များအလား။

သူမ၏ မသေမျိုး မျက်နှာကလည်း ဖြူဥနေကာ အလွန်ကြည်လင်လှပေသည်။ သူမသည် ကမ္ဘာခြားမှ အလှတရားများဖြင့် အလွန်လှပနေခဲ့သည်။

သူမ ခန္ဓာကိုယ်မှ ဖုန်မှုန့်များကင်းစင်သော

ကမ္ဘာပေါ်တွင် တစ်ယောက်တည်းရပ်တည်နေသည့် နှင်းကြာပန်းကဲ့သို့ တာအို စည်းချက်တစ်ခုလည်း ထွက်ပေါ်နေပြန်သည်။

ထိုမိန်းကလေးသည်ကား ကျန်းစန်းယီပင် ဖြစ်ချေသည်။

ထိုအချိန်တွင် သူမ၏ ကြည်လင်သော မျက်လုံးများက ပြန်ပွင့်လာပြီး ရေရွတ်လိုက်သည်။

"ဒီနေရာရဲ့ တာအိုတေးသွားတွေက တကယ်ကို အကျိုးရှိပတယ်"

ထိုအချိန်တွင် ကျန်းစန်းယီက တစ်ခုခုကို ခံစားလိုက်ရပုံရသည်။ အဝေးကို လှမ်းကြည့်ရင်း လှပသော သူ့မျက်လုံးများမှာ အေးစက်သွားခဲ့၏။

"ထွက်လာခဲ့"

"ဟားဟားဟား၊ ကျုပ်က နတ်သမီးရဲ့ လေ့ကျင့်မှုကို မနှောင့်ယှက်ချင်ပါဘူး"

အဝေးမှ ကောင်းကင်ပြင်တွင် ပုံရိပ်တစ်ခု ပေါ်လာသည်။

၎င်းက အရပ်ရှည်ပြီး ချောမောသည့် နဂါးတစ်ကောင်၊ ဖီးနစ်တစ်ကောင်၏ ရုပ်သွင်ရှိသော လူငယ်တစ်ဦးဖြစ်သည်။

သူ၏အရေပြားသည် ကျောက်စိမ်းနှင့်တူပြီး နတ်အလင်းရောင်များကလည်း ထွက်ပေါ်နေကာ သူ့တစ်ကိုယ်လုံးကို ကောင်းကင်တာအိုမှ ကာကွယ်ပေးထားပုံရသည်။

သူ့ကို နတ်သားရဲလေးကောင်ကလည်း ဝိုင်းရံထား၏။

၎င်းက အစစ်အမှန်နဂါး၊ ဖီးနစ်၊ ချီလင်နှင့် လိပ်နက်တို့ပင် ဖြစ်ချေသည်။

ပတ်ဝန်းကျင်ရှိ သဘာဝစွမ်းအင်များပင် သူ့ကြောင့် အနှောင့်အယှက် ဖြစ်ခဲ့ရသည်။

ကောင်းကင်ဧကရာဇ် ဆင်းသက်လာသကဲ့သို့ သူ့တစ်ကိုယ်လုံးကို အဆုံးမဲ့အလင်းရောင်ဖြင့် ဖုံးလွှမ်းထားခဲ့ပေသည်။

၎င်းမှာ ဝမ့်မိသားစု၏ ဧကရာဇ်ငယ်၊ ဝမ့်ထန့်ပင် ဖြစ်သည်။

"ဝမ့်ထန့်၊ ရှင်ဒီကို ဘာလာလုပ်နေတာလဲ"

ထိုလူကို မြင်လိုက်ရတော့ ကျန်းစန်းယီ၏ အမူအရာမှာ ရေခဲကဲ့သို့ အေးစက်သွားခဲ့သည်။

သူမခန္ဓာကိုယ်မှ စွမ်းအင်များလည်း
စိမ့်ထွက်လာခဲ့၏။

"ကျန်းစန်းယီ၊ မင်းငါ့ကို အပြင်လူလို ဆက်ဆံနေစရာ
မလိုပါဘူး။ ငါ မင်းအပေါ်မှာ ရန်ငြိုးရန်စလည်း
မရှိဘူး"

ဝမ့်ထန့်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး လေထဲတွင်
ရပ်နေသည်။ သူ့နှုတ်ခမ်းများကတော့
နူးညံ့သည့်အပြုံးတစ်ခုကို ဆင်မြန်းထားပေသည်။

ဝမ့်ထန့်က တကယ်ကို ကြီးမြတ်သူဟု ဝန်ခံရပေမည်။
သူ၏ စိတ်နေစိတ်ထားက ထူးထူးခြားခြားဖြစ်ပြီး
လူတိုင်းကို အနိုင်ယူနိုင်သည်။

သို့သော်လည်း ကျန်းစန်းယီက ဂရုမစိုက်ဘဲ
သူ့အမူအရာမှာ ပြောင်းလဲမှုမရှိပေ။

"ကျွန်မက ရှင်နဲ့ ဘာပတ်သက်မှုမှ မရှိဘူး၊ ရှင့်ကို ပြောစရာစကားလည်း မရှိဘူး"

ကျန်းစန်းယီ၏ လေသံက အေးစက်သွားသည်။

အကယ်၍ ဝမ့်မိသားစုမှ လက်ထပ်ခွင့်တောင်းခြင်း မပြုခဲ့ပါက ကျွင်းရှောင်ယောက်ဟာ ထာဝရသင်္ချိုင်းမြေသို့ ဝင်ရောက်ရန် စွန့်စားရမည်မဟုတ်ပေ။

ထို့အတွက် ကျန်းစန်းယီဟာ ဝမ့်ထန့်နှင့် ဝမ့်မိသားစုအပေါ် ကောင်းသောအမြင် မရှိပါ။ ယင်းအစား သူမဟာ အလွန်ရွံရှာပြီး ရန်လိုနေခဲ့သည်။

"ဟင်း၊ ဘယ်လောက်တောင် စိတ်မကောင်းစရာကောင်းလိုက်ပါလိမ့်၊ ဒါပေမဲ့ မင်း

ဒါကို လိုအပ်မှာ သေချာတယ် မဟုတ်လား"

ဝမ့်ထန့်က စကားပြောနေစဉ်တွင် ထူးခြားသော တာအိုတေးသွားများကို ထုတ်လွှတ်နေသည့် ကျောက်စိမ်းစလစ်တစ်ခုကို ထုတ်ယူလိုက်သည်။

“ဒါက…”

ကျန်းစန်းယီ၏ မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားခဲ့သည်။

--------

အခန်း ( ၄၃၅ ) ပြီးပါပြီ။